
www.burmeseclassic.com

# ဆုလေးနွယ်

ရန်ကုန်တက္ကသိုလ်

မာနစုတ်ချက်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ♦ ၁၁၅၅/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ♦ ၁၀၄၁/၂၀၀၂ (၁၂)

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ-၅၀၀
တန်ဖိုး-၃၈/-


ပုံနှိပ်သူ
ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇-လမ်း၊ မင်္ဂလာတောင်ညွန့်။

ထုတ်ဝေသူ
ဦးတင့်လွင်(ခ)သော်က၊ သော်ကစာပေ
အမှတ် (၆၀၅)၊ သုမ္မောလမ်း၊ မြောက်ဥက္ကလာပ
ရန်ကုန်မြို့။

BURMESE CLASSIC

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

# မှင်စုတ်ချက်



စိုးမိုး စာပေ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တို့နှစ်ဦးရဲ့ ဘဝဟာ ...
လှပတဲ့ပန်းချီကား တစ်ချပ်ဆိုရင် ...
အဲဒီပန်းချီကားဟာ ...
မှန်စုတ်ချက်တွေကြောင့်သာ ...
သက်ဝင်ပြည့်စုံခဲ့တာပဲ ဖြစ်လိမ့်မယ်။

ပြာလဲ့လဲ့ မီးရောင်ဖျော့ဖျော့မှာ ကော်ဖီဆိုင်လေးက အခါတိုင်းလိုပဲ ငြိမ်းချမ်းပြီး ချစ်စရာကောင်းနေပါသည်။

ဆောင်းဘောက်စ်အငယ်စားလေးမှ တိုးတိုးငြိမ့်ငြိမ့် ထွက်ပေါ်နေသော မြူးဇစ်သံလေးက လုံ့ဝမရှုည်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောင့်အယှက် မပေး။

နားထောင်ကောင်းရုံလေး အေးမြွှေတ်ပျံ့ဖွယ်ပါ။

ကော်ဖီအမျိုးအစား စုံလင်လှသော ဤဆိုင်လေးသို့ ချစ်သူကို မကြာခဏလိုက်ပို့ရင်း ပိုင်ညှ ရောက်ဖြစ်ခဲ့တာဖြစ်သည်။

သူကိုယ်တိုင်ကမူ ကော်ဖီအကြိုက်ကြီး မဟုတ်လှပါ။

ကော်ဖီကို တကယ်တမ်း စွဲလမ်းနှစ်ခြိုက်သူက ပန်းရွှေကြာပါ။

သည်လိုညချမ်းလေးမှာ ပန်းရွှေကြာနှင့်အတူတူ ထိုင်ခဲ့ဖူးသော ဒီဆိုင်ကို သူဘာကြောင့် ရောက်လာမိခဲ့သလဲ။

စာအုပ်မျိုးစုံ အစီအရီတင်ထားသော နှစ်ထပ်တွန်းလှည်းလေးက သူနှင့် မနီးမဝေးမှာရှိပေမယ့် ဘာစာအုပ်ကိုမှ ဆွဲယူမကြည့်မိအောင် ပိုင်ညှစိတ်တွေ လေး



လံထိုင်း မှိုင်းနေသည်။

ခုတလောမှာ သီချင်းလည်း အေးအေးသေးသေး နားမထောင်ဖြစ်။ စာအုပ်လည်း မဖတ်ဖြစ်။ တကယ်ကို ဘာဆိုဘာမှ စိတ်မဝင်စားနိုင်အောင် ဖြစ်နေမိတာ။

မင်း ရက်စက်တယ် ရွှေကြာရယ်။

နှလုံးသားမှာ ခံစားရလွန်း၍ နာကျဉ်ဆွေးနင့်နေသည်။

ယောကျ်ားတန်မဲ့ စဉ်းစားလိုက်တိုင်း မျက်ရည်ဝိုင်းချင်သည်။

ကော်ဖီခွက်ကို ချကာ ခပ်ငေါင်ငေါင်ငေးမောနေမိသည်။

ရှေ့ဆက်ရမယ့် ဘဝရဲ့ အဓိပ္ပါယ်က ဘာလဲ..သူမသေချာ။

ရင်ခုန်သာယာခြင်းနှင့် ပျော်ရွှင်ချမ်းမြေ့မှုတွေ အကုန်လုံးကို ရွှေကြာ သူ့ထံမှ မညှာမတာ ဆောင်ယူ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ပြီ။

လစ်ဟာဟာ ကျန်ရစ်ခဲ့သော ရင်မှာဘာမှမရှိ ဟော့သလိုပဲ ထင်မိသည်။

ဘဝရဲ့ ရှင်သန်မှုတွေ စွမ်းအားတွေကို ရွှေကြာ ပေးခဲ့တာမှန်း ပိုင်ည ခုမှ သဘောပေါက်သည်။

ရွှေကြာအနားမှာ မရှိသောအခါ သူ့ဘဝဟာ စိုပြေမှု ကင်းမဲ့သွားရသည်။

အရင်တုန်းကဆိုရင် သူတို့စုံတွဲလေးကို လူ တကာ ငေးကြည့်သဘောကျကြတာ။

အရပ်မြင့်မြင့်နှင့် ပြေပြစ်သွယ်လျသော ခန္ဓာ ကိုယ်မှာ ကျောပြင်တစ်ခုလုံး ဆံပင်ရှည်ရှည်တို့ဖြင့် ဖုံးလွှမ်း ကာ ရွှေကြာ့ခြေလှမ်းတိုင်းမှာ ထိုဆံနွယ်တို့က ပိုးသား မှုင်များလို ဘယ်ညာယိမ်းနွဲ့ ကခုန်သွားတတ်တာမို့ လမ်း လျှောက်ရုံနှင့် ကဗျာတစ်ပုဒ်ဖန်တီးနိုင်သော ချစ်သူလေးကို သူ ဘယ်လို မေ့ရမလဲ။



ရွှေကြာ့ အသားအရေက ဖြူဖွေးနေရုံမက ရွှေ ရောင်မွှေးညှင်းနုနုလေးတို့ပင် ယှက်သန်းနေတာ။

နဖူးထက်က ကကြိုးပုံ ဆံပင်လေးနှင့် ဆန်း ကြယ်သော မျက်နှာသွယ်သွယ်လေးကို ပိုင်ည အာရုံထဲ ဖျောက် မရ။

ကိုယ်တို့ သိပ်ချစ်ခဲ့ဖူးတယ်လေ ..... ရွှေကြာ ရယ် ..။

ဒါတွေအားလုံး မင်းတကယ်ပဲမေ့ပစ်လိုက်ပြီလား။

ချစ်သူသက်တမ်း နှစ်နှစ်ကျော် သုံးနှစ်ဆိုတာ သံယောဇဉ် ခိုင်မာဖို့အတွက် အချိန်မနည်းလှပါဘူးကွာ။

မင်း ဘာကြောင့် ဒီလောက် ပြတ်သားရက်စက် နိုင်တာလဲ။

ဘာကြောင့် ချက်ချင်းကြီး ဥပေက္ခာပြုနိုင်ရတာ လဲ။

သက်ပြင်းတချချနှင့် ခေါင်းယမ်းမိမလို ရှိပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီဆိုင်ထဲမှာပဲ ဆိုတာ သတိဝင်သည်။

ပိုင်ညစိတ်တွေက အဝေးကို လွင့်မျှောနေသည်။

အနီးအနားက စားပွဲတွေကိုလည်း သူ သေချာ မကြည့်မိ။

သူ့နှလုံးသားက ရွှေကြာ့ကိုသာ ပြင်းပြင်းပြပြ လွမ်းဆွတ်တမ်းတနေမိသည်။

မကြာသေးသောအချိန် ကာလတစ်ခုကပင် ရွှေကြာနှင့်အတူ ဒီဆိုင်လေးမှာ အကြာကြီး ထိုင်ခဲ့ဖူးသေးတာပဲ။

ထိုစဉ်တုန်းက သူ့နားကပ်နေသော ရွှေကြာပုခုံးစွန်းလေးကို ဖက်ကာ ကြည်နူးစွာ ရယ်ခဲ့ဖူးတာ အမှတ်ရသည်။

အခုတော့ ထိုကြည်နူးမှုတွေ ဘယ်ဆီရောက်ကုန် မှန်းမသိ။ ဆိတ်သုဉ်းကုန်လေပြီ။

မှုသော နွဲ့သော ချိုချိုအီအီစကားသံလေးတို့



ပျောက်ကွယ် တိတ်ဆိတ်ခဲ့ပြီ။

ရွှေကြာရဲ့ စကားသံတိုးတိုးဖွဖွလေးက အလွန်နားထောင်ကောင်းတာမို့ နားထဲစွဲကျန်ရစ်ခဲ့တာ ကိုယ်မှားသလား။

အခုထက်ထိ ချစ်နေ၊ လွမ်းနေမိတာ ကိုယ့်မှာ အပြစ်ရှိသလား။

မင်းပဲပြောပါ ... မင်းပဲပြောစမ်းပါ။

မျက်နှာချင်းဆိုင် တည့်တည့်မတ်မတ် စိုက်ကြည့်ပြီး မေးလိုက်ချင်သည်။

မေးချင်တဲ့ မေးခွန်းများစွာက သူ့နှလုံးသားကို နှိပ်စက်မောပန်းစေသည်။

ပိုပြီး ဆိုးရွားစေတာကတော့ ပိုင်ညက ဒီလိုလွမ်းဆွတ်ကြေကွဲနေချိန်မှာ ရွှေကြာကတော့ ချစ်သူအသစ်နှင့် ပျော်ရွှင်ကြည်နူးနေလောက်သည်။

ချစ်သူ အဟောင်းဘက် တစ်ချက်ကလေးမှပင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ငုံမကြည့်ခဲ့ပါ။

ဩော် ... တကယ်တော့ သူက ချစ်သူ အဟောင်းပင် ဖြစ်ခဲ့ပြီ။

တစ်ခဏလေးမှာ ပြောင်းလဲသွားတဲ့ ရွှေကြာ။

သူ့ကို ဘယ်အချိန်ကများ လက်တွဲဖြုတ်ချန်ရစ်ခဲ့ဖို့ စိတ်ကူးကြံစည်သလဲ သူမသိလိုက်ပါ။

ပိုင်ညကတော့ မင်းအပေါ် အဖြူစင်ဆုံး အရိုးသားဆုံး ချစ်ခဲ့ပါတယ်။

ကိုယ်လိုလူမှာ ဘာမှ မက်မောစရာမရှိဘူးဆိုရင်တောင် သန့်စင်မွန်မြတ်တဲ့ အချစ်ကိုတော့ မင်းမစော်ကားသင့်ပါဘူး ရွှေကြာရယ်။

တန်ဖိုး မထားမှန်း သိလည်းပဲ ရင်ထဲက အချစ်က ပြောင်းလဲမသွားတာ ထူးဆန်းသည်။

အသည်းထဲ အူထဲမှာ တစ်လှိုက်လှိုက်နင့် ရွှေကြာ အပေါ် ချစ်တဲ့အချစ်တွေက ရှိနေဆဲပါပဲ။



ဒီအချစ်တွေကို ဘယ်မှာများ သွားရောက်လွှင့်ပစ်လိုက်ရမလဲ။ မဖြစ်နိုင်ဘူး ရွှေကြာရယ် ...။

ကိုယ် ဘယ်လိုနေရမလဲ၊ မင်းဆုံးဖြတ်ချက်ဟာ တရားမျှတမှု ရှိရဲ့လား ပြန်စဉ်းစားကြည့်သင့်ပါတယ်။

ကိုယ့်အသည်းကို အစိမ်းသက်သက် ခွဲခဲ့သူကိုမှ ဘာကြောင့် အရှုံးအမှုး တမ်းတမိတာလဲ။

သူကိုယ်သူ မကျေနပ်လဲ ဖြစ်လာသည်။

အရှုံးတစ်ခုကို ခေါင်းငုံ့ခံယူလိုက်ရမလား။

ဒါမှ မဟုတ် ဘာလုပ်ရမလဲ။

တခြား တစ်ယောက်ကို ပြောင်ပြောင်တင်းတင်း ရွေးချယ်သွားတဲ့ ချစ်သူကို ကိုယ်ဘယ်လို တုံ့ပြန်ရပါမလဲ။

သေချာတာတစ်ခုကတော့ ပိုင်ညရင်မှာ အမုန်းတွေ မရှိတာပဲ။ ဒေါသဖြစ်ပေမယ့် နာကြည်းပေမယ့် မုန်းလို့ကဖြင့် မရပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . စိတ်နာခြင်း၊ ရှက်ခြင်းတို့နှင့်အတူ ရင်ထဲမှာ အချစ်တွေက ရှိနေသေးသည်။

ပြင်းပြသော စွဲလမ်းစိတ်တို့ကို သူ ဘယ်လိုမှ မချိုးနှိမ်နိုင်ခဲ့။

သူ့နံဘေးမှာ ရွှေကြာရှိနေသလို ထင်ယောင်ထင် မှား ဖြစ်နေမိဆဲ။

စိတ်ထဲက စကားတွေ ခါတိုင်းလို တတွတ်တွတ် ပြောချင်နေမိဆဲ။

ဘာမဆို တိုင်ပင်အကြံဉာဏ်ယူနေကျမို့ အခု လည်း အရင်လိုပဲ ဖွင့်ပြောပြချင်သည်။

ဒီအချိန်မှာ ရွှေကြာက သူ့အပေါ် ခံစားနားလည် မျှဝေပေးနိုင်မှာတဲ့လား။

တကယ်တော့ အရင်က ချစ်ဖူးခဲ့တဲ့ အကြောင်း အရာအားလုံးဟာ တစ်နေရာမှာ ကျန်ရစ်ခဲ့ပြီမို့ သူမ ဘက်က ပြန်လှည့်ကြည့်မှာ မဟုတ်တော့ပါ။



ကိုယ် မင်းအပေါ် ဘာချွတ်ယွင်းခဲ့သလဲ။ ဘာလို အပ်ခဲ့သလဲ။ ဘာတွေများ အမှတ်မထင် မှားယွင်းခဲ့ဖူး သလဲ။ ကိုယ့်ဘက်က ဘာတစ်ခုမှ မမှားခဲ့ပဲ သူမက ဘာ ကြောင့် စွန့်ခွါရက်စက်ခဲ့သလဲ။

နောက်မှ ပေါ်လာတဲ့ နေရှင်ဆိုတဲ့ လူတစ် ယောက်ကြောင့်လား . . .။

တောက် . . အဲဒီလူကို မျက်စိရှေ့မြင်ရရင် သွား ပြီး ဆွဲမထိုးဘူးလို့ မပြောနိုင်။

မကျေနပ်မှုတွေက ရင်ထဲမှာ တောက်လောင် ဆူဝေနေသည်။

ရွှေကြာကို လက်လွှတ်ဆုံးရှုံးဖို့ ဖြစ်လာရတာ ဒီ ကောင့်ကြောင့် . . .။

သူသည် တစ်ဖက်လူထံ အပြစ်အားလုံး သွားပုံချ မိပြန်သည်။ အမှန်တော့ ရွှေကြာကိုယ်တိုင် သစ္စာမဲ့သွား တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ညသည် ကိုယ့်စိတ်ကိုယ် လျှော့ကာ ခံနိုင်ရည် ရှိဖို့ ပြင်ဆင်နေမိသည်။

လောကကြီးမှာ လူတိုင်းလူတိုင်းဟာ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်နေရတာချည်းတော့ မဟုတ်ပါဘူးလေ။

မဆုံစည်းခဲ့ကြတဲ့ ချစ်သူတွေလည်း အများကြီးပဲ ရှိမှာပါ။

သက်ပြင်းတချချနှင့် ပိုင်ညဖြေသိမ့်နေမိသည်။

သူ့စိတ်က နဂိုနေ အေးချမ်းသူမို့ ပြဿနာလည်း မဖြစ်ချင်။

ရွှေကြာနှင့် ချစ်သူဖြစ်ခွင့်ရတုန်း အချိန်ကလည်း စိတ်ဆိုး ရန်ဖြစ်တာမျိုး မရှိခဲ့။

ရွှေကြာစိတ်ကောက်လျှင်ပင် သူ တစ်ခဏနှင့် အလျှော့ပေး ချော့မော့လိုက်စမြဲပါ။

ပိုင်ညက ပြေလည်ငြိမ်းချမ်း လိုသူသာဖြစ်သည်။

ကိုယ် အနိုင်ရမှရယ်လို့ လောဘကြီးသူ မဟုတ်။



ဒီလို အလျှော့ပေး အလိုလိုက်ခဲ့သူမို့လည်း ရွှေကြာက ကိုယ့်အချစ်ကို တန်ဖိုးမထား။ စော်ကား ရက်စက်ခဲ့တာလည်း ဖြစ်နိုင်ပါသည်။

ပိုင်ညသည် ရှည်လျားသော အတွေးများကို ရပ်တန့်ကာ အေးစက်နေသော ကော်ဖီကို တစ်ကျိုက်မော့သောက်လိုက်သည်။ ခါးသက်သော အရသာက လျှာမှာ စွဲသွား၏။

ထိုအခိုက်မှာပင် မှန်တံခါးကို တွန်းဖွင့်လျက် မိန်းကလေးတစ်ယောက် သူ့စားပွဲရှေ့မှ ဖြတ်လျှောက်သွားသည်။

ဆံနွယ်တွေက ဖွာဖွာချွန်ချွန်နှင့် မျက်နှာမှာတော့ ဘာမှ ထူးထူးခြားခြား လိမ်းခြယ်မထား။

ရှပ်အင်္ကျီပုံစံ အင်္ကျီဖြူလေးနှင့် စကဒ်အဖြူပွင့်လေးကို ဝတ်ထားသည်။

လက်ထဲမှာ ကားသော့ဖြစ်ဟန်တူသော သော့

www.burmeseclassic.com

www.burmeseclassic.com



ချိတ်လေးတစ်ခုကို လှည့်ပတ်ဆော့ကစားရင်း သူ့ဘက်ကို ပင် မျက်ခုံးရှုံ့ရှုံ့နှင့် တစ်ချက်ကြည့်သွားသေးသည်။

သို့သော် ပိုင်ညကို ဂရုတစိုက်မြင်ပုံ မပေါ်။ သာမန်ကာ လျှံကာ ဝေ့ဝဲကြည့်သွားခြင်းမျိုးသာ ဖြစ်သည်။

သူ့နံဘေးက စားပွဲလွတ်မှာပဲ သွားထိုင်သည်။

ပြီးတော့ (Blue Mountain) ဘလူးမောင်းတိန်း ကော်ဖီတစ်ခွက်မှာသောက်၏။

သူမ မျက်နှာထားကို ကြည့်ရသည်မှာ ရွှင်ရွှင်ပျပျမရှိသည့် အပြင် တင်းမာအေးစက်နေသည်ဟု ထင်မိသည်။

လှပုံစံလေးက အသားဖြူဖြူ သေးသေးသွယ်သွယ်နှင့် နှုတ်ခမ်းချွန်လေးကို ပိုင်ဆိုင်သည်။

ဩော်.. တော်ရဲ့ မိန်းကလေးဟာ ရွှေကြာအလှကို မမှီတာ့ အမှန်ပဲလေဟု ပိုင်ည တွေးမိပြန်သည်။

မိန်းကလေးများစွာ ယှဉ်ရပ်နေပါစေဦး ရွှေကြာ



ရဲ့ အလှအပမျိုးက ထင်းခနဲ မြင်သာသည် မဟုတ်ပါလား။

ကိုယ့်ကိုလည်း လှရှာမက်တယ်ပဲ ပြောပြောရွှေကြာ့လို လှတာလေးပဲ လိုချင်ပါသည်။

တော်ရုံတန်ရုံ သာမန်ရုပ်ရည်မျိုးကို ပိုင်ညနှလုံးသားက မလှုပ်ရှားတော့တာဟာလည်း ချစ်သူ့သုလှလေးကို တွေ့ခွင့်ရခဲ့ဖူးလို့များလား မသိတော့ပါ။

ပိုင်ညက ခပ်တင်းတင်း ဟန်ပန်လေးဆီမှ အကြည့်လွှဲကာ ကော်ဖီလက်ကျန်ကို ဆက်သောက်သည်။

ပြီးလျှင် သူ စီးကရက်သောက်ချင် မိသေး၏။

သို့သော် ဆိုင်တွင်းမှာ စီးကရက်သောက်ခွင့်မရှိ တာမို့ သူကြာကြာ ဆက်ထိုင်ဖို့ စိတ်မကူးတော့။

ပိုက်ဆံရှင်းပြီးတော့ သူ မတ်တတ်ရပ်တော့မည့်အချိန်မှာ မထင်မှတ်သော အဖြစ်အပျက်တစ်ခု စတင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာသည်။

သီးသန့်ခန်းလေးထဲက လက်ချင်းချိတ်ကာ ရယ်ရယ်မောမော ထွက်လာတဲ့ စုံတွဲကို မြင်တော့ ပိုင်ညကိုယ်ကြီး မတ်သွားရကာ အံ့အားတသင့် ကြက်သေသေသွား[illegible]၏။

ဩော် .. သူတို့လည်း ဒီဆိုင်မှာပဲ ရှိနေကြတာကိုး။

ကိုယ်က လွမ်းဆွတ်လို့ လာထိုင်မိချိန်မှာ ရွှေကြာက သူလူအသစ်နှင့် ဒီကိုပဲ လာသတဲ့လား။

ဒီလောက်ပဲ တိုက်ဆိုင်ရသလားကွာ။

ရွှေကြာက ပိုင်ညကိုမြင်တော့ မျက်နှာလေး တစ်ချက်ကွက်ခနဲ ပျက်သွားသည်။

ပြီးတော့ ချက်ချင်းလိုပင် ဘာမှမဖြစ်သယောင်ဆောင်ကာ ခပ်အေးအေးပင် အကြည့်လွှဲလိုက်လေသည်။

ပိုင်ည နှလုံးသားတွေက ပေါက်ကွဲလွင့်စင်သွားသလိုခံစားရသည်။



အသက်ရှုဖို့ မေ့နေသလိုပင်။

ပြီးမှ အံကိုတင်းတင်းကြိတ်လျက် လက်သီးဆုပ်လိုက်မိသည်။

ထိုအချိန်မှာပင် လုံးဝမထင်မှတ်ဘဲ သူ့နံဘေးစားပွဲက ကောင်မလေးက မြူနီးဆို ထရပ်ပြီး မထိမဲ့မြင်သောအပြုံးနှင့် ရှေ့တိုးကာ –

"ဩော် ...ဦးနေရှင်တို့ပါလား။ ကော်ဖီလာသောက်တယ်ထင်တယ်"

သူမရဲ့ စကားသံမှာ သရော်တော်တော်နှင့် ရိုးရိုးသားသား နှုတ်ဆက်ပုံမရ။

ပိုင်ညလည်း အငေးသားကြည့်နေမိသည်။

နေရှင်ဆိုသော လူက ထိုကောင်မလေးကို စေ့စေ့ကြည့်ကာ မျက်နှာထားတင်းတင်းနှင့် ဘာမှပြန်မပြောဘဲ ရှေ့ဆက်လို့ ဆိုင်ပြင်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကောင်မလေးထံက တောက်ခေါက်သံတစ်ချက် ပေါ်လာပြီးနောက် စားပွဲပေါ်က ကားသော့ကို အသံမြည်အောင် ဒေါသတကြီး ကောက်ယူလိုက်သည်။

ပြီးလျှင် ချုံမြင့်ဖိနပ်စီးထားသော ခြေသံပြင်းပြင်းတို့ဖြင့် ရွှေကြာတို့ စုံတွဲနောက်က လိုက်သွားလေသည်။

ဘာကိုမှန်း မသိ ပိုင်ညူ စိတ်ပူသွားသည်။

သူလည်း ကမန်းကတန်းပင် မှန်တံခါးချပ်ရဲ့ အပြင်ဘက်ကို ရောက်လာမိသည်။

"ဒီမှာ ... ဦးနေရှင် .. ခဏနေဦး"

နေရှင်က ရွှေကြာဘက် ကြည့်သည်။

ရွှေကြာက ကားထဲ ဝင်ထိုင်ပြီးနေပြီမို့ သူလည်း ခပ်မြန်မြန်ပဲ မောင်းသူနေရာ ဝင်ထိုင်လိုက်၏။

သူ့နာမည်ကို ခေါ်သံကြားပေမယ့် မကြားသလိုပင် ဟန်မပျက်။



မပြောနိုင်ဘူးလေ။

သူ့ကို ကောင်မလေးက လူကြားထဲ ပြဿနာမရှာဘူးလို့ အာမ မခံနိုင်။

ဒီကောင်မလေးဟာ စိတ်ဆိုးပြီဆိုရင် မျက်စိထဲဘာမှ မမြင်တော့ဘဲ ကျားသစ်မလေး အလား ထင်ရတဲ့ဥစ္စာ။

ပုခုံးတစ်ချက်တွန့်ပြကာ စက်နှိုးပြီးကားကို ဝေါခနဲ ထွက်လာမိသည်။

ဟိုဘက်ကားဆီမှလည်း ဂျိုင်းခနဲ တံခါးပိတ်သံအကျယ်ကြီး ကြားရသည်။

"မောင်"

ရွှေကြာက စိုးရိမ်မကင်းသံလေးနှင့် ခေါ်သည်။

"မောင် .. အဲဒီတစ်ယောက် လိုက်လာရင်ရော"

"မသိဘူးကွာ ... မောင်သူနဲ့ စကားမပြောချင်တော့ဘူး။ ပြဿနာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အရင်ကောင်မလေးက ဖုန်းတဂွမ်ဂွမ်ဆက်ပြီး စကားပြောခွင့် တောင်းထားပေမယ့် နေရှင်က ထိုအခွင့် အရေးကို မပေးနိုင်တော့ပါ။

ပြတ်ပြီပဲ ... ဘာပြောစရာ လိုသလဲ။

နေရှင့်ဘက်က စတင် အဆက်အသွယ်ဖြတ်ခဲ့ သည်။

ဒါကို မကျေနပ်ဘူးဆိုတာတော့ ဘာမှမတတ် နိုင်။

ကိုယ်က ခုအချိန်မှာ ပန်းရွှေကြာက ခွဲ၍ ဘယ် သူမှ မချစ်နိုင်တော့ပါ။

အချစ်ဆိုတာကို ရွှေကြာနှင့်တွေ့မှပဲ ကြုံဖူးခံစား ဖူးသလို ကိုယ့်ဘာသာ ထင်မိသည်။

နေရှင်က ဘက်မှန်ထဲမှ ကြည့်သည်။

ရုပါဆလွန်း အဖြူလေးက သူ့နောက်ကို ဆောင့် ကြီးအောင့်ကြီး လိုက်လာပြီ .. ကြည့်စမ်း ...။



မျက်မှောင်ကုပ်နှင့် နေရှင် လန့်တော့လန့်သွား သည်။

ကြယ်ဖြူဟာ လူကလေးသေးပေမယ့် စိတ်ကြီး သည်။

မိုက်ရူးရဲ မဆန်ဘူးလို့ မပြောနိုင်။

"မောင်က .. သူနှုတ်ဆက်တာကို ပြန်ပြော လိုက်ရင် ပြီးရော"

"ဘယ်က နှုတ်ဆက်ရမှာလဲ၊ အဲဒါ ချဲလင်းလုပ် မယ့်ရုပ်ကွ၊ ကျွတ် ... သွားပတ်သက်မိတာကိုက မှား ပါတယ်"

နောက်က လိုက်လာပုံရသဖြင့် ရွှေကြာလည်း အံ့သြနေမိကာ စိတ်လည်းရှုပ်သွားရင်း ...

"ဘာမှန်းလဲ မသိဘူးကွာ၊ အောက်တန်းကျ တယ်"

မကျေမနပ် ရေရွတ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



အခုမှပဲ အေးအေးဆေးဆေးနှင့် ရန်မလုပ်တတ်သော ပိုင်ညရဲ့ တည်ငြိမ်မှုကိုလည်း လေးစားသွားမိသည်။

ဒါပေမယ့် ပိုင်ညလည်း ရွှေကြာကိုခွင့်လွှတ်မှာ မဟုတ်ပါဘူး။ သိပါတယ်။

သို့သော် သူ ခွင့်မလွှတ်ရော ကိုယ်ကဘာများ တတ်နိုင်သလဲ။

သူ့သဘောနှင့် သူပေါ့။

ရွှေကြာတို့ကတော့ လူ့ဘဝရတုန်း ခဏ ကိုယ်ချစ်တဲ့သူကို ရအောင်ချစ်မှာပဲ။

နေရှင်က အိမ်ထောင်ရှိနေတာမှ မဟုတ်တာ။

ချစ်သူရှိခဲ့ဖူးတာလေး တစ်ခုပဲဥစ္စာ။

မဆန်းလှပါဘူး နော်။

အဲဒီ မိန်းကလေးကသာ မောင့်အပေါ် မပြတ်နိုင်ဘဲ အဖြစ်သည်းနေတာ။

ကြယ်ဖြူသည် နှုတ်ခမ်းကိုဖိကိုက်ထားမိရင်း



ကား ကို တရကြမ်းမောင်းလာသည်။

စိတ်နာတယ်၊ ရှက်တယ်၊ ဒင်းကို အသေသတ်ပစ်ချင်မိသည်။

ချစ်သူဖြစ်ခဲ့ဖူးတယ်၊ ပြီးတော့ အကြောင်းမဲ့ ဖြတ်လိုက်တယ်။

သူစိမ်းတွေ ဖြစ်သွားတယ်။

အပြင်က ကြည့်တော့ ဒါဟာ ဖြစ်မှုလည်း မကြောက်ပါဘူး။ ဆန်းလည်း မဆန်းလှပါဘူး။

သို့ပေမယ့် ကြယ်ဖြူကိုတော့ သူဟာ အနုနည်းနှင့် ညှင်းပန်း သတ်ပစ်ခဲ့တာပဲပေါ့။ နှလုံးသားကို တစ်စစီ ကြေမွအောင် နာကျင်အောင် လုပ်ခဲ့တာပဲပေါ့။

နှလုံးသားတစ်ခုလုံး နာကျင်ကြေမွသွားတဲ့ မိန်းကလေးတစ်ယောက်ဆီမှာ ပျော်ရွှင်တက်ကြွမှုဆိုတာ ရှိဦးမှာလား။

ကိုယ်ချင်းမစာတတ်တဲ့ ရှင့်ကို ကျွန်မ တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပစ်ရမှ ကျေနပ်မယ် နေရှင်။

ကြယ်ဖြူကို သာမန်ကောင်မလေး ဆိုပြီး ရှင်လျှော့မတွက်လိုက်ပါနဲ့။

ကိုယ့်ကို တစ်ချက်လာရိုက်ရင် နှစ်ချက်ပြန်ရိုက်ပြီး တုံ့ပြန်တတ်တယ်၊ သိလား။ ကြယ်ဖြူသည် ဒေါသကို မထိန်းနိုင်၊ ဘယ်သူ့ကိုမှလည်း ဂရုမစိုက်နိုင်ပေ။

ထိုအချိန်မှာပဲ ကြယ်ဖြူကားရှေ့ကို ဆိုင်ကယ်တစ်စီး အလစ်ဝင်လာခဲ့သည်။

တမင်မျက်ခြည်ပြတ်အောင် လုပ်နေသလားတောင် ထင်ရ၏။

ရှေ့ကနေ ကန့်လန့်ကန့်လန့်နှင့် မဖယ်ပေးတော့ပေ။ ရှေ့ကနေ ပေါ်တင် နှောင့်ယှက်နေသည်။

"ကျွတ် ... ဘာလုပ်နေတာလဲ"

စိတ်တိုတိုနှင့် စတီယာရင်ကို လက်နှင့် ပုတ်မိ၏။

တမင်လုပ်နေတာ ဖြစ်ကြောင်း သေချာသွားခဲ့



တဲ့အချိန်မှာ ရှေ့က နေရှင်တို့ကားက မျက်ခြေပြတ်သွားသည်။

တရားခံက ဒီဆိုင်ကယ်ပဲ။

ဒေါသတွေ အကုန်လုံး ဆိုင်ကယ်ငချပ်ဆီ စုပြုံကျရောက်သွား၏။ မီးပွိုင့်ကိုပင် ကျော်လာခဲ့ပြီ။

ဆိုင်ကယ်ပေါ်က အရပ်မြင့်မြင့် လူကလည်း ဒါကို သိပုံပင်။

ရှေ့မှာလမ်းချိုးကွေ့လေးလည်း ရောက်လာရော ထိုလမ်းထဲ အသာကလေးချိုးကွေ့သွားတော့သည်။

ကြယ်ဖြူလည်း ဒင်းကို ရန်တွေ့ချင်လှသဖြင့် ဆိုင် ကယ်နောက်က လိုက်ကွေ့လာမိသည်။

တွေ့ရောပေါ့ကွာ။

သူက ဘာကိစ္စ ဝင်ရှုပ်ရတာလဲ။

ဘာကြောင့် နေရှင်တို့ကို အကာအကွယ်ပေးပြီး မျက်ခြည်ပြတ်အောင် လုပ်ဆောင်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူ သိချင်မိသည်။

ကားကို ဆိုင်ကယ်ရှေ့ ပိတ်ရပ်လိုက်ပြီးမှ –

"ရှင် ... ဘာသဘောလဲ ဟင်"

"မင်းစိတ်ဆိုးနေမှန်း သိလို့ပါ။ ပြဿနာဖြစ်မှာ စိုးလို့"

သူက ဆိုင်ကယ်ပေါ်က ဆင်းပြီး ခပ်အေးအေး ပင် ဝန်ခံသည်။

"ရှင် အဲလိုလုပ်တော့ ကျွန်မစိတ်ဆိုးပြေ ရော လား။ ဒင်းကို မျက်နှာချင်းဆိုင် မေးပြီး ပါးရိုက်မလို့ဟာ၊ အခု ရှင့်ကို ရိုက်ရမလား။ ကဲ .."

ဒေါနှင့်မောနှင့် ကြယ်ဖြူဆင်းလာတော့ ပိုင်ညှ နောက်ဆုတ်မိသည်။ ပြီးတော့ "ရိုက်လည်း မတတ်နိုင်ဘူး ဗျာ" ဟု ရေရွတ်မိသည်။

"ရှင် ... ကြားကဝင်အရိုက်ခံပေးရအောင် ရှင် နဲ့ ဘာဆိုင်သလဲ၊ ပြောစမ်းပါဦး"



သူက မဖြေ။

ကြယ်ဖြူကို နှုတ်ခမ်းလေး တွန့်ကွေးရုံ ပြုံးပြ သည်။

ထိုအပြုံးဟာ မချိပြုံးလို့ အမည်တပ်ရမည်လား မသိပါ။

"ဟိုကောင်ကရော ... မင်းရည်းစားလား"

"ဟိုကောင်လို့ မသုံးပါနဲ့၊ သူ့နာမည်က နေရှင်"

"အမ်းလေ ... ထားပါတော့၊ ရည်းစားဖြစ်ခဲ့ တယ်ပဲထား။ မင်း အဲလို သွားရှင်းတော့ မိန်းကလေးဆို တော့ ဘယ်ကောင်းမလဲ"

"ဘာပြောတယ် .. ရှင်က ကျွန်မကို မိန်း ကလေး ဖြစ်ပြီး မရှက်ဘူးလို့ ပြောချင်တာလား"

သူ့စကားကြောင့် ကောင်မလေးက ခုန်ဆွခုန်ဆွ ဖြစ်သွားသည်။

ကြယ်ဖြူသည် မျက်စိရှေ့က ဒီလူကို ဘာလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com



မှန်းပင်မသိ။

"ဆောရီး ‥ ဆောရီး ‥ အဲလိုသဘောတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဒေါသနဲ့ တစ်ခုခုသွားလုပ်မိရင် မင်းပဲ ဒုက္ခဖြစ်မှာစိုးလို့ပါ"

"ဘာကိစ္စ ရှင်က ဝင်စိုးရိမ်နေရတာလဲ"

"မင်း အဲလောက် မပေါက်ကွဲနဲ့လေ၊ ဒါမျိုးက ဝုန်းဒိုင်းသွားကျဲရော၊ ဘာထူးမှာလဲ"

သူပြောတာ မှန့်ပေမယ့် ကြယ်ဖြူ ခေါင်းယမ်းမိသည်။

"ဒါပေမယ့် ကျွန်မ ဒီလိုမျိုး အရှုံးမပေးချင်ဘူး။ ရင်ထဲမှာ တနုံ့နုံ့နဲ့ ကျွန်မကို ကျော်သွားသလိုပဲ ခံစားရတယ်၊ အဲဒါကို မခံနိုင်ဘူး။ သူ့ကို တစ်ခုခုလုပ်ပစ်ချင်တယ်။ ကျွန်မ ဖုန်းခေါ်ရင်တောင် သူက ချပစ်တယ်၊ စကားမပြောချင်ဘူးဆိုတဲ့ ဒီဖိုင်။ ကျွန်မ မာနတွေပစ် စလခတ် ရိုက်ချိုးခံရသလိုပဲ၊ သူ့ကို ပြန်ကြိုက်ချင်လို့



မဟုတ်ဘူး။ စိတ်နာလွန်းလို့ပါ"

သတိလက်လွတ်နှင့် ခုမှတွေ့တဲ့သူကို ရှင်းပြနေမိသည်။

ဘယ်အချိန်ကမှန်းမသိ မျက်ရည်တို့နှင့် မျက်လုံးအိမ်မှာလည်း စိုစွတ်နေပြီ။

ပိုင်ညသည် စောစောက အလွန်အမင်းစိတ်ပျက်မိသော ကောင်မလေးကို ခုတော့ သနားသွားမိပြန်သည်။

ဩော် ‥ သူ့ခမျာလေးလည်း ကိုယ့်လိုပဲ ချစ်သူက ပစ်သွားခဲ့တာကိုး။

ကြယ်ဖြူသည် ကိုယ့်အရှိန် ကိုယ်ပြန်လျော့ကာ မျက်ရည်တွေ မျက်တောင်ပုတ်ခတ်သိမ်းဆည်း မိသည်။

ရှေ့က သူက သူမကို ကရုဏာသက်ဟန်ဖြင့် ခပ်ငေးငေးကြည့်နေသည် မဟုတ်လား။

"ခင်ဗျား ခံစားချက်ကို ကျွန်တော်နားလည်ပါတယ်၊ ကိုယ်ချင်းလည်း စာပါတယ်။ ဘာကြောင့်လဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ပန်းရွှေကြာဆိုတာ အရင်တုန်းက ကျွန်တော့် ချစ် သူပါ။ အခုမှသာ ခင်ဗျားလူက ကျွန်တော့်လက်ထဲက လုသွားတာ''

''ဟင် .. ဟုတ်လား။ ရှင်က အဲဒီအမျိုးသမီးရဲ့ ချစ်သူ''

လက်ညှိုးလေး ထိုးကာ ကောင်မလေး မျက်လုံး ဝိုင်းသွားချေ၏။

သူ့အပြုအမူကိုလည်း ကြယ်ဖြူခုမှပဲ သဘော ပေါက်သွားတော့၏။

''ဒါနဲ့များ ရှင်က ခပ်အေးအေး ကြည့်နေနိုင် တယ်၊ အံ့ရော''

''ဘယ့်နှယ့် ပြောပါလိမ့်ဗျာ၊ စိတ်ထဲရှိသလို လုပ် ပစ်ရရင် အဲဒီကောင်ကို ဆွဲထိုးပစ်မိတာ ကြာပြီ''

''အမယ် .. ကိုနေရှင်ကို သွားဆွဲထိုးလို့ ရမလား။ ရှင့်ရွှေကြာကို ရှင်ပြန်ဆွဲခေါ်ပေါ့''



''ရမလားဗျာ၊ သူက ဟိုကောင့်ဖက်ပါနေပြီ။ ခင်ဗျား မတွေ့ဘူးလား''

''အို . . . ပါတော့ရော ဘာအရေးလည်း။ ရှင်က ယောကျာ်းလေးပဲ၊ နိုးပြေးလိုက်ပေါ့''

သူက ရယ်လိုက်ရင်း . . .

''ဟာဗျာ . . . ကျွန်တော့်ကို သက်သက်ရျောက် ချနေပြီ၊ ခင်ဗျားကျတော့ရော မိန်းကလေးဖြစ်ပြီး ဘာ ကြောင့် ထိန်းမထားနိုင်သလဲ''

ကြယ်ဖြူ့မျက်နှာလေး ဖြန်းခနဲ နီရွေးသွား၏။ ပိုင်ညလဲ လွှတ်ခနဲပြောမိပြီးမှ အားနာသွားသည်။

''ကျွန်မက ဟိုတစ်ယောက်လိုမှ မလုဘဲ''

သူမထံက ခပ်တိုးတိုး ဆင်ခြေပေးသံလေးထွက် လာတော့ ပိုင်ညရင်မှာ အတိုင်းမသိ သနားသွားမိလေ သည်။

ဒါလည်း ဟုက်ပေ...ားပဲ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာလို မိန်းမချောလေး အနားရောက်လာပြီ ဆိုတော့လည်း ဒီလိုကောင်မလေးကို စွန့်ပစ်လိုက်ပြီပေါ့။

မဆန်းပါဘူးလေ။

မိန်းကလေးဖြစ်တဲ့ ရွှေကြာကတောင် သူ့အပေါ် သစ္စ ့ဖို့ ဝန်လေးခဲ့လို့လား။

''ဆောရီးပဲကွာ၊ တကယ်တော့ အချစ်ဆိုတာ လှတာမလှတာနဲ့တော့ မဆိုင်ဘူးထင်ပါတယ်''

''ဒါတော့ ရှင်ညာတာပဲ၊ ရှင်ဆိုရင်ကော ရွေးခွင့် ရရင် ပိုလှတာကို မရွေးဘူးလား။ ကဲ . . ပြော''

ပိုင်ည သူ့မျက်နှာလေးကို စိုက်ကြည့်နေမိသည်။

တကယ်ကို ဖြောင်မေးတတ်တဲ့ ကောင်မလေး။

''မသိဘူးဗျာ''

ကြယ်ဖြူက သူ့ကို တရင်းတနှီး မျက်စောင်းရွယ် လိုက်သည်။ ရှောင်ထွက်လိုက်ပြီလေ။ မသိဘူးတဲ့။



အမှန်ကို မဖြေရဲဘူးမဟုတ်လား၊ သိသာပါ့။

''အမေ့ . . . ပလုပ်တုတ်''

''ဘာ . . ဘာလဲ''

''ဟိုမှာမတွေ့ဘူးလား၊ ကြွက်ကြီးဖြတ်ပြေးသွားတာ''

ရေမြောင်းနှုတ်ခမ်းပေါ်၌ ကြွက်ကလေးတစ်ကောင် ပြေးသွား၏။

''ဟား . . . ဟား . . . ဟား ခင်ဗျားနဲ့ အဝေးကြီးပါဗျာ၊ လာမကိုက်ပါဘူး''

လန့်ဖျပ်ခုန်လိုက်မိတာကို သူရယ်သဖြင့် ကြယ်ဖြူ ရှက်သွားမိကာ နောက်တော့လည်း အရှက်ပြေရောရယ် လိုက်မိသည်။

''ခုနကတော့ ခပ်ကြမ်းကြမ်းနဲ့ သတ္တိရှိသလိုလို ဘာလိုလိုနဲ့ ကြွက်ကလေး မြင်တာတောင် လန့်ခုန်တယ် လို့ကွာ''

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေညံလျက် နှစ်ယောက်သား စိတ်တွေ ပေါ့ပါးသလို ဖြစ်သွား၏။

"သြော် . . . ဒါကတော့ ဒေါသဖြစ်နေတာကိုး"

"အခုရော . . . ဘယ်လိုလဲ ပြဿနာလိုက်ရှာဖို့ စိတ်ကူးနေတုန်းပဲလား"

"ဒင်းကို ကျေတာတော့ လုံးဝမကျေဘူး"

"ကြောက်စရာပါလား"

ပိုင်ညက ပခုံးတွန့်လိုက်သည်။

"ရှင်ကတော့ အံ့သြစရာပဲ၊ လွယ်လွယ်နဲ့ လက်လျှော့လိုက်ပြီလား"

"နေရှင်နဲ့ ဘောက်ဆင်ပလေးစေချင်လို့လား။ ရွေးမယ်မထင်ပါဘူးဗျာ၊ စောစောစီးစီး နောက်ဆုတ်တာပိုပြီး ဂုဏ်သိက္ခာရှိမယ်ထင်တယ်"

"အို . . . ကြယ်ဖြူကတော့ မရပါဘူး"

"နာမည်က ကြယ်ဖြူလား"



"ကြယ်ဖြူပါနော်၊ မိုးပေါ်ကကြယ်"

"ဟုတ်ကဲ့ သိပါပြီဗျာ"

"ရှင်ကရော"

"ကျွန်တော်က ပိုင်ညာ၊ ကိုပိုင်လို့လည်း ခေါ်ကြတယ်"

ကြယ်ဖြူက နှာခေါင်းလေး ရှုံ့ပြလျက် . . .

"ကိုပိုင်ဆိုတာတော့ မဖြစ်နိုင်ဘူး။ ရွှေကြာဆိုတဲ့ အမျိုးသမီးကို ပိုင်ပိုင်မရယူနိုင်မှတော့ ကိုယ်မပိုင်ပဲ ဖြစ်လိမ့်မယ်"

ပိုင်ညက အပြုံးမပျက်သွားဘဲ . . .

"ထားပါတော့ဗျာ၊ သူနဲ့ ကျွန်တော်နဲ့ ရေစက်မပါဘူးထင်ပါတယ်"

စကားသံမှာပင် နာမြောကြေကွဲခြင်းတွေ ရောစွက်နေသည်ဟု ကြယ်ဖြူ ထင်မိသည်။

သူ ဟန်ဆောင်ထားတာပဲဟုလည်း နားစည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

ကြယ်ဖြူရော ...

ကြယ်ဖြူလည်း ဟန်လုပ်ဖို့ လိုအပ်နေပြီလား။

သူတစ်ပါးကြောင့် ကိုယ်အထိနာခဲ့တာကို ထပ်တလဲလဲ ညည်းညူနေလို့ရော ဘာထူးမှာလဲလေ။

ပိုင်ညထံမှ အတုခိုးကာ ခပ်တည်တည်နဲ့ ဘာမှမဖြစ်သလို နေပြရမှာလား။

အိပ်ရာပေါ်ရောက်လို့ ကြယ်ဖြူ တိတ်တိတ်ငိုတာကိုတော့ ခေါင်းအုံးလေးပဲ သိချင်သိမှာပေါ့

တခြားလူတွေ သိစရာမလို။

မျက်နှာမှာတော့ အပြုံးသာရှိနေရမည်။

"ကြယ်ဖြူကတော့ အရှုံးမပေးချင်ပါဘူး ပိုင်ညရယ်"

"ဟုတ်ပြီလေ၊ အရှုံးမပေးချင်တဲ့အကြောင်းတွေ ခံစားရတာတွေ ပြောချင်စိတ်ရှိတဲ့အချိန် ကျွန်တော့်ဆီ



ဖုန်းခေါ်ပြီး ပြောပေါ့ဗျာ၊ ဘဝတူတွေပဲ နားထောင်ပေးရမှာပေါ့၊ ရော့ ... လိပ်စာကဒ်ယူထား"

သူက အိတ်ထဲက အဖြူရောင်ကဒ်ကလေးတစ်ခု ထုတ်ပေးသည်။

ကြယ်ဖြူကလည်း ကားထဲက လိပ်စာကဒ်ယူပြီး သူ့ကိုပေးလိုက်သည်။

"ရှင်လည်း ရွှေကြာကို ခိုးပြေးဖို့အစီအစဉ်ရှိရင် ကြယ်ဖြူ့ကို သတင်းပေးလို့ရအောင်"

"ဟာ ... ဟား"

သူက ရယ်သွမ်းသွေးလိုက်သည်။

ဟုတ်ပါရဲ့၊ သူကြည့်ရတာ ဘယ်လောက်ကြိုက်ကြိုက် ခိုးပြေးရဲမယ့်ပုံလည်း မရှိပါဘူး။

သွားမြောက်ပေးနေလည်း အာညောင်းရုံရှိမှာ။

"အကြောင်းရှိရင် ဖုန်းဆက်လိုက်နော်၊ အကူအညီလိုလည်းပြော"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ"

"အခုလည်း အိမ်ပြန်မှာပဲမဟုတ်လား၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ဘယ်လိုပို့ပေးမှာလဲ ပိုင်ညက ဆိုင်ကယ်ကြီးနဲ့"

"ကြယ်ဖြူ အိမ်လိပ်စာ သိသွားပြီပဲ၊ ကျွန်တော့် ဆိုင်ကယ်နောက်က ကြယ်ဖြူ မောင်းခဲ့"

"ဟင် . . . ပြောင်းပြန်၊ ခုမှသိတဲ့လူက ကားနောက်က လိုက်ရမှာမဟုတ်ဘူးလား"

"မဟုတ်ဘူး။ ကျွန်တော်က ရှေ့ကပဲနေမယ်"

"ပြီးရော . . . ပြီးရော တက်"

ပိုင်ညက ဆိုင်ကယ်ပေါ်အရင်တက်ပြီး ရှေ့က ထွက်၏။

ကြယ်ဖြူသည် သူ့ပုံစံကို တစ်ယောက်တည်း ပြုံး ကြည့်နေမိကာ နောက်မှ ဖြေးဖြေးလိုက်ခဲ့သည်။



ကြယ်ဖြူတို့နှစ်ယောက်သည် ရည်ရွယ်ချက်မရှိပါဘဲ တိတ်ဆိတ်သော လမ်းကလေးတစ်ခုထဲ၌ စတင်ပြီး ခင်မင်သိကျွမ်းခဲ့ကြပါသည်။

ထို့နောက်တွင် . . . .။

www.burmeseclassic.com

www.burmeseclassic.com

"ပိုင်ညလား"

"ဟာ . . . ကြယ်ဖြူ ပြော"

"အခုဘာလုပ်နေလဲ ဖုန်းပြောဖို့ အားရောအားရဲ့လားဟင်"

"အားပါတယ်၊ ဒီနေ့ စနေနေ့ဆိုတော့ ကျွမ်းကျင် ရုံးလည်း ပိတ်တာနဲ့ ကိုယ်တောင် ဘယ်မှမသွားဖြစ်ဘဲ အိမ်မှာအခွေထိုင်ကြည့်နေတာ"

"ဒါဆိုရင်တော့ စိမ်ပျက်ပြီပေါ့"

"ပြီးပါပြီ၊ ဒီကားက သိနေပြီးသားပါ"

www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ညက စိတ်အေးတယ်နော်၊ ဘာမှမဖြစ် သလို နေကြည့်နေနိုင်တယ်ဆိုတော့"

"ဒီလိုပေါ့ကွာ၊ မေ့မေ့ပျောက်ပျောက်ပါပဲ"

"သူတို့အကြောင်း ဘာကြားသေးလဲ"

ပိုင်ညဖက်က ခဏတိတ်ဆိတ်သွား၏။

တစ်ခုခုသတင်းကြားလည်း ကြယ်ဖြူကို အသိ ပေးချင်ပုံမရပါ။

"ကြယ်ဖြူရော"

"စိတ်ညစ်တာနဲ့ အပြင်တောင်မထွက်ဖြစ်ဘူး"

"ဟုတ်လား . . . ကိုယ်နဲ့တော့ မြို့ထဲမှာ လာဆုံ မိကြသေးတယ်"

"သူတို့အတွဲက ဘယ်ကိုလာတာလဲ"

"မသိဘူး"

"ဘယ်နားမှာ တွေ့တာလဲလို့"

"အနော်ရထာလမ်းပေါ်မှာပဲ၊ မျက်နှာချင်းဆိုင်



တွေ့ကယ်"

"ပိုင်ညကိုခေါ်လား"

"ဘာကြောင့် ခေါ်ရမှာလဲ၊ ကိုယ်တို့မှ ဘာမှမဆိုင် တော့ဘဲ၊ သူလည်း ခင်ပျားလူရဲ့ လက်မောင်းကို ချိတ် ထားပြီပဲ"

"သူ့အကြောင်း ထည့်မပြောနဲ့ကွာ"

"ဘာဖြစ်လို့လဲ"

"မကြားချင်တော့ဘူး"

"ဟာ . . . ကြယ်ဖြူပဲမေးတာလေ"

"ဟုတ်ပါတယ်၊ မေးပေမယ့် မကြားချင်ဘူး ဖြစ် နေတယ်"

"တစ်မျိုးပါလား"

ပိုင်ညက ရယ်သည်။

"ရယ်နေနိုင်တယ်နော်၊ ယောက်ျားတွေရဲ့အချစ် က တကယ်ပဲ လုံးဝမခိုင်မြဲဘူး"

www.burmeseclassic.com

www.burmeseclassic.com



''ဟာ ကြယ်ဖြူ မင်းအဲဒီလို သမ်းကျုံးပြီးတော့ မှတ်ချက်မပေးနဲ့''

''မဟုတ်ဘူးလား''

အမှန်တော့ ကြယ်ဖြူ ခုတလော တွေ့တဲ့လူကို ရန်ဖြစ်ချင်နေသည်။

ဘယ်သူနှင့်မှလည်း စကားပြောအဆင်မပြေ။

အိမ်ကအဒေါ်နှင့်တောင် စိတ်ကောက်ပြီးမခေါ်။

ဘာလုပ်လုပ် ဘာကိုင်ကိုင် အလွဲလွဲအချော်ချော် အယောင်ယောင်အမှားမှားနှင့်။

စိတ်ထဲမှာ ကိုကို့အကြောင်းပဲ စွဲနေသည်။

ထိုအကြောင်းအရာကိုပဲ ကြိမ်ဖန်များစွာ ထပ်တလဲလဲ တွေးနေမိသည်။

''ကြယ်ဖြူ . . . မင်း စိတ်နည်းနည်းလျှော့လိုက်''

''သိပါတယ်၊ ကြယ်ဖြူ မှားနေတယ်ဆိုတာ''

''မှားနေတယ်ရယ်လည်း မဟုတ်ပါဘူး''



''ပိုင်ညှ ပန်းရွှေကြာကို သတိမရဘူးလားဟင်၊ လူတွေကြားထဲမှာ ရွှေကြာမပါဘူးလားလို့ရော အမေးမခံရဘူးလား။ အဲလိုမေးရင်ရော ဘယ်လိုပြန်ဖြေလဲဟင်''

''ဟာကွာ . . . သက်သက်ဦးနှောက်စားတာပဲ၊ မေးလည်း ပြတ်သွားပြီလို့ ဖြေလိုက်ရင် အေးတာပဲ၊ ဘာဖြစ်လဲ''

''ကြယ်ဖြူတော့ နေရှင်ဘယ်မလဲလို့ သူငယ်ချင်းတွေမေးမှာ သိပ်ကြောက်နေတယ်၊ ဘယ်လိုဖြေရမလဲဆိုတာလည်း မသိတော့ဘူး။ ဒါကြောင့် အိမ်ထဲအောင်းနေတာ၊ ဘယ်သူနဲ့မှ ရင်မဆိုင်ချင်ဘူး။ သူရွေးထားတဲ့ ရွှေကြာက ကြယ်ဖြူ့ထက် အပုံကြီးပိုလှတာဆိုတော့ အားငယ်စရာပဲနော်၊ အခုလေ ကြယ်ဖြူ အရမ်းအသက်ရှုကြပ်နေတယ်။ ဒါကြောင့် ပိုင်ညှဆီ ဖုန်းဆက်လိုက်တာ၊ ဘာလုပ်ရင် ကောင်းမလဲဟင်''

''အသက်ရှုကြပ်တယ်ဆိုတော့ အောက်စီဂျင်ပို့

www.burmeseclassic.com



တာပေါ့''

''ဟင် . . . ပိုင်ညနော် မနောက်နဲ့၊ ဘဝတူချင်း ကိုယ်ချင်းစာပါ''

''မနောက်ပါဘူး၊ နောက်ရက်မလားကွာ တကယ် ပြောတာပါ လေကောင်းလေသန့်ရတဲ့ အင်းယားလို နေရာမျိုး သွားပါလားလို့ အကြံပေးမလို့ပါ''

''ဟယ် . . . ဟုတ်သားပဲ၊ အင်းယားကန်ပေါင် မရောက်တာတောင်ကြာပြီ၊ ဒီညနေသွားမယ် ပိုင်ညရော''

''ကိုယ်လည်းလာခဲ့မယ်''

''အိုကေ၊ ဒါဆို ကြယ်ဖြူ စောင့်နေမယ်၊ ညနေ ငါးနာရီ ကားစတန်းမှာပဲရှိမယ်၊ ပိုင်ညလာမှ လမ်းလျှောက်မယ်''

''ဟုတ်ပြီလေ''

ပိုင်ညက ကြယ်ဖြူနှင့် အနည်းငယ်ခွာထိုင်ကာ စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူလိုက်သည်။

ကြယ်ဖြူက ကန်ရေပြင်ကျယ်ကျယ်ကို အကြောင်း မဲ့ငေးနေမိသည်။ နေရှင်နှင့်အတူတူ တစ်ခါက လျှောက်လာခဲ့ဖူးတာကိုလည်း စိတ်ထဲမှာ ခပ်ဆွေးဆွေး ပြန်လည် အမှတ်ရမိသည်။

''ကြယ်ဖြူ''

''ဟင်''

www.burmeseclassic.com

www.burmeseclassic.com



အဝေးကိုငေးနေရာမှ ပိုင်ညဖက် လှည့်ကြည့်မိသည်။

"ဘာစားဦးမလဲ"

"မစားပါဘူး။ အခုပဲ အကြော်ဆိုင်က ထလာခဲ့တာကို"

"မဟုတ်ဘူးလေ၊ အချဉ်ထုပ်တို့၊ သကြားလုံးတို့ လိုဟာမျိုးလေးတွေ ပြောတာ၊ အပျင်းပြေပေါ့"

"ရွှေကြာက အဲလိုမျိုး စားတတ်လို့လား"

သူ ခေါင်းညိတ်ပြသဖြင့် ကြယ်ဖြူမျက်နှာလေး ရှုံ့မဲ့လိုက်ကာ ...

"ကြယ်ဖြူတော့ အဲဒါမျိုးတွေ မစားတတ်ပါဘူး။ ကြိုက်လည်း မကြိုက်ဘူး"

"မကြိုက်ရင် အေးဆေးပြောပါ၊ မျက်စောင်းက ပါလာသေးတယ်"

"ပိုင်ညက ဘာလေးဖြစ်ဖြစ် ရွှေကြာ့အကြောင်းက ပါလာတာကိုး"



"မင်းပဲ မေးပြီးတော့ကွာ"

"ပိုင်ညတို့ တွဲခဲ့တာ ဘယ်လောက်ကြာလဲ"

"နှစ်နှစ်ကျော်ပေါ့"

"ဒါဆို ကြယ်ဖြူတို့ထက်စောတယ်၊ ကြယ်ဖြူနဲ့ သူနဲ့က တစ်နှစ်ကျော်ပဲ ရှိသေးတာ"

"လွမ်းလား"

"မမေးနဲ့ဆို"

"ငိုတော့မငိုနဲ့နော်၊ ဒီနားမှာ ချော့မယ့်သူလည်း မရှိဘူး"

"မငိုပါဘူး"

သူပြောပုံကြောင့် ကြယ်ဖြူ ရယ်လိုက်မိသည်။

သူဟာ ကြယ်ဖြူရယ်အောင် ကူညီနိုင်သူ တစ်ယောက်တော့ ဖြစ်သည်။

ကျေးဇူးတင်ပါတယ် ပိုင်ညရယ်။

www.burmeseclassic.com

www.burmeseclassic.com



"အချိန်အကြာကြီး တွဲခဲ့ပြီးမှ ဘာလို့ အဲလိုဖြစ်သွားတာလဲ မသိဘူးနော်၊ အမှန်ဆိုရင် နားလည်ရင်းနှီးမှုတွေရှိနေရမှာ ပိုင်ညှ အသည်းကွဲမှာ သူမစိုးရိမ်ဘူးလား မသိဘူး"

"ကိုယ်လည်း မသိပါဘူးကွာ၊ အစတုန်းကတော့ ကိုယ့်အပေါ် ရွှေကြာ အရမ်းစေတနာရှိတာ"

ပိုင်ညှသည် ကြယ်ဖြူကို တရင်းတနှီးလေသံနှင့် စကားဆိုလာသည်။

အရင်တွေ့စကလို ခင်များတွေ ကျွန် ...တွေလည်း နာမ်စားသိပ်မသုံးတော့။

"ကိုယ်က ကိုယ့်ဦးလေး အန်ကယ်ကျော်နဲ့ အတူနေတာ၊ အခု အန်ကယ်ကျော်က နိုင်ငံခြားထွက်သွားပြီ။ တကယ်ဆိုရင် ကိုယ်လည်း သင်္ဘောတက်ဖို့ပဲ၊ ကိုယ်စီစဉ်နေမှ ရွှေကြာနဲ့သွားတွေ့တော့ သူက သင်္ဘောမတက်ရဘူးဆိုပြီး သူ့အဖေနဲ့သိတဲ့ ကုမ္ပဏီမှာ အလုပ်ပြောပေးခဲ့



တာ၊ အခု ကိုယ်အလုပ်လုပ်နေတဲ့ ကုမ္ပဏီပဲလေ၊ အဲဒါ ရွှေကြာ ကူညီခဲ့တာ။ ရွှေကြာ့အစီအစဉ်နဲ့ပဲ အဲဒီမှာဝင်ဖြစ်တာ၊ ကိုယ်က ဘာလေးဖြစ်ဖြစ် သူ့သဘောကျနေခဲ့ပါတယ်။ သူ့ဘာပဲပြောပြော လိုက်လျောခဲ့တာ များပါတယ်။ အင်းလေ ... ဒါကလည်း ကိုယ်က ပိုချစ်ရလို့ဖြစ်မှာပါ"

"ပိုင်ညှတို့ ဘယ်လိုကဘယ်လို စပြီးတော့ သိကြတာလဲ"

ကြယ်ဖြူက စိတ်ဝင်တစား စပ်စုလိုက်သည်။

သူတို့ ဘယ်လိုချစ်ခဲ့တာလည်း သိချင်မိတယ်လေ။

ပိုင်ညှက မဖြေသေးဘဲ စီးကရက်မီးခိုးငွေ့ကို အား ပါးတရ ရှိုက်သွင်းလိုက်သေးသည်။

ပြီးမှ မီးခိုးငွေ့တွေကို ခပ်ဖြေးဖြေး မှုတ်ထုတ်ရင်း

"ကုက္ကိုင်းကလပ်မှာ စတွေ့တာ"

"ရေကူးကန်မှာ"

www.burmeseclassic.com

www.burmeseclassic.com



"သူ လာလာရေကူးတတ်မှန်း ကိုယ်လည်း မသိပါဘူး။ မြင်ဖူးရင်တော့ သိသွားမှာပေါ့။ ရွှေကြာက ထူးထူးခြားခြားလုပ်တာပဲ၊ ကိုယ်နဲ့ လွဲနေတာဖြစ်မယ်၊ တစ်ရက်ကျတော့ တွေ့ချင်တော့ သူ့ကားက ကိုယ့်ဘေးနားလာရပ်တယ်၊ ကားဝင်လာကတည်းက ကိုယ်က အရမ်းကြည့်ကောင်းလို့ ငေးနေမိတာ"

"အမယ် ... စကားလုံးမှားနေပြီ၊ ငေးနေတာ မဖြစ်နိုင်ဘူး။ ငမ်းနေတာလို့ ပြောပါ"

"ဟက် ... ဟက် ... ထားပါတော့၊ ငမ်းတယ်ပဲ၊ အဲဒီလို အငမ်းကောင်းလို့ပေါ့"

"ဘာဖြစ်လို့"

"သူ ကားတံခါးဖွင့်မယ်မှန်းသိရက်နဲ့ ကိုယ်ရပ်နေမိတာ၊ ဖယ်ဖို့သတိမရဘူး၊ သူလည်းဖွင့်ရော ကားတံခါးနဲ့ လာရိုက်မိတာ"

"နာသွားလား"



"မနာပါဘူး။ ရွှေကြာက ဆောရီးနော်ဆိုပြီး တောင်းပန်တယ်၊ သူ့အသံလေးက အရမ်းနားထောင်ကောင်းတော့ ကိုယ် အဲဒီမှာတင် အရမ်းကြိုက်သွားတာ ဟား ... ဟား"

ပြန်ပြောရတာတောင် ကြည်နူးရိပ်က မျက်နှာမှာ ထင်ဟပ်လာသေးသည်။

ဪ ... သူလည်း အဲဒီမိန်းမကို တကယ် ကြိုက်ရှာတာပဲကိုးဟု ကြယ်ဖြူ သဘောပေါက်မိသည်။

ဒီမိန်းမကို ယောက်ျားတိုင်းပဲ ကြိုက်ကြသလား။

မနာလိုစိတ်နှင့် မုန်းတီးလာမိသည်။

ကိုကို့ရည်းစားအသစ်ဆိုပြီး တွေ့လိုက်ရကတည်းက သိပါတယ်။

နှုတ်ခမ်းလေးက ပြုံးဟာဟာနဲ့၊ မျက်လုံးကလည်း ညို့မျက်လုံး။ ပြီးတော့ အင်္ကျီရင်ဘတ်ဟိုက်ဟိုက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ပေါက်ကို ဦးစားပေးလွန်းတဲ့ အဝတ်အစား ကျပ်ကျပ်တွေကို ဝတ်ပြီးမှ ဆံပင်ရှည်ကြီးကို လှုပ်ယမ်းပြီး ဟန်ပြနွဲ့တခါခါ လမ်းလျှောက်တတ်လို့များ သိပ်လှတယ် ထင်နေ။

ဒီ တကယ်တော့ လှတာက နည်းနည်းရယ်၊ မာယာက ခပ်များများ။

အင်းလေ အဲဒီမာယာမှာပဲ ကျခုံးတဲ့အတွေ အလဲ အကွဲပဲ မဟုတ်လား။

အဲခုလေးတင် ကြယ်ဖြူဘေးမှာ တစ်ယောက်။

အသည်းဟက်တက်ကွဲလို့လေ။

ဟွန်း ... သနားစရာလည်း မကောင်းတော့ပါဘူး။

"ဟ ... ဘာလို့ မျက်ခုံးကြီးရှုံ့နေတာလဲ၊ ကိုယ် ပြောတာကြားရဲ့လား"

"ကြားသားပဲ"



"ကိုယ်က ဒီလို ပါးစပ်ကလေးနဲ့ ဆောရီး တစ်ခွန်းပြောလို့ ဘယ်ရမလဲ ကော်ဖီဘိုက်မှဆိုတော့ ရွှေကြာက ရပါတယ်ဘာညာဆိုပြီး အဲဒီညနေမှာပဲ ကော်ဖီဆိုင်မှာ ချိန်းဖြစ်သွားတယ်။ ကိုယ်လည်း နောက်ကျ မှာစိုးပြီး အဲဒီမှာတင် တစ်ထိုင်တည်း ရည်းစားစကား ပြောပစ်လိုက်တယ်"

"သူက ချက်ချင်းဖြေရောလား"

"ဟာ ဘယ်ဖြေဦးမလဲ၊ တစ်လလောက် အချိန် ဆွဲလိုက်သေးတယ်၊ အမှန်တော့ ကိုယ့်ကို သူလည်း ကြိုက်ပါတယ်၊ ကိုယ်သိသားပဲ"

"ဟွန်း ... ဘဝင်ကမြင့်ရသေးတယ်"

"တကယ်ပြောတာပါ၊ ကိုယ့်ကို မတွေ့ရင် သူရှာ နေပြီ၊ ကိုယ့်သူငယ်ချင်းတွေက ပြန်ပြောကြတယ်၊ အပေါင်းအသင်းတွေကြားထဲမှာတော့ ရေလည်မျက်နှာ ပွင့်တယ်။ အားမကျတဲ့ကောင် မရှိသလောက်ဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကောင်မလေး အရမ်းမိုက်တယ် ဘာညာနဲ့ ကိုယ့်ကို ဆရာတင်ကြတာ။ ကိုယ့်တို့အတွဲကို သွားလေရာနေရာ ဝိုင်းကြည့်ကြတယ်"

ပိုင်ညကြည့်ရတာ အခုဇာတ်ကြောင်းပြန်တဲ့အထိ အရှိန်ကောင်းနေဆဲပါ။

ပန်းရွှေကြာက မော်ဆရာမလေးလားပဲနော်။

ပြောနေပုံက တသသနှင့် အမြတ်တနိုးရှိနေဆဲ။

"သူက ချဲလည်း ချဲတတ်တယ်၊ ညာလည်း နိုင်းတတ်တယ်၊ သူနဲ့ ဈေးကိုပတ်ရပြီဆို တစ်နေကုန်တယ်။ ရုပ်ရှင်ကားကတ်တွေသွားရရင် ဘယ်တော့မှ ခြေမညောင်းဘူးကွာ အံ့ရော။ ညတိုင်းလည်း ကိုယ်တို့ ဖုန်းပြောတယ်၊ တစ်ခါတလေ နာရီကြည့်လိုက်ရင် နှစ်ချက်ကျော်ပြီ၊ စကားက ကောင်းတုန်း"

"ဟင်း ... ဒါနဲ့များတောင်"

"အေးကွာ ... ကြားလူတစ်ယောက် ဝင်လာဖို့



နေရာမရှိပဲနဲ့ကို ဘာဖြစ်သွားသလဲ မသိတာကွ"

"ကိုကိုနဲ့ ... ဟို ... ကိုနေရှင်နဲ့ ဇာတ်လမ်းဖြစ်နေပြီဆိုတာ ပိုင်ညဘယ်လိုသိလဲ"

"သူတို့ချင်းက ဒီလောက်မဟုတ်ဘူး။ မိဘချင်း ခင်မင်ပတ်သက်တာကစတာ၊ ကိုယ်သိသလောက်တော့ ရွှေကြာ့မိဘတွေကိုယ်တိုင် မင်းရဲ့နေရှင်ကို သဘောကျတာဖြစ်မယ်။ အိမ်ကို ဝင်ထွက်ရင်းနဲ့ ငြိတာကွ၊ ကိုယ်က အဝေးကကောင်လေ၊ အနီးကပ်ခြွေမယ့်လူကိုတော့ ဘယ်မှီမလဲ၊ မဟုတ်ဘူးလား"

"အရမ်းနှမြောတာပေါ့နော်"

ပိုင်ည မျက်နှာတည်သွား၏။

"ကြယ်ဖြူကိုမို့လို့ ပြောပြတာပါ၊ နောက်ဆို အဲဒီ အကြောင်းတွေ ကိုယ် ပြန်ပြောတော့မှာ မဟုတ်ဘူး"

"အရမ်းခံစားရလို့ မဟုတ်လား"

ပိုင်ညက မဖြေတော့ဘဲ ခပ်ဝေးဝေး ငေးငြင်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာကို ကြည့်နေ၏။

ပြီးမှ ကြယ်ဖြူ့ဖက် ပြန်လှည့်လာကာ . . .

"ဒါနဲ့ နေပါဦး။ ကြယ်ဖြူနဲ့ နေရှင်ကရော ဘယ်မှာတွေ့ကြတာလဲ"

"ပိုင်ညလောက် စာမဖွဲ့ချင်ပါဘူးနော်"

ကြယ်ဖြူက အမြင်ကပ်ကပ် ရေရွတ်လိုက်သည်။

သူ့ပဲ ပြတ်သွားတဲ့ရည်းစားအကြောင်းကို တဖွဲ့တနွဲ့ လာပြောနေတယ်။

လက်တွေ့နားထောင်ရမှပဲ တော်တော်လေး နားကြားပြင်းကတ်စရာကောင်းတာ ကြယ်ဖြူ သိသွားရသည်။

"ဒါဆိုလည်း ကျော်ဟိန်းလို အတိုချုပ်ပြောကွာ . . . ပေါ့"

"ဂိုးဒင်းလိုင်းရင်းမှ မဟုတ်ဘဲ"

နှစ်ယောက်သား ဘာရယ်မဟုတ် ပြိုင်တူရယ်မောလိုက်ကြသည်။



"မပြောချင်ဘူးလား"

"စိတ်နာပါတယ်ဆိုမှနော် . . . လာမေးနေသေးတယ်၊ ကြယ်ဖြူတို့ တွေ့ပုံက ဘာမှမဆန်းပါဘူး။ သင်္ကြန်မှာတွေ့တာ"

"ဟုတ်လား။ ပျော်စရာကြီးပေါ့"

"အဲဒီတုန်းကတော့ ပျော်သလိုလိုပါပဲ"

ကြယ်ဖြူ့စိတ်ထဲ ထိုနေ့က အကြောင်းအရာလေးမြင်ကွင်းလေးတွေကို လှစ်ခနဲ ပြန်မြင်လာသည်။

နှုတ်ခမ်းကိုကိုက်ကာ ကိုကို့ကို တနုံ့နုံ့မုန်းလာမိ၏။

"သင်္ကြန်မှာ လျှောက်လည်ကြတာလား"

"ကြယ်ဖြူတို့ကားနဲ့ သူတို့ကား ဆုံမိတော့ အဲဒီအဖွဲ့တွေက အရမ်းအစအနောက်သန်တယ်၊ ကျော်လည်းမတက်ဘူး။ သူတို့ဂျစ်ကားက အမြဲနောက်က ကပ်လိုက်နေရော၊ မုန်းစရာကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာစံလမ်းမှာ ကားတွေကျပ်ဖြစ်နေတော့ ကြယ်ဖြူတို့ ခဏဆင်းတော့ သူတို့လည်း လိုက်ဆင်းလာတယ်၊ သူက ကြယ်ဖြူ့နား လာကပ်ပြီး အရမ်းချစ်ဖို့ကောင်းတယ် ဘာညာဆိုပြီး ရေမွှေးတွေ လာဖြန်းတယ်၊ စကားတစ်ခွန်းပြောလိုက် ရေမွှေးတစ်ချက် နှိပ်ဖြန်းလိုက်နဲ့ တော်တော်နဲ့ ကားပေါ်ပြန်မတက်ဖြော့ဘူး။ စိတ်တိုလာရော၊ အဲဒါနဲ့ သူ့ရေမွှေးဗူးကြီးကို ဆွဲလွှတ်ပစ်လိုက်တယ်။ အဲဒီအချိန်မှာ သူ့ အရမ်းမျက်နှာပျက်သွားတာကို သနားသွားတယ်။ သူလည်း နည်းနည်းပါးပါး မူးနေလို့သာ ကြယ်ဖြူ့နား ပေါ်တင်လာကပ်ရဲတာ မဟုတ်လား၊ ကြယ်ဖြူကြောင့် ရှက်သွားတာပေါ့။ အဲဒါနဲ့ သနားပြီး တာ့တာလုပ်ပြလိုက်တော့ သူက ဖြူနီးဆို ကြယ်ဖြူ့နား ပြန်လာပြီး ကြယ်ဖြူဆွဲထားတဲ့ ပန်းကုံးကိုတောင်းတယ်။ ပေးလိုက်တော့ သူ့သူငယ်ချင်းတွေက လက်ခုပ်ဝိုင်းတီးကြတာ သိလား။ ကြယ်ဖြူဖြင့် ခေါင်းတောင်မဖော်ရဲတော့ဘူး။ အဲဒီကနေစပြီး ခင်သွားကြပြီး နောက်နေ့ကျတော့ အတူတူလည်ရင်း သကြ်နလည်းပြီးရော ကြယ်ဖြူတို့လည်း ချစ်သွားရော"



"ဟ ... ဒါပဲလား၊ မြန်လိုက်တာ"

"ပုံပြင်လေးကတော့ ဒါပါပဲကွယ်၊ ဟင်း ... ဟင်း ... ဟင်း"

ကြယ်ဖြူ ခေါင်းငုံ့ကာ ရှက်စနိုးရယ်ပုံလေးကို ဝိုင်ညသဘောကျစွာ ကြည့်နေမိသည်။

ထိုညနေမှာ သူတို့နှစ်ယောက်ဟာ အရင်ဇာတ်လမ်းကိုယ်စီကို ပွင့်ပွင့်လင်းလင်း ပြန်ပြောကာ ရယ်မောရင်း ပေါ့ပါးလန်းဆန်းခြင်းများ ရတာနှင့်အတူ မွန်းကြပ်မှုတွေ ပြေလျော့သွားခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

"တီ ... တီ ... တီ"

လမ်းရှင်းနေပါလျှက် ဘေးကနေ ဟွန်းတီးသံကြားသဖြင့် ကြယ်ဖြူ ကြည့်လိုက်ရာ ပိုင်ညကား ဖြစ်နေသည်။

ကြယ်ဖြူလည်း ခေါင်းဆတ်ပြရင်း ကားကို ဘေးကပ်ကာ တက္ကသိုလ်မှော်ဂူရှိရာဖက်အခြမ်းမှာ ရပ်လိုက်၏။

ပိုင်ညလည်း သူမနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ကားရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူ ကားထဲက မဆင်းရသေးခင် သူက သွက်သွက်လက်လက် ဘေးနားရောက်လာပြီး . . .

"တစ်ယောက်တည်း ဘယ်တွေလျှောက်သွားနေတာလဲ"

ကြယ်ဖြူရဲ့မျက်နှာကို အနည်းငယ် ခြယ်သထားပုံကိုရော၊ ပုလဲနားဆွဲလေး ဆွဲထားပုံကိုရော ပိုင်ညက မျက်ခုံးပင့်လျက် ကြည့်လိုက်သေးသည်။

"သူငယ်ချင်းမြီပွဲကို"

"မြီပွဲဟုတ်လား။ ဘာလုပ်တာလဲ"

"ကရင်နှစ်သစ်ကူးပွဲပေါ့လေ"

"ဟုတ်လား"

"ပိုင်ညရော . . . ဘယ်ကိုလာတာလဲ၊ အချိန်ရရင် ကြယ်ဖြူနဲ့ လိုက်ခဲ့ပါလား။ သူငယ်ချင်းတွေက သဘော ကောင်းကြပါတယ်၊ ဟိုရောက်ရင် ပျော်သွားမှာ၊ ပိုင်ည စိတ်ညစ်နေတာတွေ ပျောက်သွားမှာ"



"ကိုယ်စိတ်ညစ်နေတယ်လို့ ဘယ်သူပြောလဲ"

"ရုပ်ကိုကြည့်ရင် သိတာပဲ"

"ဟ . . . ဟ"

သူက ခေါင်းမော့ရယ်လိုက်သေးသည်။

"ဘယ်လိုလဲ . . . လိုက်မှာလားဆို"

"ကိုယ်ပါလာလို့ ကြယ်ဖြူ့ကို တစ်မျိုးထင်ရင်ရော"

"မထင်ပါဘူး။ သူငယ်ချင်းဆိုတာ ပြောလိုက်မှာပေါ့"

"ဒါဆို . . . အိုကေလေ၊ ဒီတစ်ခါတော့ မင်းကားနောက်က လိုက်ရတော့မှာပေါ့"

သူက ဆုံးဖြတ်လိုက်သလို ဆိုသည်။

"နေဦး . . . မင်းက အလှပြင်ထားပြီး၊ ကိုယ်က ဒီပုံနဲ့ရပါ့မလား"

"ဘာကြောင့် မရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ဂျင်းဘောင်းဘီနှင့် မီးခိုးဖျော့ ရှပ်အင်္ကျီ အကွက်လေးနှင့် သပ်ရပ်အဆင်ပြေနေသားပဲကို။

"ကြယ်ဖြူလည်း ဒီလောက်မပြင်ပါဘူးနော်"

"ပြင်လည်း မလှဘူးလို့ပြောမလို့၊ မထူးပါဘူး ဒီတိုင်းနေတာ မိတ်ကပ်ဖိုး သက်သာမယ်ကွ၊ ကိုယ့်အကောင်းအကြံပေးတာနော်"

ကြယ်ဖြူက ဒီနေ့မှ စိတ်ရှည်ရှည် မိတ်ကပ်လိမ်းလာမိသဖြင့် သူ့စကားကြောင့် ရှက်စိတ်တိုမိ၏။

နှုတ်ခမ်းကိုက်လျက် မျက်စောင်းရှပ် [illegible] သူ တဟက်ဟက်ရယ်ကာ သူ့ကားဆီ လျှောက်သွားသည်။

ကြယ်ဖြူကိုကျတော့ ဘာပဲလုပ်လုပ် ဘာကြောင့် မလှဘူးလို့ ထင်ကြရတာတဲ့လဲ။

ဟိုမိန်းမကိုကျတော့ လှကြောင်းပကြောင်း ချီးမွမ်း ညှိက်ရတာအမော။

တော်ပါပြီနော် . . . ဒင်းတို့ယောကျ်ားတွေအား



လုံးဟာ တစ်မျိုးမဟုတ် တစ်မျိုးတော့ စိတ်ပျက်စရာကောင်းတာချည်းပါပဲ။

နှုတ်ခမ်းစူကာ ငြိမ်သက်နေမိသေးသည်။

ပြီးတော့မှ သူ့ ဟွန်းတီးလိုက်မှ စက်နှိုးကာမောင်း ထွက်ခဲ့သည်။

ကားလေးနှစ်စီးသည် လမ်းပေါ်၌ ရှေ့နောက်ကပ်လျက် ယှဉ်ပြေးနေကြသည်။

ထို့အတူ သူတို့နှစ်ဦးသား ရင်ထဲမှာလည်း . . . ။

www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... ကြယ်ဖြူ အရမ်းလှနေပါလား"

သူငယ်ချင်းတွေက ကားပေါ်က ဆင်းဆင်းချင်း အနားထိလာကြိုကြသည်။

သူမနားက ပိုင်ညကိုမြင်တော့ ...

"ဘယ်လိုလဲဟေ့ ... မိတ်ဆက်ပေးဦးလေ"

"ရှင့်ရည်းစားသစ်က အရမ်းမိုက်ပါလား။ ကိုနေရှင်ထက်တောင် ပိုချောသေးတယ်"

တစ်ယောက်က ခပ်တိုးတိုးဆိုသဖြင့် ...

"ရှင်တို့ ပေါက်ကရ လျှောက်မပြောနဲ့နော်၊ သူက

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူ့သူငယ်ချင်း ကိုပိုင်ညတဲ့"

"ဟဲ ... ဟဲ သူငယ်ချင်းတဲ့"

မယုံသလို ရယ်လိုက်ကြ၏။

မယုံရင်လည်း မတတ်နိုင်ပါဘူး။ ထင်ချင်သလို သာ ထင်ကြပေတော့ ...။

"ကဲပါ ... လာပါဦး၊ အထဲဝင်ကြပါဦး"

ခြံထဲမှာ မီးရောင်စုံနှင့် စည်ကားသက်ဝင်နေသည်။

ကရင်ရိုးရာဝတ်စုံနှင့် ယောက်ျားလေး မိန်းကလေး အုပ်စုများစွာကိုလည်း တွေ့ရသည်။

တေးသံများလည်း မြူးမြူးကြွကြွ ထွက်ပေါ်နေသည်။

"ကကြတော့မလို့ ... ပြင်နေကြတာ"

ပိုင်ညက ကြယ်ဖြူနားတိုးကာ ...

"ဖြစ်ပါ့မလား ကြယ်ဖြူ၊ သူတို့က ကကြမှာ"



"ဘာဖြစ်လဲ၊ ကြယ်ဖြူတို့က ထိုင်ကြည့်မှာပေါ့"

ကြယ်ဖြူနှင့်ပိုင်ညက နံဘေးမှာ ခထာဝင်ထိုင်ကာ သူတို့ညှော်ခံသော ထမင်းပေါင်းတို့၊ ရေခဲမုန့်တို့ စားလိုက်ကြသေးသည်။

ဒုံးယိမ်းအကကို ကြည့်ရသည်မှာလည်း ပျော်စရာတော့ ကောင်းပါသည်။ ကိုယ်ပါရောပြီး ကခုန်ချင်သလိုလို ဖြစ်လာရ၏။

"ဟော့ ... ကြယ်ဖြူ ချောင်ကပ်မနေနဲ့ ... လာ"

"ဒါ ဒီညတော့ မကတော့ဘူးနော်၊ ညှော်သည် လည်းပါတော့"

လာပြီး လက်ဆွဲခေါ်ကတည်းက ကြယ်ဖြူ သဘောပေါက်သည်။

သူတို့က မရမက ဆွဲခေါ်ကြသည်။

အရင်နှစ်တွေတုန်းကလည်း သူတို့ရဲ့အတူ

www.burmeseclassic.com



ခုံးယိမ်း ဝင်ကနေကျဆိုတော့ ငြင်းမရချေ။

အိမ်ထဲက ပြန်ထွက်လာလျှင် ကြယ်ဖြူကို မြင်ရသည်မှာ ကရင်ရိုးရာဝတ်စုံလေးနှင့်မို့ အမြင်ဆန်းလေသည်။

"ကိုပိုင်ညရော ... လာပါ"

"ဟာ ... ကျွန်တော် မရဘူး"

ပိုင်ည ရှက်ရှက်နှင့် လက်ကာသေးသည်။

သို့ပေမယ့် ကြယ်ဖြူလေးကိုယ်တိုင်က ဝင်ကဖို့ စိတ်ပါနေပြီဆိုတော့ သူလည်း မနေသာတော့ပါ။

ညကလေးက အင်မတန် လှပကြည်နူးဖွယ် ကောင်းတော့၏။

မမျှော်လင့်ဘဲ ကြယ်ဖြူနှင့် တွဲကခွင့်ရခဲ့သည်။

ကြယ်ဖြူ့စိတ်မှာလည်း ဆန်းကြယ်မြူးကြွလို့ လာသည်။

သူနှင့်ကြယ်ဖြူဟာ ခင်မင်သိကျွမ်းတာ ဘာမှ



မကြာသေးဘဲ တရင်းတနှီး ယှဉ်တွဲကခွင့်ရသည်။

ဒါဟာ ဘာကြောင့်လဲ။

ပဝါလေးကို မြှောက်ကာ မြှောက်ကာ ကြယ်ဖြူ ပြုံးနေမိသည်။

ပိုင်ညနှင့် အကြည့်ချင်းဆုံလျှင်တော့ နှုတ်ခမ်းဖွင့်ကာ ရယ်မိသည်အထိ ပျော်နေမိတာအမှန်။

တစ်ပွဲက ပြီးလျှင် လူက အတော်မောသွားလေသည်။

သူတို့တွေ ဝါးညှပ်အက ကဖို့ပြင်ဆင်တော့ ကြယ်ဖြူတို့မပါတော့။

ဝါးညှပ်အကကိုတော့ ကောင်းကောင်းမကျွမ်းကျင်ဘူးလေ။

"ပိုင်ည ... ပျော်လား"

"အင်း"

အအေးပုလင်းကိုယ်စီနှင့် ထိုင်ခုံမှာ ဝင်ထိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

"ကြယ်ဖြူ ဒီကို နှစ်တိုင်းရောက်လား"

"အင်း ... ရောက်တယ်"

သူက ကြယ်ဖြူ့မျက်လုံးထဲ အဓိပ္ပာယ်ပါပါ စိုက်ကြည့်လိုက်ကာ ...

"ဒါဆိုရင် နေရှင်နဲ့ ကဖူးတာပေါ့"

"အဲဒါပြောမလို့ဘဲ ကိုကိုနဲ့ မကဖူးလိုက်ဘူး။ ပြီးခဲ့တဲ့နှစ်တုန်းက ကရင်နှစ်သစ်ကူး မရောက်ခင် သူခရီးထွက်သွားသေးတယ်၊ အခု ပိုင်ညနဲ့မှ အတူတူ က ဖြစ်တာ"

ဘာရယ်မဟုတ် ပိုင်ညမျက်နှာ ပြုံးသွားရသည်။

"ဘာပြုံးနေတာလဲ"

"ဒီပုံစံလေးနဲ့ ကြယ်ဖြူ လှနေလို့ပါ"

"မဟုတ်ဘဲနဲ့"

အင်္ကျီလေးကို ရှက်စနိုး ဆွဲချမိသည်။



ခပ်လှမ်းလှမ်းမှာ ဓါတ်ပုံရိုက်နေကြတာတွေ့လျှင်

"ပိုင်ညရေ ကြယ်ဖြူတို့လည်း အမှတ်တရ ဓါတ်ပုံ ရိုက်ရအောင်"

"ခင်ဗျားလေးသဘောပဲ"

ဓါတ်ပုံလေးငါးပုံလောက် ရိုက်ပြီးလျှင် လှုရှင်းသော ခြံထောင့်သစ်ပင်အောက်က ခုံတန်းလေးမှာ လာ ထိုင်မိကြသည်။ ညဥ့်နက်လာပြီမို့ လူလည်း အနည်းငယ် ရှင်းလင်းစပြုလာရပါပြီ။

ကြယ်ဖြူသည် ဒီနေရာလေးက တော်တော်နှင့် မပြန်ချင်။

ပိုင်ညလည်း ထိုသို့ပင် ပြန်ဖို့စကားမဟာမိသေး ချေ။

ရွှေကြာနှင့် လမ်းခွဲခဲ့ပြီးနောက် ဒီည စိတ်လက် အပေါ့ပါးဆုံးပင်။

ဆိတ်သုဉ်းနေသော ရင်ခုန်သံတို့ ပြန်လည်သက်

www.burmeseclassic.com



ဝင်နိုးကြားလာသလို ထင်မိသည်။

ကြယ်ဖြူဟာ သူ့အတွက် တစ်ဦးတည်းသော အားပေးဖော်လေးဖြစ်တာ ပိုင်ညာ နားလည်လာမိသည်။

ဒါပေမယ့် ရွှေကြာရယ် ...

မင်းနေရာမှာ ကိုယ် ဘယ်သူ့မှ အစားထိုးချစ်လို့တော့ မရသေးပါဘူးကွာ၊ ကိုယ် သိပ်ညှံ့တယ်ပဲဆိုပါတော့...။

- ခပ်ဝေးဝေးက လျှောက်သွားသော ဆံပင်ရှည်ရှည် ကောင်မလေးတစ်ယောက်ကို လိုက်လံငေးမော ကြည့်မိရင်း ရင်ထဲမှာ ရွှေကြာကို ပြင်းပြင်းပြပြ လွမ်းဆွတ်လာမိသည်။

''မောင်ရေ''ဟု တိုးဖွဖွခေါ်သံလေးကို အခုပင် ကြားမိသလိုလို ထင်မိသည်။

တကယ်တော့ ရွှေကြာက ကိုယ့်ကို မောင်လို့လည်း ခေါ်မှာမဟုတ်တော့ပါ။



ကိုယ်ကသာ ဒီအသံလေးကို ကြားချင်နေမိခြင်း သက်သက်ပါ။

ပိုင်ညာ ခပ်ဝေးဝေးကို ကြည့်နေသဖြင့် ကြယ်ဖြူက သူ့မျက်နှာကို ခိုးကြည့်နေမိသည်။

ယောက်ျားပီသသော မျက်နှာခပ်ချောချောမှာ သူ့မျက်လုံးတွေက ရီဝေနေသည်။

သူလည်းပဲ ကြယ်ဖြူလိုပဲ အချစ်ကံခေသူ တစ်ယောက်ပင် မဟုတ်ပါလား။

သူငေးကြည့်နေသောအရာက မိန်းကလေးငယ် တစ်ဦး၏ ကျောဖက်မှာ စင်းစင်းဖြောင့်ဖြောင့် အုပ်မိုးနေသော ဆံနွယ်ရှည်ရှည်များကိုပင် ဖြစ်သည်။

ကိုကိုလည်း ဒီလိုပဲ ချစ်သူအသစ်ကလေးရဲ့ ထူးခြားတင့်တယ်သော ဆံပင်ရှည်များကို ယုယမြတ်နိုးနေပေလိမ့်မည်။

ကြယ်ဖြူ့ကိုပင် မကြာခဏ ဆံပင်ရှည်ထားပါ

www.burmeseclassic.com

www.burmeseclassic.com



လားဟင်ဟု ပူဆာခဲ့တာ ပြန်သတိရသည်။

ကြယ်ဖြူ့မှာ ဆံပင်ရှည်လာလို့ ဖြူတီဆလွန်းကို သွားချင်နေလျှင်ပင် မသွားရဲ။

"ဒီလိုလေး ပိုလှတယ်ကွ၊ ကြည့်ပါလား"

ကြယ်ဖြူ့ဆံပင်လေးများကို ပွတ်သပ်ကိုင်တွယ်ကာ သူက တိုက်တွန်းသလိုဆိုလျှင် ကြယ်ဖြူ့မှာ ဘာမှ ပြန်မပြောနိုင်တော့။

တစ်လနှစ်လလောက် ဆိုင်မသွားဘဲ နေကြည့်ရသည်။

သို့ပေမယ့် ကြယ်ဖြူ မနေတတ်၊ ဆံပင်ရှည်တာကို မကြိုက်။ သပ်သပ်ရပ်ရပ်ကလေး ဖွကောက်ပြီး ပုံသွင်းထားမှပဲ မှန်ထဲမှာ ကိုယ့်မျက်နှာကို သဘောကျတတ်တာဟာ အကျင့်ပါနေပြီမို့ မတတ်နိုင်။

ဆံပင်ပုံစံ အသစ်အဆန်းလေးတွေ အမြဲပြောင်းလဲနေရတာကိုမှ ကြယ်ဖြူက ခရေဇီဖြစ်တော့လည်း



အခက်သား မဟုတ်လား။

ဒီတော့ ကိုကိုနှင့် စိတ်ကောက်ပြီဆိုမှ သူမ အခွင့်အရေးရသည်။ စိတ်ကောက်ပြီး နှစ်ရက်လောက် မတွေ့ရတဲ့အချိန်မှာ ဖြူတီစလွှန်းကို အချိန်မီပြေးပေတော့။

တစ်နေကုန်အောင် ကောက်လိုက်၊ ဖွလိုက်၊ ညှပ်လိုက်၊ ပေါင်းတင်လိုက် မျိုးစုံလုပ်ပြီး ညနေစောင်းမှ အိမ်ပြန်သည်။

ခင်နေပြီဖြစ်သော ဆိုင်ကအစ်မကြီးကလည်း ကြယ်ဖြူ ဂျေးထူသမျှ မညည်းမညူ လုပ်ပေးရှာသည်။

နောက်တစ်နေ့ စိတ်ကောက်ပြေလို့ ကိုကိုနှင့် တွေ့ရပြီဆို ဖွာလန်ကျဲနေတဲ့ ဆံပင်တွေကို မရမကစည်းနှောင်ပြီးမှ သွားရသည်။

ဒါတောင် ကြယ်ဖြူ့ကို မြင်မြင်ချင်း မျက်မှောင်ကြီးကုပ်ပြီး . . .

"ဒါက ဘယ်လိုဖြစ်လာတာလဲ"ဟု မကျေမနပ်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းထုတ်တာမို့ လှည့်ပတ်ပြီး မနည်းလွတ်အောင် လျှောက်လဲချက်ပေးရသေးတာ။

အမှန်တော့လည်း အသေးအဖွဲလေးတွေမှာက အစ နားလည်မှုမရှိခဲ့တာမို့သာ ဒီလို အသည်းကွဲဇာတ်လမ်းမျိုး ပေါ်ပေါက်လာတာထင်ပါရဲ့။

တကယ်ဆို ကိုယ့်ဆံပင်ကိစ္စဟာ ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာပဲ။ ဒါလေးကိုပင် လိုက်အမိန့်ပေးပြီး ကိုယ်လိုရာပုံသွင်းချင်တာကတော့ တဆိတ်တစ်ကိုယ်ကောင်းဆန်လွန်းသည်။

အခုလို ဝေးသွားကြပုပဲ ကိုကို့အပြစ်တွေကို ကြယ်ဖြူ သဲသဲကွဲကွဲမြင်လာသည်။

မထိုက်လို့သာ ဝေးကွာသွားတာပဲ၊ ဒါကို လွမ်းဖို့ မလိုပါဘူးနော်။

နှုတ်ခမ်းလေး တင်းတင်းစေ့ထားမိရင်း အာရုံထဲကဖျောက်ဖို့ ကြိုးစားနေမိသည်။



"ဟိတ် ... ဘာတွေငေးနေတာလဲ"

"မငေးပါဘူးနော်၊ ပိုင်ညသာ ဟိုက ဆံပင်ရှည်ကြီးကို လိုက်ငေးနေတာသိရဲ့လား"

ပိုင်ညက တစ်ချက်ရယ်သည်။

"ဟုတ်တယ်ကြယ်ဖြူ၊ ကိုယ်မညာချင်ပါဘူးကွာ ဒီညမှာ သူ့ကို အရမ်းသတိရမိတယ်"

"ဘာကြောင့်လဲဟင်"

"ကိုယ်လည်း သေချာမသိဘူး"

ပိုင်ညက ခေါင်းယမ်းလိုက်သည်၊ ပြီးတော့ လက်ကို တင်းတင်းပိုက်သည်။

"ပိုင်ည ချမ်းနေပြီထင်တယ်"

"မချမ်းပါဘူး"

"ဘီယာသောက်ချင်ပြီထင်တယ်နော်"

"မဟုတ်ပါဘူး၊ ကိုယ်တကယ် အရက်မကြိုက်ဘူး၊ ကြိုက်ရင် ကိုယ်အခုအချိန်မျိုးမှာ ခေါင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



သောက်နေမိမှာပေါ့၊ သူ့ကို ခဏလေးဖြစ်ဖြစ် သတိရနေမိတာ ကိုယ်မခံနိုင်တော့ဘူး၊ သူ့ဆီ ဖုန်းမဆက်မိအောင် စိတ်ကိုတင်းထားတယ်။ အခုလည်း အမှန်အတိုင်းပြောရရင် ဆောင်းတွင်းဆို ရှေးကြာ လက်ဖဝါးလေး နွေးနေတတ်တာကို တွေးနေမိတာ''

မထူးပါဘူးဆိုသောသဘောနှင့် ပိုင်ညက ရင်ဖွင့်လိုက်မိတော့သည်။

''ပြီးတော့ သူ့လက်လေးက အရမ်းနူးညံ့တယ်၊ ပန်းပွင့်ဖတ်ကလေးလို ပျော့နေတာ၊ ထူးဆန်း ယ်၊ အရိုးအဆစ်တွေ မရှိတဲ့အတိုင်းပဲ''

ကြယ်ဖြူသည် ကိုယ့်လက်ဖဝါးကို ယောင်ပြီးဖြန့်ကြည့်မိမလိုတောင် ဖြစ်သွားရသည်။

သူက အဲလောက်ညွှန်းတော့လည်း စိတ်ဝင်စားမိတာအမှန်။

ကြယ်ဖြူ့လက်ကတော့ သာမန်ပါပဲ။ ပန်းပွင့်ဖတ်



လို မပျော့တာသေချာသည်။

''ဆောင်းမှာနွေးပြီး နွေမှာအေးနေတတ်တာ ညောင်ညိုရိပ်ရယ်၊ ဝွင်းရေရှယ်၊ မိန်းမမြတ်ရဲ့လက်ဖဝါးရယ်တဲ့၊ ကြယ်ဖြူ ကြားဖူးတယ်မဟုတ်လား။ ရှေးကြာလက်ဖဝါးလေးက တကယ်ပဲ ဆောင်းတွင်းဆို နွေးနေပြီး နွေခေါင်ခေါင်ကျရင် အေးမြနေတာကွ သိလား''

ပိုင်ညက မှတ်မှတ်မိမိ တမ်းတမ်းတတ ဖွင့်ဟနေရှာသည်။

''ဒါဆိုရင် သူက မိန်းမမြတ်ပေါ့၊ ဟုတ်လား''

ကြယ်ဖြူ မကျေမနပ် ပြန်မေးလိုက်မိသည်။

သူက ကြယ်ဖြူ့ဖက် တစ်ချက်လှည့်ကြည့်သည်။

ကြယ်ဖြူ့မျက်လုံးတွေထဲမှာ နာကျင်ဝမ်းနည်းနေသော အရိပ်အခြည်လေးကိုတွေ့ရတော့မှ ပိုင်ည တိတ်ဆိတ်သွားရသည်။

''ကြယ်ဖြူ့အနေနဲ့ မှတ်ချက်ပေးရရင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူက မိန်းမယုတ်ပဲ၊ ကိုကို့ကို တို့လက်ထဲက လုယူသွားတဲ့ မိန်းမတစ်ယောက်ကို ကြယ်ဖြူ ဘယ်တော့မှ အကောင်း မမြင်မှာ မဟုတ်ဘူး''

''မင်းဖက်ကကြည့်ရင်တော့ ဟုတ်ပါတယ်''

''ပိုင်ညဖက်က ကြည့်ရင်လည်း သူဟာ သစ္စာမဲ့ မိန်းမတစ်ယောက်ပါပဲ၊ ဒါကို ရှင်ငြင်းလို့မရပါဘူး''

သူက ခေါင်းဆတ်သည်။

''အဲဒီတော့ ... တော်ရုံတန်ရုံပဲ ချီးမွမ်းခန်းဖွင့် ပါ ဦးပိုင်ညရဲ့၊ ဒီမှာ နားကလောလှပြီ''

''ဆောရီးပါ ကြယ်ဖြူရယ်၊ ကိုယ်နောက်ဘယ် တော့မှ အဲလိုမပြောတော့ဘူးကွာ၊ ကျေနပ်ပါနော်''

''တော်ပြီ ... တော်ပြီ၊ ပြန်တော့မယ်''

''ဟာ ... ကိုယ်လည်း ပြန်မှာပေါ့''

ထိုင်နေရာမှ ဖောင့်ခနဲထလျှောက်သွားသော ကြယ်ဖြူ ခြေလှမ်းပြင်းပြင်းတွေနောက်က ပိုင်ည အပြေး



တစ်ပိုင်း လိုက်လာရတော့သည်။

ကိုယ်ကလည်း ကိုယ်ပဲလေ။

သူမဒေါသဖြစ်အောင် တမင်တကာ ပြောမိသလို ဖြစ်နေသည်။

တကယ်တော့ တို့နှစ်ယောက်ကြားမှာ နေရှင်နဲ့ ပန်းရွှေကြာဆိုတာ မရှိတော့ရင် အကောင်းဆုံးပဲ။

ဒါမှလည်း ကိုယ်နဲ့မင်းဟာ စိတ်ချမ်းသာမှုကို ရှာဖွေတွေ့ရှိမှာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ကန်တော်ကြီးရေပြင်နှင့် အနီးဆုံးက ထောင့်စွန်းစားပွဲတစ်လုံးမှာ ပိုင်ည ရွေးချယ်ထိုင်လိုက်သည်။

ရေပြင်ကျယ်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးအေးက သူ့စိတ်တွေကို ရှင်လန်းအေးငြိမ်းသွားစေသည်။

သာယာကြည်နူးဖွယ်မြင်ကွင်းနှင့် ကန်ရေပြင်က ငြိမ်သက်လှပနေ၏။

ပိုင်ညက ကိုကာကိုလာနှစ်ဗူးကို ကြိုတင်မှာကြားပြီးနောက် ရွှေရောင်စီးကရက်ဗူးထဲက စီးကရက်တစ်လိပ်

www.burmeseclassic.com



ကို ထုတ်ယူမီးညှိလိုက်သည်။

သူ အရက်မကြိုက်ပေမယ့် စီးကရက်တော့ ကြိုက်သည်။

မွှေးပျံ့သော စီးကရက်နံ့လေးက သူ့စိတ်ကို အမြဲတမ်းဆွဲဆောင်နိုင်သည်။

ခုတလော ပိုင်ညှ စီးကရက် ပိုသောက်ဖြစ်လာသည်။

စိတ်တွေ ရှုပ်ထွေးမှုန်းကြပ်လွန်းလို့ပါ။

သို့ပေမယ့် ကံကောင်းထောက်မစွာ သူ့မှာ အဖော် တစ်ယောက်တော့ ရှိခဲ့သည်။

ခံစားချက်ချင်းတူညီသော ထိုအဖော်လေးနှင့် စကားပြောနေရရင် စိတ်သက်သာရာ ရမိတာအမှန်။

အခုလည်း ကြယ်ဖြူ ဖုန်းဆက်ထားတာမို့ သူ ဒီမှာ ကြိုတင်စောင့်ဆိုင်းနေခြင်း ဖြစ်သည်။

"ဖုန်းထဲမှာ မပြောချင်ဘူး ပိုင်ညှရဲ့၊ ပြောစရာ



တွေ အများကြီးပဲ၊ တွေ့မှပဲ အေးအေးဆေးဆေး ပြောပြမယ်"

ကြယ်ဖြူ့စကားသံမှာ အရေးတကြီးနှင့် စိတ်လှုပ်ရှားနေပုံရသည်။

ဖြစ်နိုင်တာကတော့ နေရှင်တို့အကြောင်းပဲ ထင်သည်။

ပိုင်ညှပါ စိတ်ဝင်စားမိသည်။

ဘာတွေထူးခြားလာပါလိမ့်။

ကြယ်ဖြူက ဟိုနှစ်ယောက်အခြေအနေကို အမြဲ လေ့လာစပ်စုနေသည်။ ဟိုတလောက သူတို့ နှစ်ဖက်လူကြီးချင်း ပြောဆိုစေ့စပ်ကြတဲ့ ပွဲကလေးတစ်ခု ထမြောက် အောင်မြင်သွားပြီဆိုတာလည်း ကြယ်ဖြူ့ဆီကပဲ သူ သတင်းရခဲ့တာဖြစ်သည်။

ကြယ်ဖြူပြောတာ မှန်သည်။

ရွှေကြာကလည်း စေ့စပ်ပြီးကြောင်း သူ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းကတစ်ဆင့် ပြောခိုင်းခဲ့သည်မဟုတ်လား။

ပိုင်ညု စီးကရက်တစ်လိပ် မကုန်ခင်ကလေးမှာပင် ကြယ်ဖြူကားလေး ထိုးဆိုက်လာသည်။

တီရှပ်အဖြူနှင့် ကော်ဖီမှုန့်ရောင် ထိုင်ဝမ်ပုံစံစကတ်လေးကို ဝတ်ထားပြီး ဆံပင်တွေကို ထိပ်ပေါ်တင်စုစည်း ချည်နှောင်ထားသော ကြယ်ဖြူ့ပုံစံလေးဟာ ရေးကြီးသုတ် ပြာနိုင်နေသလိုထင်ရသည်။

ခြေလှမ်းလေးက ခပ်သွက်သွက်။

ကြိုးသိုင်းဖိနပ်အဖြူလေးက သူမအရပ်ကို ခါတိုင်း ထက်တော့ ပိုမိုမြင့်မားနေစေသည်။

အနီးကပ်လာတော့မှ စိုရွှဲနေသော အသားရောင်နှုတ်ခမ်းဆိုးဆေးကို ထူထူဆိုးထားမှန်း မြင်ရသည်။

ပိုင်ညု တစ်ခဏတော့ သူမကို ငေးစိုက်ကြည့်နေမိသည်။

အနားကပ်လာလျှင် သူမလွယ်ထားသော သား



ရေအိတ်လေးကို စားပွဲပေါ် ဘုတ်ခနဲ အရင်ပစ်ချလိုက်ပြီး

"ရှင်က ဒီမှာအေးအေးနေ၊ သိလား"

"ဟ . . . ဘာဖြစ်လာတာလဲ၊ ဖြေးဖြေးပြောစမ်းပါ"

"သူတို့လက်ထပ်တော့မယ်၊ အခုလာမယ့် ဆယ့်ရှစ်ရက်နေ့ ( . . . . . )ဟိုတယ်မှာ ဒိတ်ယူပြီးသား"

"ဟုတ်လား"

ကြိုတင်ပြင်ဆင်ထားသလိုပင် ပိုင်ညုက သိပ်မတုန်လှုပ်။

ကြယ်ဖြူ့မှာသာ ပျာယာခတ်နေမိတာ။

"ဘယ်လိုလုပ်ကြမလဲဟင် . . . သူတို့ တကယ်ယူဖြစ်ကြတော့မယ်"

"ဘာတတ်နိုင်မလဲကွာ"

"အဲလို မပျော့ညံ့ပါနဲ့ ပိုင်ညုရယ်၊ ကြယ်ဖြူ့ညာ အိပ်တောင်မပျော်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲလို ကိုယ့်ကိုယ်ကို ထိခိုက်မခံနဲ့လေ"

ပိုင်ညစကားကြောင့် ကြယ်ဖြူ မျက်ရည်ရစ်ဝိုင်းလာသည်။

သူတို့ မင်္ဂလာဆောင်မည့်လည်းကြားရော ဟန်ဆောင်တင်းထားသမျှတွေ အရည်ပျော်ကာ ကြယ်ဖြူ အလူးအလဲ ခံစားရသည်။

ကိုကို့ကို တကယ်လက်လွှတ်ဆုံးရှုံးရမှာ သေချာတော့မှ ခံနိုင်ရည်မရှိဘူးဆိုတာ ပိုသေချာလာခဲ့သည်။

ညကလည်း ဝမ်းပန်းတနည်း ရှိုက်ငိုခဲ့မိသည်။

အခုလည်း ရင်ထဲမှာ လစ်ဟာ နုံးချွေပြီး ငိုချင်စိတ် ပြင်းပြလာမိသည်။

"ဖိတ်စာကို ပန်းရောင်လေးနဲ့ ရိုက်တယ်၊ အရမ်းလှတာပဲ၊ သူနဲ့ရော ကြယ်ဖြူနဲ့ပါခင်တဲ့ ကွန်ပျူတာဆိုင်မှာအပ်တော့ သူငယ်ချင်းက ဖုန်းလှမ်းဆက်တယ်၊ အရင်တုန်းက သူနဲ့ ကြယ်ဖြူနဲ့ ဖိတ်စာအကြမ်းတစ်ခုကို အရ



တူစာစီဖူးခဲ့တော့ အခု သတို့သမီးက မြန်မြန်ကြီး ပြောင်းလဲသွားတော့ သူတို့က ဝိုင်းမေးကြတယ်၊ သူတို့ မယုံနိုင်ကြဘူး။ ကြယ်ဖြူကို သနားကြတယ်။ ကြယ်ဖြူ အသနားမခံဘူး၊ သိပ်ခံပြင်းဖို့ကောင်းတာပဲ . . . ဟင့်"

မအောင့်နိုင်တော့သလို ပြောရင်းက တစ်ချက်ကြိတ်ရှိုက်လိုက်၏။

"ဟာ . . . ကြယ်ဖြူ . . . ကြယ်ဖြူ အဲလိုမငိုနဲ့လေ၊ သူများတွေမြင်ရင် တစ်မျိုးထင်လိမ့်မယ်"

သူက မျက်ရည်သုတ်ပေးတော့မလို လက်ကြီးမြှောက်တက်လာပြီးမှ ပြန်ချကာ အားမလိုအားမရ နှစ်သိမ့်၏။

"မငိုပါဘူး . . . ဘယ်မှာငိုလို့လဲ"

ကြယ်ဖြူက ပါးပေါ်က မျက်ရည်တွေကို လက်ခုံနှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်သည်။

"အေးပါကွာ . . အဲလိုသတ္တိမျိုး မွေးစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်နှင့် စိုရွှဲနေသော မျက်တောင်ကော့လေးများကို သူကြည့်နေမိသည်။

သူမကိုလည်း ပိုပြီး သနားစိတ်ဖြစ်လာရ၏။

"မင်း ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ၊ အားလုံးကို ဖြစ်အောင်ကူညီမယ် ... ပြော"

"ပိုင်ညှ တကယ်ပြောတာလား"

"ဩော် ... တကယ်ပါကွာ"

"သူတို့ လက်ထပ်လိုက်မှာကို ဒီလိုမျိုး ဝမ်းနည်းပက်လက်ကြီး ကြည့်မနေနိုင်ဘူး"

"ကိုယ့်ကို ကြားဖြတ်ခိုးခိုင်းမလို့လား။ ဟား ... ဟား အဲဒါတော့ မဖြစ်ဘူးနော်"

ပိုင်ညှက တမင်ပင် တဟားဟား လုပ်ပေးလိုက်သည်။

သူမကို စိတ်ညစ်စရာတွေ မေ့ပျောက်စေချင်ပြီလေ။



"မခိုးခိုင်းပါဘူး။ ဒါပဲကြောက်နေတယ်၊ ဟွန်း"

"အဲလို ပုံမှန်နေစမ်းပါ၊ မျက်ရည်ကျတာ အရှုံး ပေးတာကွ"

"ဟင့်အင်း ... ဘယ်တော့မှ အရှုံးမပေးနိုင်ဘူး"

"ဟုတ်တယ် ... ကိုယ်တို့ အတူတူလက်တွဲရင်ဆိုင်ရအောင်၊ ဘယ်နည်းနဲ့မှ နစ်မြုပ်မခံနိုင်ဘူးကွာ၊ ဘယ်လိုလဲ"

သူက လက်ဖြန့်ပေးလျှင် ကြယ်ဖြူက သူ့လက်ဖဝါးကို လာရိုက်သည်။

ပိုင်ညှက အားပေးသလို ကြယ်ဖြူ့လက်ကလေးကို ခပ်တင်းတင်း ဆုပ်ညှစ်ထားလိုက်၏။

ပြီးတော့ မျက်လုံးချင်း အတန်ကြာဆုံမိကြသည်။

"ကိုယ် ... အခုလေးတင် အကြံတစ်ခု ခေါင်းထဲရောက်လာတယ်"

"ဘာလဲဟင် ... ဘာ

www.burmeseclassic.com

www.burmeseclassic.com



. . . မြန်မြန်ပြောစမ်းပါ၊ ဘာအကြောင်းလဲ''

သူက ကြယ်ဖြူကို အစိမ့်ယ်ပါပါကြည့်ရင်းက ရယ်ချင်လာသလို နှုတ်ခမ်းကိုက်ပြုံးလေသည်။

ဘာကြောင့်မှန်းမသိ တစ်စုံတစ်ရာကို စိတ်စောမိခြင်းနှင့် ကြယ်ဖြူ ရင်ခုန်မြန်လာသည်။

''ပိုင်ညှ''

''ကိုယ်ပြောမယ့်အကြောင်းကို ကြယ်ဖြူ သဘောတူချင်မှတူပါ၊ မတူလည်း ကိုယ် စိတ်မဆိုးပါဘူး၊ ကိုယ်တို့နှစ်ယောက်က တစ်လှေထဲစီး တခရီးထဲသွားချင်း ရဲဘော်ရဲဘက်လိုလည်း ဖြစ်နေပါပြီ၊ ဟုတ်တယ်မို့လား''

''အဲလောက် စကားပလ္လင်ခံမနေပါနဲ့ ပိုင်ညှရယ်၊ ပြောမှာပြောစမ်းပါ ကြယ်ဖြူ ရင်တုန်လှပြီ''

သူမက ရင်တုန်တယ်ဆိုသဖြင့် ပိုင်ညှ အနည်းငယ် ရှက်လာမိကာ ပြောရမှာ နှုတ်တွန့်နေမိသည်။

''ဘာလဲဆိုမှ အသည်းယားလာပြီ . . . ကဲ''



''သူတို့ကို အကောင်းဆုံးရင်ဆိုင်ဖို့ နည်းလမ်းက တစ်ခုတည်းပဲရှိတော့တယ်''

''အင်း . . . ပိုင်ညှ ရဲရဲသာပြော၊ ပိုင်ညှအကြံကောင်းကောင်း မကောင်းကောင်း ကြယ်ဖြူ လက်ခံတယ်ပြီးရော''

''ဟာ . . . အဲလိုလွယ်လွယ် ခေါင်းမညိတ်နဲ့လေ''

''ဘယ်လောက်ခက်တဲ့ ကိစ္စမို့လို့လဲ''

''ခက်တယ် . . . တစ်ဘဝလုံးနဲ့ဆိုင်တယ်''

''ဟင်''

ကြယ်ဖြူ မျက်လုံးဝိုင်းလေးနဲ့ နှုတ်ဆိတ်သွားမှ သူက . . .

''ကိုယ်တို့နှစ်ယောက်လည်း မြန်မြန်လက်ထပ်လိုက်ဖို့ပဲ၊ ဒါပဲရှိတယ်၊ အကောင်းဆုံး၊ တုံ့ပြန်နည်းပဲလို့ ကိုယ်တွေးမိတယ်။ မင်းနဲ့ ကိုယ်နဲ့မှာ နားလည်မှုရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနားလည်မှုနဲ့ ဘဝကို တည်ဆောက်လိုက်ရင် မဖြစ်ဘူးလား။ မင်း စဉ်းစားကြည့်စမ်းကြယ်ဖြူ ဒီတိုင်း အသားလွှတ် ရင်ကွဲခံမယ့်အစားတော့ ခေါင်းမော့ပြီး ပြုံးထားရအောင် ... ဘယ်လိုလဲ"

ကြယ်ဖြူ တခဏ ခေါင်းငုံ့ငြိမ်သက်သွားသည်။ ပြီးမှ စားပွဲကို လက်ဝါးနှင့် ပုတ်လျက် ...

"ကောင်းတယ် ... ပိုင်ညအစီအစဉ် မဆိုးဘူး ကြယ်ဖြူတို့ လက်ထပ်ကြရအောင်၊ ဖြစ်နိုင်ရင် သူတို့နဲ့ တစ်ရက်တည်း မင်္ဂလာဆောင်ကြမယ်"

"အိုကေ ... မင်းသတ္တိကိုတော့ ကြိုက်သွားပြီ ကြယ်ဖြူ။ မင်းဟာ ခေါင်းမာမာနဲ့ ထူးဆန်းတဲ့မိန်းကလေး တစ်ယောက်ပဲ၊ စိတ်ချ အားလုံးရဲ့အမြင်မှာ မင်းရှေ့မှာ ကိုယ်ဟားမားရပ်ပြမယ်"

"ကျေးဇူးတင်ပါတယ် ပိုင်ညရယ်"

"ကိုယ်ကပြောရမှာပါ ကြယ်ဖြူ"



"ဒါဆို ကြယ်ဖြူတို့ ဘယ်ကနေ စစီစဉ်မလဲ"

"ကိုယ့်အန်ကယ်ကျော်ကတော့ မင်းကြိုက်တဲ့ မိန်းမကိုယူလို့ ခွင့်ပေးပြီးသား။ မင်းရဲ့ ဒေါ်လေးကရော"

"ဒေါ်လေးက ကြယ်ဖြူပြောရင် ရပါတယ်"

"ဒါဆို ဖွင့်ပြောလိုက်တော့"

"ပိုင်ည လိုက်ပြောပေးရမယ်"

"အာ ... မင်းညစ်ပြီကွာ"

ကြယ်ဖြူက ပေါ့ပါးစွာ ရယ်လိုက်လေသည်။

"နေဦး ... နေတော့ရော လက်ထပ်ပြီး ဘယ်မှာနေကြမှာလဲဟင်"

"ကိုယ် အခန်းတစ်ခန်း ကြိုတင်ပြီး ဝယ်ထားတာ ရှိတယ်။ ရွှေကြာနဲ့ ချစ်နေကတည်းက ရွှေကြာမသိအောင် တိတ်တိတ်လေး ဝယ်ထားခဲ့တာ၊ အခုတော့ ကိုယ်တို့ အတွက် အဆင်ပြေပြီ၊ မင်းလိုက်မလား ဒီကအပြန် အဲဒီ အခန်းကို လိုက်ပြထားမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . လိုက်ကြည့်ရမှာပေါ့"

သူတို့နှစ်ဦးသား သဘောတူညီမှု ရသွားခဲ့သည်။

မထင်မှတ်ဘဲနှင့် ရှေ့ရေးအတွက် တတိုင်တည်း အစီအစဉ်တွေ ချမှတ်ရေးဆွဲနိုင်ခဲ့သည်။

ရင်ထဲမှာ တင်းကြပ်အုံ့ဖွဲ့နေသော မာနတွေ ထွက် ပေါက်တွေ့သွားခဲ့ပြီ မဟုတ်လား။

"ကိုယ်နဲ့ပတ်သက်လို့ ကြယ်ဖြူ ဘာမှတွေးပူ မနေနဲ့နော်၊ မင်းစိတ်ကြိုက် ကိုယ်နေမယ်၊ မင်းမကြည့်ဖြူ တဲ့ကိစ္စမှန်သမျှ ကိုယ် ရှေ့မတိုးဘူးနော်၊ ဒါလည်း မှတ် ထားဦး"

"အင်းပါ . . . ပိုင်ညကို ကြယ်ဖြူ ယုံပါတယ်"

ကြယ်ဖြူက အကြည့်လွှဲလျက် ခေါင်းညိတ် သည်။

ပိုင်ညကြောင့် ရင်ထဲမှာ အင်အားတွေ ရှိသွားခဲ့ ရပြီ။



သူပြောသလိုပဲ လက်ချင်းတွဲကာ ပြဿနာအား လုံးကို ခေါင်းမော့ရင်ဆိုင် ဖြေရှင်းပစ်လိုက်တော့မည်လေ။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို . . . ပိုင်ညလား"

"အင်း . . . ကိုယ်ပါ၊ ပြော မအိပ်သေးဘူးလား၊ ကိုယ်က ဖုန်းခေါ်မလို့ဘဲ ကြယ်ဖြူ အိပ်နေပြီလားလို့ပါ"

"ဟိုလေ . . မနေ့တုန်းက မေးစရာတစ်ခုကျန်သွားလို့"

"ဘာလဲ"

"ပိုင်ည အမှန်အတိုင်းဖြေနော်"

"အင်းပါကွာ . . . မင်းကို ဘာကြောင့်ညာရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



''အခု ကြယ်ဖြူနှစ်ယောက်လည်း ဆယ့်ရှစ်ရက်နေ့ လက်ထပ်ဖို့ စီစဉ်ပြီးကြပြီနော်''

''အင်းလေ ... အဲဒါဘာဖြစ်လဲ''

''မတော်တဆ အခုနေမှာ ရှင့်ရွှေကြာက စိတ်ပြောင်းသွားပြီး ရှင့်ဆီပြန်လာမယ်ဆိုရင်ရော ပိုင်ညဘယ်လိုဆုံးဖြတ်မလဲဟင်''

သူမက မိန်းကလေးမို့ ကြံဖန်တွေးပူတတ်သည်ပဲ။

ပိုင်ည ပြုံးလိုက်မိသည်။

မဖြစ်နိုင်တော့တာပဲ။ ရွှေကြာနှင့်ဇာတ်လမ်းက ပြီးပြတ်ခဲ့ပြီပဲ။

''ပိုင်ညကို တောင်းတောင်းပန်ပန်နဲ့ သူက ခွင့်လွှတ်ပါဘာညာဆိုရင် ပိုင်ညဖက်က ကြယ်ဖြူကို ကတိဖျက်လိုက်မှာလား''

''အဲ့ဒီပွာယ်မရှိတာကွာ''



''မရဘူးနော် ... ကြယ်ဖြူမေးတာ ရှင်းရှင်းဖြေ''

''လုံးဝကတိမဖျက်ဘူး ... ကိုယ့်ဖက်ကသေချာ ပြီးသား၊ သူအဲလို အပြောင်းအလဲမြန်ရင်လည်းကိုယ်သူ့ကို မယုံကြည်တော့ဘူး၊ ဒီတစ်သက်မှာ ကိုယ့်ရဲ့ယုံကြည်ချက်ဟာ အရင်လို သူ့အပေါ် ပြန်ဖြစ်တော့မှာမဟုတ်ဘူး။ မင်း စိတ်ချစမ်းပါကြယ်ဖြူရယ်၊ ကိုယ့်စကားတစ်ခွန်းဟာ မြဲမြံပါတယ်''

ကြယ်ဖြူက ပင့်သက်ကလေး ရှိုက်၏။

''နေပါဦး ... ကိုယ့်ကိုတော့မေးတယ်၊ မင်းရောနေရှင်ကို ပြန်လက်ခံနိုင်မလား။ အခုနေ သူနောင်တရပါပြီဆိုရင်''

''သူလား နောင်တရမှာ''

''ရပြီဆိုရင် ဘာလုပ်မလဲပြော''

''နှီးပဲပေါ့ ... ပိုင်ညရယ်၊ ဒါ မေးစရာလိုသေးလား။ ကြယ်ဖြူက ပိုပြီးတောင် စိတ်မှတ်ကြီးသေးတယ်၊

www.burmeseclassic.com



ဒီတစ်သက် သူ့အပေါ် ဘယ်တော့မှ ၁. အကြောင်းနဲ့မှ ယုံကြည်နိုင်မှာ မဟုတ်တော့ဘူး။ ကြယ်ဖြူ့ယုံကြည်မှုတွေ ကြေမွပျက်စီးသွားပြီလေ''

''ဒါဆိုရင် အတူတူပဲ၊ ဘာမှ ပြောမနေနဲ့တော့၊ *အေးအေးဆေးဆေး စိတ်ချလက်ချ အိပ်ပျော်အောင် အိပ်* လိုက်တော့။ ကိုယ့်အပေါ်လည်း ဘာမှသံသယမဝင်နဲ့ တော့ ဟုတ်ပြီလား။ ပိုင်ညဟာ အခုကစပြီး မင်းဖက် မှာပဲရှိမယ်။ မင်းဖက်ကပဲ အမြဲရပ်တည်တော့မယ်''

ကြယ်ဖြူသည် တယ်လီဖုန်းထဲကတစ်ဆင့် စီးမျောလာသော သူ့အသံလေးမှာ ကျေနပ်နှစ်သိမ့်စွာ မျက်လုံး လေးတွေ မှိတ်ထားလိုက်မိတော့သည်။

ရေသန့်ဗူးထဲကရေကို ဖန်ခွက်ရှည်မျောမျော ကလေးထဲ အဖုံးဖွင့်ထည့်ပြီး မော့သောက်ဖြစ်ခိုက်မှာ ကိုယ့်တာဝ တကယ်ပဲ တဆစ်ချိုးကွေ့သွားခဲ့ပါရောလားဟု တွေးမိရင်း ညှိခန်းထောင့်မှာ စုပုံထားသော ပက်ကင် စက္ကူလှလှများနှင့် ယုတ်ပိုးထားသည့် မင်္ဂလာဦးလက်ဖွဲ့ ပစ္စည်းများဆီ ဝေ့ခနဲ အကြည့်ရောက်ပါသည်။

ကိုယ် ပျော်နေမိသလား။

ဟင့်အင်း ... နည်းနည်းကလေးမှ မပျော်။

ချစ်သူကို ဆုံးရှုံးခဲ့ရတာ၊ မချစ်ဘဲနှင့် လူချစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို လက်ထပ်ခဲ့ရတာ ဘယ်မှာပျော်စရာရှိလို့လဲ။

သူများတွေပြောတာ ကြားဖူးသည်။

ချစ်သူနှင့် ကွေကွင်းရတာ၊ မချစ်မနှစ်သက်သူနှင့် လက်ထပ်ရတာ နှစ်ခုစလုံး ဆိုးရွားသည်တဲ့။

အဲဒီလိုတော့လည်း ကိုယ်မထင်ပါ။

ဘာလို့လည်းဆိုတော့ ...

ခုလိုလက်ထပ်ရတာ ကိုယ့်ရှင်ထဲမှာ ကျေနပ်သည်။

ကိုယ်သည် ကိုယ့်ဘဝကို ကျေနပ်ခြင်းနှင့် လျှောက်လှမ်းဖို့ တွေးတောစိတ်ကူးခဲ့လို့ပါ။

ရေပူးထဲက ရေတစ်ခွက် ထပ်ငှဲ့ထည့်ရင်း ဒရင်းဘက်ပေါ် ခြေကလေးဆင်းပြီး ထိုင်နေသော ကိုယ့်သတို့သမီးဆီ လှမ်းကြည့်လိုက်၏။

ပြီးတော့ ... တစ်လှမ်းချင်း လျှောက်သွားမိပါသည်။



နှစ်ဦးသား နားလည်မှုကိုယ်စီနှင့် ပြေပြေလည်လည် တိုင်ပင်ညှိနှိုင်း လက်ထပ်ခဲ့ကြတာပဲ။

ဒရင်းဘက်ခ်ပေါ်က သူ့သတို့သမီးလေးကို သူ မမုန်းပါ။ ကျေးဖူးလည်း တင်သည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်လှမ်းချင်း လျှောက်လာနေသော 'ပိုင်ညဲ'ကို ကြယ်ဖြူက ငေးငေးကလေး ကြည့်နေမိပါသည်။

ညကလည်း အတော်ပင် ညဥ့်နက်ပြီမို့ အပျော်လွန်ဆူညံနေသော သူငယ်ချင်းများလည်း နှုတ်ဆက်ပြန်သွားခဲ့ပြီ။

တစ်နေ့လုံး ပင်ပန်းခဲ့တာမို့ ကြယ်ဖြူက လှုပ်ပင်မလှုပ်ချင်လောက်အောင် ငြိမ်သက်ထိုင်နေခဲ့၏။

"မောသွားပြီလား"

ပိုင်ညဲလှမ်းပေးသော ရေဖန်ခွက်ကိုယူပြီး အကုန်

www.burmeseclassic.com

www.burmeseclassic.com



လုံးကုန်အောင် မော့သောက်လိုက်မိသည်။

"သောက်ဦးမလား"

"တော်ပြီ"

ပိုင်ညက ဖန်ခွက်ကို စားပွဲပေါ် သွားတင်သည်။

ကြယ်ဖြူသည် ပိုင်းစက်နက်ရှိုင်းသော မျက်လုံးကလေးများနှင့် ပိုင်ညလှုပ်ရှားမှုများကို ငေးကြည့်နေမိပါသည်။

သူ့ကို တကယ်ပဲ လက်ထပ်ဖြစ်ခဲ့ပြီ။

သူနှင့်ကြယ်ဖြူ ချစ်သူတွေလည်းမဟုတ်။

တစ်ယောက်အကြောင်းတစ်ယောက် ကျကျနနပင် မသိခဲ့ပါ။

မြန်မြန်ဆန်ဆန် ဆုံးဖြတ်နိုင်လိုက်ခြင်းသည် ရင်ထဲက 'မာန'ကြောင့်ပါ။ ခံစားချက်ချင်း တူတော့လည်း ရည်ရွယ်ချက်ချင်း တူသွားတာမဆန်း။

အရှုံးကို လက်မခံနိုင်ပါ။



အရှုံးကြီးရှုံးနေတာကို ပြန်လည်ဆယ်ယူအရင်းရဖို့အတွက် ကြယ်ဖြူ ရဲရဲဆုံးဖြတ်ခဲ့ပါသည်။

နိုင်တော့ မနိုင်။

ချစ်သူကို ဆုံးရှုံးရပြီမို့ ဘယ်လိုလုပ်နိုင်မှာလဲ။

"မနက်ဖြန်မှပဲ ဒါတွေ ဖောက်ကြည့်တော့မယ်"

ပိုင်ညက တိုင်ပင်သလို ဆိုလာ၏။

"အင်း ... ကြယ်ဖြူ အိပ်ချင်ပြီ သွားအိပ်တော့မယ်"

ကြယ်ဖြူက ဒရင်းဘက်ခ်ပေါ်ကဆင်းပြီး လက်နှစ်ဖက်ဆန့်လျက် ဆိုပါသည်။ ပိုင်ည ဆတ်ခနဲ ခေါင်းညိတ်၏။

"ဂွတ်ဒ်နိုက်ကြယ်ဖြူ"

"ပိုင်ည မအိပ်သေးဘူးလား"

"ခဏနေဦးမယ်၊ တီဗွီခဏကြည့်ဦးမယ်"

ကြယ်ဖြူက မီးဖိုချောင်ဘက် လျှောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဗေစင်ရှေ့မှာရပ်ပြီး သွားပွတ်တံထုတ်ယူလျက် သွားတိုက်ဆေးဗူးအသစ်ကလေးကို ဖွင့်လိုက်၏။

တိုက်ခန်းလေးကစလို့ ပစ္စည်းမှန်သမျှ အကုန်အသစ်ကလေးတွေချည်းပါပဲ။

သွားတိုက်ပြီးတော့ ခြေလက်ဆေးသည်။

အခန်းတံခါးလေးဖွင့်ပြီး ဝင်လိုက်တော့ သန့်ပြန့်သစ်လွင်နေသော အိပ်ရာနှစ်ခုနှင့် အခန်းလေးက ကြယ်ဖြူ ကို ကြိုဆိုနေပါသည်။

"ဟ ... ဟ ဒါက ဘယ်လိုဖြစ်တာလဲ" ဟု သူဟို့အခန်းထဲကို စပ်စပ်စုစုဝင်ကြည့်သော သူငယ်ချင်းတွေက ပိုင်ညကို အော်ဟစ်မေးမြန်းခဲ့ပါသည်။

"မတိုင်လေ ... စတိုင်ဖုပ်။ ငါတို့က သီးသီးသန့်သန့်ပဲ"

ပိုင်ညက ရယ်ကာမောကာ ဖြေခဲ့၏။ ဘယ်လိုမှမနေ။



ကြယ်ဖြူက မျက်နှာလေးရဲလျက် မကြားသလိုနေခဲ့ပါသည်။

သဘောတူညီမှုများစွာနှင့် လက်ထပ်ခဲ့ကြတာကို သူငယ်ချင်းတွေက ဘယ်လိုမှ မသိနိုင်ပါ။ နားလည်မှာလည်းမဟုတ်။

အိပ်ရာပေါ် လှဲချပြီး ကြယ်ဖြူ ငြိမ်နေမိပါသည်။

အခန်းတစ်ဖက်စွန်းမှာရှိနေသော ပိုင်ည၏ အိပ်ရာကလေးဆီ လှမ်းကြည့်မိပါ၏။

အိပ်ရာခင်းအကွက်စိပ်ကလေးတွေကို နှစ်ဦးသားစိတ်ကြိုက်ရွေးချယ် ဝယ်ယူခဲ့တာပါ။

မျက်လုံးတွေစုံမှိတ်ပြီး အိပ်ဖို့ပဲ ကြိုးစားလိုက်၏။

အတိတ်ကိုလည်း ပြန်မတွေးချင်။

အနာဂတ်ကိုလည်း မျှော်မကြည့်ချင်။

လတ်တလောအခြေအနေမှာ နှစ်နှစ်ခြိုက်ခြိုက်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်သွားဖို့ပါ။ ပင်ပန်းနုံးခွေနေပေမယ့် ခေါင်းထဲမှာ စဉ်းစားစရာတွေများစွာနှင့် ရှုပ်ထွေးနောက်ကျိနေမိပါသည်။ ချက်ချင်းအိပ်ပျော်ပါ့မလား။

ကြယ်ဖြူ မှားလား။

ပိုင်ညကို လက်ထပ်လိုက်တာ ကြယ်ဖြူ မှားသွားပြီလား။

ဘဝတစ်ခုကို မာနကြောင့်လည်း တည်ဆောက်လို့ရနိုင်ပါတယ်။

ပိုင်ညကို လက်ထပ်ဖို့ သေသေချာချာ ဆုံးဖြတ်ခဲ့တာပဲ မဟုတ်လား။

ကျေကျေနပ်နပ်နဲ့ ဆုံးဖြတ်ခဲ့တာပဲလေ။

မှားတော့ မမှားနိုင်ပါဘူး။

ဖြေသိမ့်စွာ တွေးမိသည်။

ကိုကို ...

အမှတ်မရှိဘဲ ရင်ထဲက တမ်းတမ်းတတ ခေါ်မိ



သေးသည်။

တကယ်ဆို မခေါ်သင့်တော့ပါ။

သွေးအေးစွာ ရက်စက်တတ်သူ ...

သွေးအေးစွာ လှည့်စားတတ်သူ ...

မုန်းတယ် ... အရမ်းမုန်းတယ်။

စိတ်ထဲက ဖြစ်ပေါ်လာသော လှိုက်လှိုက်လှဲလှဲ တမ်းတမှုကို ခေါင်းရမ်းဖယ်ထုတ်မိသည်။

ကြယ်ဖြူ စိတ်နာပါတယ် ကိုကိုရယ်။

နောက်နောင်လည်း သတိမရမိအောင် ကြိုးစားပါ့မယ်။

ကြယ်ဖြူ့ကို မချစ်ဘဲညာခဲ့တာ။

တွေးရင်းတွေးရင်း မျက်ရည်က ဝဲ့ချင်သည်။

မတွေးပါဘူးဆိုမှ ... မေ့ထားပါ့မယ်ဆိုမှ အလိုက်မသိစွာ နှလုံးသားက ပြန်လည်တောင့်တနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့မျက်နှာ အာရုံမှာ ထင်ဟပ်လာတာမို့ ကြယ်ဖြူ ငုတ်တုတ်ထထိုင်သည်။ ဆက်ပြီး မတွေးချင်ပါ။

တစ်သက်လုံး ဘယ်တော့မှ မတွေးဘဲ မေ့ထားလိုက်ချင်တာသည် ကိုကိုနှင့်ကြယ်ဖြူတို့ ချစ်သူဘဝအကြောင်းတွေပဲ ဖြစ်သည်။ တူးဆွဖယ်ထုတ်လို့သာရလျှင် အမြစ်ကပါ နှုတ်ပစ်ချင်၏။ ဖြုန်းခနဲ တွေးမိသည်မှာ ပိုင်ညရော သူ့ချစ်သူကလေးကို သတိရတမ်းတနေမလားဆိုတာ။

ညှော်ခန်းမှာ တစ်ယောက်တည်းထိုင်ပြီး လွမ်းလွမ်းဆွေးဆွေး မအိပ်နိုင်အောင် စိတ်ဆင်းရဲနေရှာမလား။

ရင်ထဲမှာ စာနာမိသည်။

ကြယ်ဖြူ ကုတင်ပေါ်က ဆင်းလိုက်၏။ တံခါးလေးဖွင့်ပြီး ညှော်ခန်းကို ပြန်ထွက်လာခဲ့သည်။ ပိုင်ညက ဒရင်းဘက်ခုံပေါ်မှာ လက်တင်းတင်းပိုက်လို့ တီဗွီကို စိတ်ဝင်တစားကြည့်နေပါသည်။



သူက ဂွတ်ဒ်နိုက်လို့ နှုတ်ဆက်လိုက်ပေမယ့် ကြယ်ဖြူ အိပ်လို့မရ။ ကိုကို့အကြောင်းတွေ သတိမရချင်။

သူရော ဘယ်လိုဖြစ်နေသလဲ သိချင်သည်။

ပိုင်ည ဘေးနားကို တရွေ့ရွေ့လျှောက်သွားသောအခါ ဖျတ်ခနဲ လှည့်ကြည့်ပြီး အံ့အားသင့်သွား၏။

"ကြယ်ဖြူ"

နှုတ်ခမ်းလှုပ်ရုံ တိုးတိုးခေါ်သည်။

"လာလေ . . ဒီမှာထိုင်"

ဒရင်းဘက်ခုံပေါ်က ဆင်းပေး၏။

"ကြယ်ဖြူ အိပ်မပျော်ဘူး။ ဟိုစဉ်းစား ဒီစဉ်းစားနဲ့"

"ဟုတ်လား။ ဒီမှာ တီဗွီကြည့်ရင်းအိပ်ပေါ့"

ပိုင်ညက အခန်းထဲဝင်သွားပြီး ကြယ်ဖြူ့ခေါင်းအုံးနှင့်စောင် သွားယူလာပေးပါသည်။

"ဘာဇာတ်လမ်းလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သရဲကား"

ပိုင်ညကပြုံးပြီး စ၏။

"ဟုတ်လို့လား"

"အလကားစတာပါ၊ ဝိညဉ်ကားပါ"

"ဟင် ... လုပ်ပြန်ပြီ"

"အဟား ... မဟုတ်ပါဘူး။ ဒီလိုပါပဲ ဇာတ်လမ်း ရိုးရိုးကလေးပါ။ ကြောက်စရာလန့်စရာ မပါပါဘူး ကြည့်ပါ"

ဒရင်းဘက်ခ်သေးမှာ ဆိုဖာတစ်လုံးဆွဲယူပြီး ပိုင်ညက ထိုင်ပါသည်။

"ရှင် ... ပန်းရွှေကြာကို သတိမရဘူးလားဟင် ပိုင်ည"

ကြယ်ဖြူ၏ မေးခွန်းကြောင့် တိမ့်ကြည့်နေသော ပိုင်ည ဆတ်ခနဲဖြစ်ကာ ကြယ်ဖြူဘက် မျက်နှာလှည့်လာသည်။

ဘာလို့ ခုလိုမေးရတာလဲ။



သတိရမိလျှင်တောင် သူ ချက်ချင်းမေ့ပစ်မှာပါ။

သစ္စာမရှိသော၊ လှည့်ဖျားတတ်သော ချစ်သူကို ဘာကြောင့်လွမ်းနေရမှာလဲ။

သတိမရပါဘူးဟုလည်း မညာချင်ပါ။

သိပ်ချစ်ခဲ့ကြတာကို လူးလိမ့်နေအောင်ကို သတိရတမ်းတမိပါ၏။ သို့သော် ထိုသတိရခြင်းကို သူ တန်ဖိုးမထားချင်ပါ။ အလျှင်အမြန် ဖျက်ဆီးပစ်ရပါသည်။

ပန်းရွှေကြာကို တစ်သက်လုံး မေ့ပစ်ဖို့ သူ ကြိုးစားသွားမည်။

ပိုင်ညမျက်နှာက ချက်ချင်း ပျက်ယွင်းသွား၏။

ကြယ်ဖြူ အိပ်မပျော်တာကရော 'နေရှင်'ကြောင့်လား။

နေရှင်ကို ကြယ်ဖြူ သတိရနေသလား။

သူ စူးစူးစမ်းစမ်း ကြယ်ဖြူ့ကို အကဲခတ်၏။

လှပပိုင်းစက်သော ကြယ်ဖြူ့မျက်လုံးကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေက အမှန်တိုင်းဝန်ခံနေသလိုပါ။ ပိုင်ညှ စိတ်မကောင်းဖြစ်ရ၏။

ကိုယ်က ယောကျ်ားပါ။ ခံနိုင်ရည်ရှိသည်။ စိတ်မာသည်။

ကြယ်ဖြူက မိန်းကလေး။

နူးညံ့သောနှလုံးသားနှင့် ပျော့ပျောင်းသောသဘောထားကို ပိုင်ဆိုင်သူကလေး။ ခံနိုင်ရည်ရှိပါ့မလား။

စိတ်ထိခိုက်ကြေကွဲနေမှာပေါ့။ နေရှင်ကို သတိရ တမ်းတပြီး အိပ်မပျော်နိုင်တာများလား။

ပိုင်ညှက ဒရင်းဘက်ခ်ပေါ်ချထားသော ကြယ်ဖြူ လက်ကလေးကို ဖမ်းဆုပ်ပြီး အားပေးလိုက်၏။

လက်ချောင်းချင်းယှက်ကာ လက်ဖဝါးနှစ်ခု ဖိကပ် ကာ တင်းတင်းကြပ်ကြပ် ဆုပ်ထွေးထားမိသည်။

"ကိုယ်တို့နှစ်ယောက် သူတို့နှစ်ယောက်ကို မေ့ဝစ်ရမယ်လေ။ ဒါမှ ကိုယ်တို့ စိတ်ချမ်းသာမှာ။ ဒါမှ



ကိုယ်တို့နိုင်မှာပေါ့"

ပိုင်ညှစကားကို ကြယ်ဖြူက ခေါင်းညိတ်ပြသည်။

"ဘာမှမတွေးနဲ့၊ အိပ်ပျော်အောင် အိပ်လိုက်ပါ"

ပိုင်ညှစကားကို ကြယ်ဖြူက နားထောင်ပါသည်။

ခဏကြာတော့ ကြယ်ဖြူ အိပ်ပျော်သွား၏။ တစ်နေ့လုံး ပင်ပန်းခဲ့တာကြောင့် မျက်လုံးတွေက မအိပ်ဘဲ မနေနိုင်တော့ပါ။

ကြယ်ဖြူ့ကိုကြည့်ပြီး ပိုင်ညှ ဖွဖွပြုံးဖြစ်၏။

ဆုပ်ထွေးထားသော လက်ကလေး အားပျော့သွားပြီမို့ ကြယ်ဖြူ အိပ်ပျော်သွားပြီဆိုတာ သူ သိသည်။

စောင်ကို ပခုံးထက်အထိခြုံပေးကာ ပိုင်ညှက ဖွင့်ထားသောဇာတ်လမ်းကို စိတ်ဝင်တစားကြည့်နေမိသည်။

မညာစတမ်းဝန်ခံရမယ်ဆိုရင် ကိုယ်မပျော်ဘူး ရွှေကြာရယ်။ မင်္ဂလာဦးညဟာ ကိုယ့်အတွက် ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ် ဟာတာတာနဲ့ပါ။

ပြီးတော့ ကြယ်ဖြူ့ကိုလည်း အတိုင်းမသိသနား မိပါသည်။

သူကလေးက အရှုံးကိုခုခံဖို့ ခံနိုင်ရည်အင်အား မဲ့စွာ ကိုယ့်ကိုလက်ထပ်ခဲ့တာပါ။

သည်လိုမင်္ဂလာဦးညကို နေရှင်နှင့်သာဆို ကြယ်ဖြူ ဘယ်လောက်ပျော်မွေ့ကြည်နူးနေရှာမလဲ။

အိပ်ပျော်နေသော ကြယ်ဖြူ့ကို ငုံ့ကြည့်ပြီး နဖူး ပေါ်က ဆံစနုနုကလေးများကို ညင်သာစွာ သပ်တင်ပေး နေမိသည်။

ကြယ်ဖြူနှင့် သူ ဝေဒနာချင်းတူသည်။

ရှေ့ဆက်ပြီး ဘာတွေဖြစ်လာဦးမှာလဲ။

သူလည်း သေသေချာချာ မထင်တတ်သေးပါ။

"ပိုင်ညှာ . . ပိုင်ည"

ကြယ်ဖြူက တိုးတိုးကလေးခေါ်သည်။

နိုးစေချင်လို့ နှိုးတာမှန်ပေမယ့် လန့်နိုးလာမှာ မလိုလားပါ။

ညဆို သူက ညဥ့်နက်အောင် တီဗွီကြည့်တတ် တာမို့ မနက်ဆို စောစောမနိုးပါ။ ခါတိုင်းက အကြောင်း ဟုတ်။

သည်မနက်တော့ ခွင့်စေ့ပြီမို့ သူ အလုပ်ဝင်ရ ည်။

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီနှင့်ထမင်းကြော်ကို အဆင်သင့်လုပ်ပြီးမှ သူ့အတွက် အဝတ်အစားပါထုတ်ပေးထားပြီး၊ ကြယ်ဖြူ ရေချိုးအဝတ်အစားလဲသည်။

သူ့အလုပ်သွားလျှင် တစ်ယောက်တည်းကျန်ရစ်ရမှာ ပျင်းလည်းပျင်း၊ ကြောက်လည်း ကြောက်ပါသည်။ ထို့ကြောင့် သူနှင့်အတူတူလိုက်သွားပြီး ဒေါ်လေးဆီသွားဖို့ တွေးထား၏။

"ပိုင်ညှ"

ခါးကိုင်းငုံ့ချပြီး လက်မောင်းရင်းကို လှုပ်ယမ်းနှိုးမှပဲ နိုးလာသည်။

"ဟင်"

"နောက်ကျနေပြီ"

"ဟုတ်လား"

ပိုင်ညှက ငုတ်တုပ်ထထိုင်သည်။

"ကြယ်ဖြူ ဘယ်သွားမလို့လဲ"



အဆင်သင့်ပြင်ထားသော ကြယ်ဖြူကို ကြည့်ပြီး မေးလာ၏။

"ဒေါ်လေးဆီသွားမယ်လေ၊ တစ်ယောက်တည်း မနေတတ်ဘူး"

"သြော် . . အင်း . . အင်း"

"ပိုင်ညှ အလုပ်ဆင်းရမှာလေ"

သတိပေးမိ၏။ သူ မေ့များနေရော့သလား။

"မဆင်းချင်သေးဘူး"

"ဟင်"

"ကျွတ် . ."

ပိုင်ညှက မကြည်မလင်နှင့် စိတ်ရှုပ်သလို ဖြစ်ကာ နေသည်။

ကြယ်ဖြူက သူ့ကို တွေတွေကလေးငေးကြည့်နေသည်။

"မြန်လိုက်တာ၊ ခွင့်ရက်ကကုန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုးရေရွတ်ပြီး အိပ်ရာပေါ်ကဆင်းသည်။

သူစောင်ကို ကြယ်ဖြူခေါက်ပေးလိုက်၏။

"ရတယ်၊ ကိစ္စမရှိဘူး။ ထားလိုက်"

"ပွရှုပ်နေမှာပေါ့"

ကြယ်ဖြူစကားကို သူ ပြုံးတုံ့တုံ့ဖြစ်သွားသည်။

အခန်းထဲက တစ်လှမ်းချင်းလျှောက်လာတုန်း ကြယ်ဖြူ စည်းကမ်းကြီးတာ၊ အသန့်အပြန့်ကြိုက်တာ၊ အမွေးအကြိုင်ကြိုက်တာ ပြန်တွေးနေမိသည်။ အတူတူ နေမှပဲ ကျကျနနသိခွင့်ရတာ။

တရွေ့ရွေ့လျှောက်သွားသော သူခြေလှမ်းတွေက အိပ်ရေးမဝသေးတာမို့ နှေးကွေးနေပါသည်။

ကြယ်ဖြူ နှုတ်ခမ်းလေးစေ့ပြုံးမိပါသည်။

လက်ထပ်ပြီး သုံးရက်အကြာမှာသိရတာတော့ သူသည် ဖော်ဖော်ရှုပ်ရှုပ်ပွပွ နေတတ်သူဖြစ်သည်ဆို တာပါ။



တီဗွီကြည့်လျှင်လည်း အနီးအနားတစ်ဝိုက် ရှုပ်ပွထားတတ်သည်။ အခွေတွေက ဟိုတစ်ခု သည်တစ်ခု၊ စီးကရက်ပြာခွက်နှင့် မီးခြစ်ဆိုလည်း ဟိုရောက်သည် ရောက်။

စာအုပ်ဖတ်လျှင်လည်း စာအုပ်တွေ ပြန့်ကျဲထား ကာ သေသေသပ်သပ်ပြန်မထား။

အိပ်ရာဆိုလည်း ခေါင်းအုံးက ရောက်ချင်ရာ ရောက်၊ စောင်ကို လုံးထွေးထားလိုထားနှင့်။

အင်္ကျီတွေ ပုဆိုးတွေလည်း တန်းမှာဖြစ်သလို တင်ထားပြီး ဘီရိုဆိုလည်း ရှင်းလိုက်၊ သူပြန်မွှေနှောက် လိုက်နှင့် ညီညီညာညာ စီစီရီရီ မရှိတော့ပါ။

သူက ဖြစ်သလိုနေတတ်ပေမယ့် ကြယ်ဖြူက အလှအပ အသန့်အပြန့်နှင့် သပ်ရပ်စည်းကမ်းရှိတာကို ကြိုက်သူမို့ လိုက်ရှင်းပေးလို့ကို မဆုံးနိုင်တော့ပါ။

မျက်စိထဲမှာ ရှုပ်ပွနေလျှင် စိတ်တွေပါရှုပ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မရ။

ဘာလေးမဆို ရှင်းရှင်းလင်းလင်း သန့်သန့်ပြန့် ပြန့်မှ စိတ်ကြည်လင်လန်းဆန်းသည်။ နေကို မနေတတ် ပါ။

ကြယ်ဖြူက မနေတတ်တော့ သူနေတတ်တာကို လည်း အံ့အားသင့်လျက် ထူးဆန်းနေသည်။

သူ ဘာလို့များ ရှုပ်ရှုပ်ပွပွ မျက်စိနောက်အောင် နေပါလိမ့်။ တစ်ခုခုကို ဆရာလုပ်ပြောဖို့ကျတော့ ဝန်လေး သည်။ ပြောဖို့လည်း မလိုအပ်ပါ။ သူ့လွတ်[illegible]မှုမို့ မပိတ် ပင်သင့်ပါ။

တဖြည်းဖြည်းနှင့် ကြယ်ဖြူ့ကိုအားနာပြီး သပ် သပ်ရပ်ရပ်နှင့် ပြုပြင်ပြောင်းလဲလာမှာပါဟုသာ ယုံကြည် ထားလိုက်၏။

ပိုင်ညက ရေချိုးပြီးသောအခါ ကြယ်ဖြူထုတ် ထားပေးသော အဝတ်အစားကိုပဲ တိတ်တဆိတ်ဝတ်လိုက်



သည်။ ပြီးမှ ထမင်းစားပွဲဆီ လျှောက်သွားလျက် ထိုင်ချ ၏။

ထမင်းကြော်နှင့် ကော်ဖီက သူ့အကြိုက်ပါပဲ။

အင်း.. မိန်းမယူထားတာ သည်လိုတော့လည်း အဆင်ပြေသား။

အားလုံး အဆင်သင့်လုပ်ပေးထားသည်။ သူမွှ သမျှ ညည်းမညူလိုက်ရှင်းရှာသည်။ ဘယ်နေ့မှ ဒေါသ နှင့် အော်ဟစ်ပေါက်ကွဲမလဲမသိ။ ခုတော့ စိတ်ရှည်ရှည် နှင့် ရှင်းလင်းပေးနေ၏။

သည်လိုဆိုတော့လည်း ကြယ်ဖြူ့ကို လက်ထပ် ထားရတာ သူ့အတွက် အရမ်းကောင်းသည်။ အတူတူနေ မှပဲ ကြယ်ဖြူ၏အရည်အချင်းလေးကို သူမြင်တွေ့ပြီး လေးစားလာ၏။

သူတို့နှစ်ဦး၏အခန်းလေးက နေချင့်စဖွယ် သန့် ပြန့်မွှေးကြိုင်နေသည်။ အိမ်ရှင်းလင်းတာကို ကြယ်ဖြူက

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတာလားမသိ။ မနက် သူနိုးလာလျှင် စပရေး နှံ့လေးသင်းပြီး စိတ်ကြည်နူးစရာကောင်းလှ၏။

"ကြယ်ဖြူ. . မစားသေးဘူးလား"

"ဟင့်အင်း"

ကြယ်ဖြူက ခေါင်းလေးရမ်းသည်။ ထမင်းကြော် ကို လုံးဝကြိုက်ပုံမရ။ ကော်ဖီလည်းသောက်တာ မတွေ့ ပါ။

"ဘာစားမှာလဲ"

"မနက်က ကောက်ညှင်းပေါင်းနဲ့လ ဘ်.က်ရည် မှာစားပြီးပြီ။ ဒေါ်လးဆီရောက်မှပဲ မုန့်ဟင်းခါးစားတော့ မယ်"

သူကလည်းသူ၊ ညဆို ညဉ့်နက်မှအိပ်ပြီး မနက် ဆို နေမြင့်မှနိုးသည်။ အကျင့်လိုဖြစ်နေတာ။

"အပြန်လာခေါ်မယ်"

"အင်း. . အင်း. . ပိုင်ညလာခေါ်မှ ပြန်မှာပါ။



ကြယ်ဖြူမှ တစ်ယောက်တည်းမနေရဲတာ"

"ဘာမနေရဲစရာရှိလဲ၊ အခန်းကျဉ်းကျဉ်းလေး ဟာ"

"ဟင့် အင်း. . . ကြယ်ဖြူက ကြောက်တတ်တယ်"

"ဟုတ်လား. . နောက်မှ စ ရမယ်"

"မစနဲ့နော်၊ ကြယ်ဖြူ တကယ်လိပ်ပြာလွင့်သွား မှာ"

ကြယ်ဖြူက မျက်လုံးဝိုင်းကလေးနှင့် ဟန့်တား ၏။

"ဝါးဆို ခြောက်မှာပါ"

"ဟာ. . လန့်တတ်ပါတယ်ဆိုမှ"

ပိုင်ညက ထမင်းကြော်ကို အားပါးတရစားသည်။

"မဆိုးဘူး၊ ကောင်းပါတယ်၊ ကိုယ်တို့လမ်းထိပ် က အဘွားကြီးဆိုင်က လက်ရာကို မီချင်ချင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

ကြယ်ဖြူ မျက်စောင်းရွယ်မိပါသည်။

"တူမလား၊ ဟိုကရောင်းတန်း၊ ကြယ်ဖြူက သေသေချာချာ သန့်သန့်ပြန့်ပြန့်ကြော်ထားတာကိုး"

"အင်း . . ထမင်းကြော်ရင်းနဲ့ ရည်းစားလွမ်းလို့ ငိုသေးတယ်မဟုတ်လား၊ ကိုယ်သိပါတယ်"

ပိုင်ညက ကြံဖန်စ၏။ ကြက်သွန်နီလှီးလျှင် မျက် ရည်ကျတာကို ဟိုနေ့ညက သူမြင်သွားခဲ့သည်လေ။

"အကျင့်မရသေးလို့ပါနော်"

"ရည်းစားကိုလွမ်းလွမ်းနဲ့ ရောငိုတာမဟုတ်လား မညာနဲ့"

ကြယ်ဖြူက သူ့ကို စူးစူးကလေးကြည့်ပြီး နှုတ် ခမ်းစူသွား၏။

"မလွမ်းချင်ပါဘူး ဒင်းကို၊ နာတယ်၊ စိတ်နာ တာပဲကျန်တော့တယ်၊ လုံးဝမလွမ်းဘူး"



"တကယ်လား"

ပိုင်ညနှုတ်ခမ်းတွေက ပိပိပြင်ပြင် ပြုံးသွား၏။ ကြယ်ဖြူကို မငိုစေချင်ပါ။ ကျေးလူးလှိမ့်လှိမ့် ခံစား နေရတာကိုလည်း မကြည့်ရက်။ ပျော်စေချင်သည်။ အားလုံးကိုမေ့ပစ်နိုင်ပြီး ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း ရှိစေချင်သည်။

"ညကျရင် ရုပ်ရှင်သွားကြည့်ရအောင်"

"ဟာ . . အိမ်မှာကြည့်နေတာပဲမဟုတ်လား"

"ဘယ်တူမလဲကွ၊ ရုံမှာက ပိတ်ကားအကြီးကြီး၊ အိမ်မှာက ကိုယ်တစ်ယောက်တည်း ငေါင်စင်းစင်းနဲ့ ကြည့် ရတာ"

"ကြယ်ဖြူမှ ရုပ်ရှင်မကြိုက်ဘဲ"

"တစ်ခါတလေပဲကွာ"

"အင်းလေ . . ကြည့်ချင်လည်းကြည့်ပေါ့"

သူ့ဆန္ဒကို ကြယ်ဖြူ မငြင်းချင်ပါ။ အိမ်မှာဆို

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူက သူနှင့်အဖော်လုပ် ကြည့်ပေးတာမဟုတ်။ သူ တီဗီဖွင့်ပြီဆို ကြယ်ဖြူက အိပ်ရာဝင်ပြီ။

"ကြယ်ဖြူရော ဘယ်သွားချင်သေးလဲ"

"အင်း"ဆိုပြီး ကြယ်ဖြူက စဉ်းစားနေ၏။ ပြီးမှ . .

"ဆိုင်တစ်ဆိုင်ဆိုင်မှာထိုင်ပြီး သီချင်းနားထောင်ချင်တယ်"

"အိုကေ . . ဒါဆို ညကျသွားရအောင်"

ပိုင်ညက ကျေနပ်စွာခေါင်းညိတ်၏။

သူ့ကိုကြည့်ရတာ ပန်းရွှေကြာကိုမေ့ပစ်ဖို့ ဆုံးဖြတ်ထားပုံပါပဲ။ ကြယ်ဖြူကတော့ နေရှင့်ကို ဘယ်နေ့များမှ မေ့လို့ရမလဲမသိပါ။ အစွဲအလမ်းကြီးတတ်တာ ခက်သည်။ တော်ရုံနှင့်မေ့ပျောက်မလွယ်။ အစားထိုးလို့လည်းမရ။

ပိုင်ညကတော့ ယောက်ျားလေးမဟုတ်လား။ နေ့



ရက်တွေကြာလာတာနှင့်အမျှ ပန်းရွှေကြာက မှေးမှိန်သွားမှာ။

"ဟော့ . . ငေးလုချွန်လား။ အဆင့်သင့်ပဲလား သွားရအောင်"

ပိုင်ညက ကြယ်ဖြူ့ဘေးကပ်ကာ အော်လိုက်တော့ လန့်သွား၏။

စိတ်နှင့်လူနှင့် မကပ်ပါလား။

အတွေးတွေက အဝေးကို လွင့်လွင့်သွားချင်သည်။

ကျန်ရစ်ခဲ့ပြီဖြစ်သော ရက်စွဲများကို နှလုံးသားက ရှုးရှုးမူးမူး တမ်းတနေတတ်ပါသည်။

အိမ်အလုပ်တွေ လုပ်ရင်းတန်းလန်းကပင် ငိုင်တွေနေမိတာ ခဏခဏ။

"မနက်စာစော ကောင်ညှင်းပေါင်းချည်းပဲ အပြ မစားချင်ရင် ညကတည်းက တစ်ခုခုဝယ်ထားပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူကြိုက်တဲ့မုန့်၊ လက်ဖက်ရည်က ကိစ္စမရှိဘူး။ ဆိုင်ကနီးနီးလေး''

''အင်း''

ကြယ်ဖြူကလည်း ကြယ်ဖြူပါ။ ညဘက်ကတည်းက ပေါင်မုန့်တို့ ကိတ်မုန့်တို့ဝယ်ထားဖို့ မေ့လျော့နေမိတာ။

နှစ်ယောက်သား ယူစရာရှိတာယူပြီး အခန်းပြင်ထွက်ကာ တံခါးသော့ခတ်၏။ ပိုင်ညသော့ခတ်တော့ သူ့လက်ထဲက ပစ္စည်းပစ္စယတွေ ကြယ်ဖြူခဏယူထားပေးရသည်။

သူတို့နှစ်ဦးကို အပြင်ကကြည့်လျှင်တော့ တကယ့်ဇနီးမောင်နှံလေးပါပဲ။ သူတို့အကြောင်းကို သူတို့ပဲသိသည်။

မာနကြောင့် ဖြစ်တည်လာသော အိမ်ကလေးမှာ နှစ်ယောက်သား အရှုံးကိုဟန်လုပ်ရင်ဆိုင်ဖို့ အတူတူနေ



ကြတာ။

သူတို့နှစ်ဦးကြားမှာရှိနေတာက လေးစားမှုနှင့်နားလည်မှုပါ။

''ပေး . . ရပြီ''

ပိုင်ညက ကြယ်ဖြူ့လက်ထဲက ပစ္စည်းတွေ ပြန်ယူသည်။

''ဒေါ်လေးအိမ်မှာပဲ ရှိမလား။ တခြားဘယ်သွားဦးမလဲ''

လိုလိုမယ်မယ် မေးထားလိုက်၏။ ကြယ်ဖြူ ဘယ်မှာရှိနေမလဲဆိုတာ သူသိထားချင်ပါသည်။ အလွယ်တကူဆက်သွယ်လို့ရအောင်ပါ။ ဘယ်ရောက်လို့ ရောက်မှန်းမသိ မဖြစ်ချင်။

''ဒေါ်လေးအိမ်မှာပဲ ရှိမှာပါ၊ တကယ်လို့ တခြားနေရာသွားမယ်ဆိုရင် ပိုင်ညဆီ ဖုန်းဆက်ပြောခဲ့မယ်''

''ကိုယ်မရှိလည်း ဖုန်းလာကိုင်တဲ့လူမှာခဲ့ပေါ့''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

ကြယ်ဖြူက ခေါင်းညိတ်သည်။

"ဘာဟင်းလဲ"

လေ့ခါးဆင်းလာရင်း ထမင်းချိုင့်ကိုငုံ့ကြည့်ပြီး ပိုင်ညမေး၏။

"ကြက်သား"

"နေ့တိုင်းလား"

"ဟင်. . ဘယ်ဟုတ်ပါ့မလဲ"

ကြယ်ဖြူစကားကို ပိုင်ည တိုးတိုးရယ်သည်။

"ကိုယ် ငါးမကြိုက်ဘူး။ ငါးခြောက်မကြိုက်ဘူး။ ငါးသေတ္တာမကြိုက်ဘူး။ ကြက်ဥဘဲဥမကြိုက်ဘူး"

ကြယ်ဖြူက နှာခေါင်းလေးရှုံ့ရင်း–

"ချေး(ဂျီး)များလိုက်တာ"

"မှာကယ်ပြောတာ၊ လွယ်တယ်ဆိုပြီး ငါးသေတ္တာတို့၊ ငါးခြောက်ဖုတ်တို့ ကြက်ဥကြော်တို့ ထည့်



ပေးမယ်မစဉ်းစားနဲ့"

"အင်း. . ဒါဆို ခက်ပြီ"

"စိတ်မညစ်ပါနဲ့၊ ထမင်းချိုင့်ကိစ္စ ဒီလောက်ပြဿနာမရှိပါဘူး။ ကိုယ်တို့ကုမ္ပဏီအနားမှာ ထမင်းဆိုင်ရှိတယ်၊ နစ်ရာပဲဟာ၊ ကြိုက်တာမှာစားလို့ရတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ ကြယ်ဖြူ အဆင်မပြေတဲ့နေ့ မထည့်ပေးနဲ့"

"စောစောက ပြောရောပေါ့"

ခုမှပဲ တခစ်ခစ်ရယ်နိုင်သော ကောင်မလေးကို ပိုင်ည တစ်ချက်လှည့်ကြည့်မိပါသည်။

ဘယ်လိုပဲပြောပြော ပန်းရွှေကြာတစ်ဝက် လောက်ပင်မလှ။ ဆွဲဆောင်မှုလုံးဝမရှိတဲ့ ချစ်စရာကောင်းရုံလေး သက်သက်။

စိတ်ထဲမှာ ဖျတ်ခနဲ ပန်းရွှေကြာကို သတိရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကိုယ့်မှာ လှသောထင်းသော ထက်သော ပြီး ပြည့်စုံသော ဖေးကြည့်ချင်လောက်စရာ အလှအပလေး ကို ပိုင်ဆိုင်ဖို့ကံ ပါမလာခဲ့ပြီ။

အမှန်တိုင်းဝန်ခံရလျှင် ပန်းရွှေကြာကို ကိုယ် မက်မောသည်။ သိပ်ကို လိုချင်တပ်မက်ခဲ့သည်။ အရှုံး အမှုးပါပဲ။

ကြယ်ဖြူက ဖေးငိုင်သော ပိုင်ညကိုကြည့်ရင်း ပင့်သက်ရှိုက်မိ၏။ သူ ရွှေကြာကို သတိရသွားပြန်ပြီလား။

နေရှင်တောင် ငမ်းငမ်းတက်မက်မော လိုချင်ခဲ့ တာ။ သူရော. . . သူလည်း ပန်းရွှေကြာ၏ ယစ်မူးဖွယ် အလှအပမှာ နစ်ဝင်မက်မောခဲ့မှာပေါ့။

ချစ်သူတွေဖြစ်ပြီးမှ ဆုံးရှုံးခဲ့ရတော့ ပိုပြီးရင်နာ ကြေကွဲနေလိမ့်မည်။ ရန်းနိုးနှင့် လက်လွှတ်ခဲ့ရတာမဟုတ် လား။



"ပိုင်ည"

"ဟင်"

ကြယ်ဖြူခေါ်မှပဲ သူ့ စိတ်နှင့်လူ ပြန်ကပ်သည်။

"ကြယ်ဖြူ့ကို အရင်ပို့မှာလား၊ ကြယ်ဖြူ့ ဘာသာ သွားရမလား"

"ဝင်ပို့ပေးခဲ့မှာပေါ့"

"ပြီးရော. . ပြီးရော"

ပိုင်ညက ကားတံခါးဖွင့်ပေးတာမို့ ကြယ်ဖြူ ကားထဲဝင်ထိုင်လိုက်၏။ ပိုင်ညကားလေးထဲမှာ ရေသူမ ရုပ်ကလေးက တော်တော်ဖမ်းစား၏။ သင်းပျံ့လာသော ရေမွှေးနံ့ကလေးကလည်း အင်မတန်ကောင်းသည်။ ရွှေ ရောင်ဖိနပ်ကလေးတစ်ဖက်ပါသော ကားသော့ချိတ် ကလေးကလည်း ဆန်းတာပါပဲ။ ကားနောက်ဖက်မှာ ဆံပင်ရှည်နီနီကောက်ကောက်ကလေးကို စုပြီးစည်းထား သော နီဂရိုးအရုပ်လေးက သွားတွေပေါ်အောင်ရယ်ပြနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကြယ်ဖြူရင်ထဲမှာ စနိုးစနောင့်နှင့် မွန်းကျပ်လာရသည်။

ပန်းရွှေကြာနှင့်ယှဉ်ပါးခဲ့သော ကားကလေးမှာ ကြယ်ဖြူက ရောက်နေခဲ့ပြီ။ ရေသူမအရုပ်ကလေးရော ကားသော့ချိတ်ကလေးရော၊ ချိုအီအီရေမွှေးနံ့ရော၊ နီးဂရိုးရုပ်ကလေးရော ဒါတွေက ပိုင်ညကိုယ်တိုင် မြတ်နိုးလို့ဝယ်ထားခဲ့တာဟုတ်ပါ့မလားဟု အသေးစိတ်တွေးမိပါသည်။

ပန်းရွှေကြာလို ရွှေရုပ်ကလေးတမျှ လှပလွန်းသည့် ချစ်သူကလေးကို ကားပေါ်တင်ပြီး အတူယှဉ်တိုင်လို့ သွားခဲ့ရစဉ်အချိန်တွေမှာ ပိုင်ည ခုလို အေးစက်စက်ဖြစ်နေပါ့မလား။

တောက်ပသော မျက်လုံးများနှင့် ရွှင်မြူးသောအပြုံးများနှင့် ညင်သာသောရယ်သံများနှင့် အပျော်လွန်



တက်ကြွနေခဲ့မှာ မလွဲမသွေပါပဲ။

ကြယ်ဖြူ ပင့်သက်မှုင်းမှုင်းရှိုက်၏။

နေရှင်ကို သတို့ရတမ်းတမိတာက တစ်မျိုး၊ ပိုင်ညများ ပန်းရွှေကြာကို သတိရနေမလားဟု သံသယကတစ်မျိုး၊ ပန်းရွှေကြာနေရာမှာ အစားထိုးခံရတာမျိုးမဖြစ်ချင်တာကတစ်မျိုး ဘာတစ်ခုမှ ပန်းရွှေကြာကိုမမီသော ကိုယ့်ကိုယ်ကို မကျေနပ်တာတစ်မျိုး ခံစားမှုတွေက အမျိုးမျိုးအဖုံဖုံ စုံလင်လွန်းလှ၏။

"ကြယ်ဖြူ"

"ဟင်"

ကားမောင်းရင်း ပိုင်ညကခေါ်သည်။

"ဆံပင်ရှည်ထားပါလား"

"အင်"

ပိုင်ညစကားကို ကြယ်ဖြူ အံ့အားသင့်သွား၏။

"ဟို. . ထားကြည့်ပါလား၊ လှမလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူက ပိုင်ညကို စေ့စေ့ကြည့်နေမိသည်။

သူလည်းပဲ ပန်းရွှေကြာ၏ ဆံပင်ရှည်ရှည်ကြီးကို နှစ်သက်သဘောကျခဲ့သည့်ထင်ပါရဲ့။

"ဆံပင်ရှည်က ခေါင်းလေးတယ်။ အလုပ်ပို တယ်၊ လျှော်ရတာ ဖြီးရတာ ဂရုစိုက်တာ မလွယ်ဘူး"

"ဪ"

ပန်းရွှေကြာ၏ စိတ်ရှည်မှုကို သူ ပိုပြီးလေးစား သွားမလား။ အသိအမှတ်ပြုသွားမလား။

"ပိုင်ညက ထားစေချင်ရင်တော့ ( ... ) ဆံပင်ရှည်ရင် ခေါင်းလျှော်လည်း တော်တော်နဲ့မခြောက် ဘူး။ ဖြန့်ချထားရင် လှတာလေးတစ်ခုပဲ ကျန်တာ၊ ဘာမှ မကောင်းဘူး"

"ကိုယ်က မိန်းကလေးဆို ဆံပင်ရှည်ရင် ကျ ဆန်တယ်၊ သိပ်လှတယ်လို့ထင်တယ်"

နေရှင်လည်း အဲဒီလိုပြောခဲ့ဖူးတာပါပဲ။



"လှတာကတော့ ဟုတ်ပါတယ်။ ကြယ်ဖြူက ဆံပင်ကို နေ့တိုင်းဆို နေ့တိုင်းလိုလိုလျှော်တာ၊ မလျှော် ရင် ဖုန်တွေကပ်ပြီး မနေတတ်ဘူး"

ပိုင်ညက ဖွတ်မတိုက်တွန်းတော့ပါ။

ကြယ်ဖြူဟာ ကြယ်ဖြူပါပဲ။ ပန်းရွှေကြာ မဖြစ် နိုင်ပါ။

"မထားနိုင်ရင်လည်း မထားပါနဲ့၊ ခုလည်းလှ ပါတယ်"

ပိုင်ည၏ အားပေးသောစကားလေးကို ကြယ်ဖြူ ပြုံးမိ၏။

ဟင်း . . မလွယ်ပါလားနော်။

သူကိုကြည့်ရတာလည်း လွှတ်တဲ့ငါး ကြီးနေပုံ ပါပဲ။

ကြယ်ဖြူကတော့ နေရှင့်ကို တမ်းတသတိရမိ တာမှန်ပေမယ့်၊ ပိုင်ညကိုတော့ နေရှင်နှင့်မနှိုင်းယှဉ်မိပါ။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နိုင်းယှဉ်စဉ်းစားဖြစ်လျှင်လည်း ပိုင်ညနှင့် နေရှင်က သိပ်မကွာလှ။ ရုပ်ရည်ရော၊ အရည်အချင်းရော၊ အနေအထားရော မတိမ်းမယိမ်းပါပဲ။ ကြယ်ဖြူက သာ ပန်းရွှေကြာလောက် မလှတာ။ ပန်းရွှေကြာက တော်ရုံ ကောင်မလေးတွေထက် အဆများစွာသာသူ။ ကြယ်ဖြူက သာမန်ကောင်မလေးပါပဲ။

ညို့ယူဖမ်းစားနိုင်သော အလှအပမျိုး လုံးဝမရှိ

''နေရှင်ကလည်း ပန်းရွှေကြာဆံပင်ကြီးကို အရမ်း သဘောကျတယ်ထင်ပါရဲ့၊ ကြယ်ဖြူကိုလည်း ဆံပင် ရှည်ထားခိုင်းသေးတယ်''

ကြယ်ဖြူ့စကားများကြောင့် ပိုင်ည ဆတ်ခနဲ ဖြစ်ငေါ်။

သဘောကျမိတာခြင်းအတူတူမှာ နေရှင်က ပန်းရွှေကြာကို ပိုင်ပိုင်ရရှိသွားသူ။

အောင့်သက်ခံပြင်း နာကြည်းမိပါသည်။



နေရှင် ကလည်း ကြယ်ဖြူ့ကို ဆံပင်ရှည်ထားဖို့ တိုက်တွန်းဖူးသတဲ့လား။ နေရှင့်ဆန္ဒကိုတောင် ကြယ်ဖြူက မလိုက်လျောခဲ့သေးတာ။ သူ့ကိုဆို ချစ်လို့လက်ထပ်ခဲ့တာလည်းမဟုတ်၊ သူ့စကားကို ကြယ်ဖြူ ဘယ်လက်ခံပါ့မလဲ။

ကိုယ်ကလည်း ကိုယ်ပါ။

ပန်းရွှေကြာ၏ စံနှုန်းအတိုင်း ကြယ်ဖြူကိုဖြစ်စေချင်သည်။

တစ်ယောက်နှင့်တစ်ယောက် တူတာမဟုတ်ပါ။

ပိုပြီးဆိုးတာက ပန်းရွှေကြာကို ကြယ်ဖြူ ခါးသီးမုန်းတီးနေမှာ။ ရည်းစားလုဖက်မို့ ကြည့်လို့ကိုရမှာမဟုတ်၊ အကောင်းလည်းမြင်မည်မထင်။ အဖြူရောင်ကြိုက်လို့ ဝတ်မိလျှင်တောင် ပန်းရွှေကြာအဖြူရောင်ဝတ်တာတွေ့လျှင် နောက်နောင်တစ်သက်လုံး ဘယ်တော့မှ အဖြူရောင် မဝတ်ဟု ကြယ်ဖြူက ဆုံးဖြတ်ချင်ဆုံးဖြတ်မှာ။

www.burmeseclassic.com



ပန်းရွှေကြာနှင့် အမြဲဆန့်ကျင်ဘက်ပဲ ဖြစ်နေမှာ။

ကိုယ်ကလည်း ကိုယ့်အပေါ်သစ္စာမရှိသော မချစ်ခဲ့သော မိန်းမတစ်ယောက်မှာ ဘာမှလည်း မြတ်နိုးစရာ မရှိတော့ပါ။

မှုန်တင်းနေသော ပိုင်ညကို ကြယ်ဖြူ တစ်ချက်ကြည့်ကာ လမ်းတစ်လျှောက်ကိုပဲ ငေးလာခဲ့တော့၏။

ပန်းရွှေကြာနဲ့ မတူချင်ပါဘူး ပိုင်ညရယ်။

ဘယ်တော့မှကို မတူချင်ပါဘူး။

နေရှင့်ကို ကြယ်ဖြူလက်ထဲက လုယူသွားခဲ့သော ထိုမိန်းမကို နှလုံးသားထဲက တဆစ်ဆစ်တနုံ့နုံ့နာနေဆဲပါ။

ကြယ်ဖြူ ဖုန်းဆက်တော့ ပိုင်ညက ထမင်းထွက်စားနေခိုက်ဖြစ်သည်။ ပိုင်ညပြန်ရောက်လာတော့ ''ခင်ဗျားမိန်းမ ဖုန်းဆက်တယ်''ဟု သူငယ်ချင်းက သတင်းပေးသည်။

ကြားလိုက်ရတာ နားထဲမှာ ဆန်းနေသည်။

'ခင်ဗျားမိန်းမ' ဆိုသော အသုံးအနှုန်းပါ။

''ကိုပိုင်ညရေ..ဖုန်းပြန်ဆက်ပါတဲ့၊ ရှင့်မဟေသီက''

ဟော..ကြားရပြန်ပြီ နောက်တစ်မျိုး။ ရှင့်

www.burmeseclassic.com

www.burmeseclassic.com



မဟောသီတဲ့။

သူ အပြုံးတစ်ခုနှင့် ဖုန်းဘေးနားရောက်လာသည်။

ကြယ်ဖြူတို့ဒေါ်လေးအိမ်က ဖုန်းကို သူခေါ်လိုက်၏။

"ကြယ်ဖြူ ဖုန်းဆက်တယ်ဆို"

"အင်း . . ဟုတ်တယ်"

"ပြောလေ . . ကိစ္စရှိလို့လား"

ကြယ်ဖြူအသံလေး တိုးပြီးချိုသည်။ ရယ်သံလွင်လွင်ကလေးနှင့် စကားပြောတတ်တာကတော့ သူများနှင့်မတူ။

"ပိုင်ညရေ . . ကြယ်ဖြူ ခွေးလေးတစ်ကောင်ယူလာမလို့"

"ဟင် . . ဘာလဲ၊ ခွေးလေး ဟုတ်လား"

"ဟုတ်တယ်၊ ဒေါ်လေးဝယ်လာတာ ဗိုလ်ချုပ်



ဈေးထဲက၊ နှစ်သောင်းတဲ့၊ အဲဒီကောင်လေး ကြယ်ဖြူချစ်လို့ အဖော်လည်းရအောင် ခေါ်လာမယ်နော်။ ပိုင်ညမကန့်ကွက်ဘူးမဟုတ်လား"

မရဲတရဲ ခွင့်တောင်းပုံလေးမှာ ယုံကြည်မှုလည်းတစ်ဝက်မက ပါနေသည်။

"ကိုယ်တို့မရှိရင် သူပျင်းနေမှာပေါ့"

"အပြင်ထွက်ရင် ခေါ်သွားမှာပေါ့"

"သေးသေးလေးလား"

"ခုတော့ သေးတာပေါ့၊ နောက်ဆို အကြီးကြီးဖြစ်လာမှာ"

ကြယ်ဖြူအသံလေးက ခွေးလေးကို အတော်သဘောကျနေတာ ပေါ်လွင်သည်။

"ကြောင်လေးဆို ပိုမကောင်းဘူးလား"

"ဟာ . . ကြောင် မချစ်ပါဘူး ပျော့စိစိနဲ့၊ ခွေးမှ အားပါးတရချစ်လို့ရတာ၊ ကြောင်ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



သနားစရာလေး။ ကြယ်ဖြူ မချစ်ပါဘူး''

ပိုင်ညှ ဘာများပြောနိုင်ဦးမှာလဲ။

''ဒေါ်လေးက ကြယ်ဖြူယူမယ်ဆိုယူတဲ့၊ သူ့နောက်တစ်ကောင်ပြန်ဝယ်မယ်တဲ့၊ အဲဒါကြောင့် ပိုင်ညှကို လှမ်းမေးတာ''

''ကြယ်ဖြူ့သဘောပဲကွာ၊ ခေါ်ချင်ခေါ်ပေါ့''

''အင်း . . အင်း''

ကြယ်ဖြူက ကျေနပ်စွာနှင့် ဖုန်းချသွား၏။

သူတို့နှစ်ယောက်တည်းမို့ အိမ်မှာ တိတ်ဆိတ်ခြောက်ကပ်လွန်းတာအမှန်ပါ။

ကြယ်ဖြူက ခွေးလေးကို အဖော်အဖြစ်လိုချင်တာ။

သူက ခွေးကြောင် မချစ်တတ်ပေမယ့် ကြယ်ဖြူ့ဆန္ဒကိုတော့ မကန့်ကွက်ချင်ပါ။ မတားမြစ်ချင်ပါ။

သို့သော် ထိုခွေးကလေးက သူ့ကို အကြီးအကျယ် စိတ်အနှောင့်အယှက် ဖြစ်စေလိမ့်မည်ဆိုတာတော့ သူ မသိခဲ့သေးပါ။

ကြိုသိခဲ့ရင်တော့ မရှားရက်ရက် တားရက်ရက် တားခဲ့မိမှာ မလွဲမသွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူပိုက်ထားသော ခွေးနီနီညိုညိုကလေးကို ပိုင်ညက ခေါင်းလေးပွတ်သပ်ပြီး နားရွက်ကိုဆွဲကြည့်သည်။

"ဘာအရောင်မှန်းမသိဘူး"

"အုန်းခွံရောင်လေ"

"မဟုတ်ဘူး"

ပိုင်ညက လက်မခံသဖြင့် ကြယ်ဖြူလည်း မပြောတော့ပါ။

"ချစ်စရာလေးကွ"

www.burmeseclassic.com

www.burmeseclassic.com



ခွေးလေးကို ပိုင်ညှ ပြောင်းယူချီသည်။

"သူ့ကို နာမည်ပေးရအောင်"

"ကြယ်ဖြူ ပေးပါ"

ပိုင်ညက ဝင်မစွက်လို။ ကြယ်ဖြူသဘောကျ သလို ခေါ်ပါစေဟု နေလိုက်၏။

"ဟောင်ရင် အသံကဟိန်းနေတာပဲ၊ အကောင် လေးနဲ့မလိုက်ဘူး"

သူ ခွေးလေးကို ချစ်မဝနိုင်အောင် ဖြစ်ကာနေ သည်မို့ ပိုင်ညလည်း ရောပြီးချစ်ဖို့ပဲ တွေးလိုက်၏။

"အစားများများ ကျွေးရမယ်"

"ကာကွယ်ဆေးတွေထိုးဦး"

"အင်းပါ.. စိတ်ချ၊ ကြယ်ဖြူသူငယ်ချင်း မှာ တယ်"

"ကောင်းတာပေါ့"

ခွေးလေးက ပိုင်ညကိုယ်ပေါ်မှာ ငြိမ်နေ၏။



"နေကောင်းရဲ့လား မမေးတော့ဘူး ကုပ်နေတာပဲ"

"အမယ်လေး.. ဆော့လွန်းလို့ အခုအိပ်ငိုက် တာ ဖြစ်မယ်"

ပိုင်ညက ကားထဲဝင်ထိုင်ပြီး ခွေးလေးကို ကြယ်ဖြူဆီ ပြန်ပေး၏။

"ဒီကောင့်ကို နီညိုလို့ နာမည်ပေးလိုက်မယ်"

ကားထဲမှာတင် ခွေးလေး အမည်ရသွား၏။

"ကောင်းသားပဲ၊ ခေါ်လို့ချောတယ်၊ နီညို.. နီညို"

ပိုင်ညက ခေါ်ကြည့်သည်။ ခွေးလေးက သူ့ခေါ် မှန်းမသိသေး။

"ကြယ်ဖြူ အလုပ်ပိုလာမှာအမှန်ပဲ"

အရှင်းအလင်း အသန့်အပြန့်ကြိုက်တတ်သော ကြယ်ဖြူကို သူပြောမိပါသည်။

"ရပါတယ်၊ ချစ်တော့လည်း ညည်းညည်းခံ

www.burmeseclassic.com



နိုင်မှာပါ''

ကြယ်ဖြူက သေချာနေ၏။

''မြင်မြင်ချင်း နီညို့ကို ကြယ်ဖြူအရမ်းချစ်တယ်''

ပိုင်ညက ကားမောင်းနေရင်း ငြိမ်ကျနူတ်ဆိတ်သွားသည်။

ခွေးလေးတစ်ကောင်ကိုပင် ဖျတ်ဖျတ်လူး သည်းသည်းလှုပ် ဟန်မဆောင်နိုင်အောင်ချစ်တာ ပေါ်လွင်လှသော ကြယ်ဖြူသည် နေရှင့်ကို ဘယ်လောက်ချစ်လိုက်မလဲ။ နေရှင်နှင့်သာဆို ငှက်မကလေးလို တဖျတ်ဖျတ် တလူးလူးနှင့် အပျော်လွန်ကြည်မွေ့နေမှာ မြင်ယောင်မိသည်။

သူ့ဘေးမှာ ရေခဲတုံးကလေးလို အေးစက်စက်။

ကျောက်ရုပ်ကလေးလို ငြိမ်သက်သက်ဖြစ်နေသော ကြယ်ဖြူနှင့် ကွာချင်တိုင်းကွာလိမ့်မည်။



ကြယ်ဖြူ ပျော်အောင် သူ မစွမ်းနိုင်ပါ။

အချစ်မပါသော အဖော်သည် အေးစက်စက်နှင့် သာယာနွေးထွေးမှုမရှိ။ ကြည်နူးလန်းဆန်းမှုမရှိ။

ကြယ်ဖြူရယ် . .

ကိုယ်တို့လက်ထပ်မိတာ မှားကြောင့်ပါ။

တစ်နေ့နေ့ တစ်ချိန်ချိန် ကြယ်ဖြူ နောင်တရမှာလား။

ကိုယ်ရော . . ကိုယ်လည်း နောင်တရ စိတ်ပျက်သွားနိုင်သည်။

''ပိုင်ည''

''ဟင်''

''ဘာဖြစ်လို့လဲ ဗိုက်ဆာပြီလား။ နေမကောင်းလို့လား။ အလုပ်ထဲမှာပင်ပန်းလို့လား။ ဘာဖြစ်လို့လဲဟင်''

ရုတ်တရက် သူ ညှိုးကျသွားတာကို ကြယ်ဖြူ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပန်းရွှေကြာကို သတိရလို့လားဟင်' ဆိုသော မေးခွန်းကိုတော့ နှုတ်ဖျားက ပထမဆုံးမေးချင်တာပါ။ သို့ပေမယ့် ကျော်မေးလိုက်ပါသည်။ မမေးရက်ပါ။ သတိရချင်လည်းရပါစေ။ ဒါ..ပိုင်ညရဲ့ လွတ်လပ်ခွင့်ပဲ မဟုတ်လား။

"ဘာမှမဖြစ်ပါဘူး၊ ကြယ်ဖြူရော ဆာနေပြီလား"

"ဟင့်အင်း..ဒေါ်လေးက လက်ဖက်သုပ်ကျွေးလိုက်တယ်၊ လုံးဝမဆာပါဘူး။ ပြီးတော့ ဂ...ာအတွက် မုန့်ဝယ်လာသေးတယ်။ အိမ်ရောက်ရင်ကျွေးမယ်၊ အင်း.. ဒီလိုလုပ်၊ ကြယ်ဖြူ ဈေးဆင်းဝယ်နေတုန်းကားပေါ်မှာ စားရင်လည်းစားထားလေ။ အိမ်ရောက်ရင် ဟင်းချက်ရ ဦးမှာ"

"ဈေးဝင်ဦးမှာလား"

"ခဏလေးပါ၊ ဘူးရားပန်းနဲ့ ဟင်းစားစရာလေး



ပဲ"

ပိုင်ညက ခေါင်းညိတ်ပြီး ကြယ်ဖြူကို ဈေးလိုက်ပို့သည်။ ကြယ်ဖြူ ဈေးဆင်းဝယ်တော့ နီညိုနှင့်သူ ကားထဲ ကျန်ရစ်၏။

နှစ်ယောက် တည်ဆောက်ထားသောဘဝကို ကြယ်ဖြူနှင့်မို့သာ ခုလိုဖြစ်နေမိတာ။ ရွှေကြာနှင့်သာဆို မိုးမမြင် လေမမြင် ဖြစ်နေမိမှာသေချာသည်။

ကြယ်ဖြူကိုလည်း သနားသည်။ သနားစိတ်နှင့် ပိုပြီးဖေးမနားလည်ဖို့ တွေးထား၏။

"နီညို..နီညို.ဟာ.အိပ်ပျော်နေပြီလား"

ကြယ်ဖြူ ချထားခဲ့သော နေရာလေးမှာပဲ ခွေးလေးက အိပ်မောပင်ကျလို့။

ကြယ်ဖြူလိုပဲ နီညိုက ချစ်စရာကောင်းသည်။ သနားစရာလည်း ကောင်းသည်။ ကရုဏာနှင့်ယှဉ်သော အကြင်နာသည် အင်အားကြီးလှ၏။ ကြယ်ဖြူနှင့်နီညိုကို

www.burmeseclassic.com

www.burmeseclassic.com



သူ့ အမြဲပဲကာကွယ်စောင့်ရှောက်ပေးနေမိမှာမလွဲ။ သူတို့ကို ဘုယ်တော့မှ ပစ်စလက်ခတ်မလုပ်ရက်နိုင်။ အနားမှာနေပြီး ဖြည့်ဆည်းပေးချင်သည်။

"ပိုင်ည"

"ဟာ‥ မြန်သားပဲ"

"မုန့်စားပြီးပြီလား"

ကြယ်ဖြူ ဝယ်လာတာတွေကို ပိုင်ညက နောက်ခန်းထဲထည့်သည်။ ချက်ချင်းပဲ လှမ်းယူပေးသည်။

"ဘုရားပန်းတော့ ကြယ်ဖြူလက်ထဲ ကိုင်ထားလိုက်"

"အင်း"

သူတို့နှစ်ဦးတည်းရှိနေသော အိမ်ကလေးကို နီညို ကဝင်လာခဲ့၏။ နီညိုရောက်လာတော့မှပဲ အသံလေးဘာ လေးကြားရသည်။ ဝရန်တာထွက်ပြီး ဟောင်ရတာ အမော ပါပဲ။



အိမ်ထဲမှာလည်း ခုန်ပေါက်ပြီးဆော့သည်။ ပြေးသည်။

တစ်ခါတလေ ကြယ်ဖြူပါ သူနှင့်အတူဆော့နေတာ မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

"အား"

ရှုးရှုးဝါးဝါးအော်သံကြောင့် ပိုင်ညှ ဖျတ်ခနဲ လန့်နိုးလာ၏။

ကြယ်ဖြူ့ဆီလှမ်းကြည့်မိတော့ ဗလုံးဗထွေးပြောပြီး ရုန်းကန်အော်ဟစ်နေတာ တွေ့သည်မို့ ကပျာကယာ ကြယ်ဖြူ့ခုတင်ထက် ဝင်ထိုင်လျက် နှိုးမိသည်။

"ကြယ်ဖြူ့. . ကြယ်ဖြူ"

ကြယ်ဖြူက ဝုန်းဆိုထထိုင်ပြီး၊ သူ့လက်တွေကို တွန်းဖယ်ကာ မတ်တတ်ရပ်ဖို့ပြင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြယ်ဖြူ. . . ကြယ်ဖြူ"

သူ့ ကြယ်ဖြူကိုဖက်ထွေးကာ နှိုးလာအောင် ခေါ်မိသည်။

အိပ်မက်မက်ပြီး ကယောင်ကတမ်းနှင့် နိုးတစ်ဝက် အိပ်တစ်ဝက်ဖြစ်နေတာ သိ၏။

"ဟင်"

ခုမှ ကြယ်ဖြူ သေချာနိုးသွား၏။ ပိုင်ညက ကြယ်ဖြူကို စိုးရိမ်စိတ်နှင့် တင်းတင်းပွေ့ထားသည်။

"နိုးပြီလား"

"အင်း"

"အိပ်မက်မက်ပြီး ယောင်အော်နေတာပါ၊ ခဏ နေဦး၊ ကိုယ်ရေသွားယူလာခဲ့မယ်"

ပြောပြောဆိုဆို ကြယ်ဖြူကိုဖြေလွှတ်လျက် ခုတင်ပေါ်ကဆင်းဖို့ပြင်သည်။

"ဟင့်အင်း. . . မသွားနဲ့"



သူ့လက်တွေကို ဖမ်းဆွဲထားတာမို့ ပိုင်ညှ ငြိမ်သွား၏။

ကြယ်ဖြူ့လက်ဖျားရှေ့တွေ အေးစက်နေပါရော လား။

"ကြောက်တယ်၊ ကြယ်ဖြူ သိပ်ကြောက်တာပဲ၊ ဟင့်. . . ဟင့်"

"ဘာမှမဖြစ်ပါဘူး၊ အိပ်မက်မက်တာပါ"

ကြယ်ဖြူကိုယ်လေးကို ဖက်ထွေးထားပြီး ပိုင်ညှ သတိပေးမိသည်။

သူ့ရင်ခွင်ထဲ ဖွတ်တိုးဝင်ပြီး ဖက်တွယ်ထားသော ကြယ်ဖြူကိုယ်လေးက တဆတ်ဆတ်တုန်နေသည်။

"အပြင်မှာ လေတွေအရမ်းတိုက်နေတယ်"

"အင်း. . . ဟုတ်တယ်၊ ကိုယ်မအိပ်ခင်ကတည်း က လေတွေအရမ်းတိုက်ပြီး လျှပ်စီးတွေသက်နေတာ"

ကြယ်ဖြူက တိုးခတ်တုန်ယင်သော အသံ ကလေးနှင့် ကြောက်စိတ်မပြေယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေအိပ်မက် မက်တာလဲ"

"ဟင့်အင်း"

ကြယ်ဖြူက ခေါင်းခါသည်။ ကြောက်လွန်းလို့ ပြန်ပင်မပြောချင်။

ပိုင်ညနှင့် ကြယ်ဖြူကို လူမည်းမည်းကြီး လေးယောက် နောက်ကလိုက်ကြတာ၊ ပြေးစရာပင်မရှိ။

ဘယ်လိုအိပ်မက်ကြီးမှန်းမသိ။ နိုးလာတော့ လူက မောပန်းအားကုန်နေပါသည်။ အခုချိန်မှာ ပိုင်ညကို ဘယ်မှမလွှတ်နိုင်ပါ။

ပိုင်ညရင်ခွင်ထဲ တိုးဝင်လိုက်မှပဲ နေသာသွားသည်။

"ဘာမှမဖြစ်ပါဘူး၊ တစ်ခါတလေ ဒီလိုပဲ မက်တာပါ။ ကြယ်ဖြူ အိပ်လေ၊ ကိုယ် ဘယ်မှမသွားဘူး"

သူ့စကားကိုနားထောင်ပြီး ပြန်အိပ်ဖို့ကြိုးစားပေမဲ့ စိတ်ထဲမလုံခြုံသလို ခံစားရ၏။ ကြောက်လန့်စိတ်က ချောက်ချားစေသည်။



ပိုင်ည လက်တစ်ဖက်ကို ဖမ်းဆုပ်ထားမိ၏။

ကြယ်ဖြူ့ကိုကြည့်ကာ သူလည်း စိတ်မချနိုင်။

လန့်အော်ပုံက သူ့ကိုစိုးရိမ်စေသည်။

သူ ကြယ်ဖြူ့ကို အသာအယာပွေ့ဖက်ထားလိုက်၏။

"အိပ်တော့နော်၊ ကိုယ် ဒီည ကြယ်ဖြူ့ကို စောင့်ပေးမယ်၊ စိတ်ချလက်ချအိပ်၊ ဟုတ်ပြီလား"

ကြယ်ဖြူက သူ့ရင်ဘတ်မှာ ပါးလေးကပ်ကာ သူ့ကိုဖက်တွယ်ပြီး အိပ်ပျော်သွား၏။

ပိုင်ညကတော့ တော်တော်နှင့် ပြန်အိပ်မရတော့ပါ။

အတွေးများစွာနှင့် သူ သက်ပြင်းမောရှိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြယ်ဖြူ နိုးလာချိန်မှာ ပြတင်းပေါက်ကိုဖွင့်လျက် နေရောင်က အခန်းထဲဝင်ရောက်နေခဲ့ပြီ။

ပိုင်ညက အခန်းထဲမှာမရှိ။

ရုတ်တရက် ငုတ်တုတ်ထထိုင်ပြီး ညက အိပ်မက်ဆိုးကို ပြန်တွေးမိ၏။ ဖူးရှုသောအလင်းရောင်ကြောင့်လားမသိ၊ ကြောက်စိတ်မရှိတော့ပါ။ ညတုန်းကတော့ လန့်လွန်းလို့ နေစရာပင်မရှိ။ ပိုင်ည တွေးပွေ့သိပ်ခဲ့ရတာကို ပြန်အမှတ်ရပြီး ပါးလေးတွေ နွေးသွား၏။

နှုတ်ခမ်းလေးတွန့်ရုံပြုံးလျက် အိပ်ရာထက်က

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသည်။

ပိုင်ည ဘယ်ရောက်သွားပြီလဲ။

သူ သည်နေ့အစောကြီး နိုးလာသလား။

ခါတိုင်းဆို နေမြင့်အောင်အိပ်တတ်တာ။

ကြယ်ဖြူကြောင့် သူ အိပ်ရေးပျက်သွားခဲ့သလား။ စိတ်ငြိမ်နှောင့်အယှက်ဖြစ်သွားသလား။ အားနာအနေခက်မိသည်။

"နိုးပြီလား။ ဒီမှာ မုန့်ဟင်းခါးနဲ့ လက်ဖက်ရည်အဆင်သင့်ပဲ"

ပိုင်ညက ကော်ဖီသောက်ရင်း လှမ်းပြောသည်။

နီညိုက ကြမ်းပြင်မှာထိုင်ပြီး ကိတ်မုန့်စားနေ၏။

ကြယ်ဖြူကိုမြင်တော့ ပြေးလာပြီး ခြေဖျားတွေလျှာနှင့်လျှောက်လျက်ပစ်သည်မို့ ကောက်ယူချီလိုက်ရသည်။

"မုန့်ဟင်းခါးအေးသွားမယ်၊ ဒီကောင့်ကို တယုတယလုပ်မနေနဲ့ အစားစားနေရင်း ထားပြီးပြေးတဲ့ကောင်၊ တော်တော်ချွဲတတ်တယ်"

ပိုင်ညက စီးကရက်မီးညှိကာ လှမ်းပြော၏။

"ပိုင်ည. . ဆောရီးနော်. . ညက"

"အာ. . ရတယ်၊ ကိစ္စမရှိပါဘူး"

လက်ကာပြပြီး စကားဖြတ်၏။

ထိုအကြောင်းအရာကို ကြယ်ဖြူလည်း ပြန်မပြောချင်ပါ။

ရင်ထဲမှာ ရှိန်းတိန်းတိန်းနှင့် တစ်မျိုးကြီးပါပဲ။

နီညိုကို အောက်ချပေးပြီး မီးဖိုချောင်ဘက် ဝင်လာခဲ့သည်။ ကျောထဲကမလုံချင်ပါ။ ပိုင်ညဆီ ဖျတ်ခနဲပြန်လှည့်ကြည့်မိတော့ စီးကရက်မှာရင်း ငေးနေသောပိုင်ညမျက်လုံးများနှင့် တန်းခနဲဆုံသည်။

ပိုင်ညရော ကြယ်ဖြူပါ ဟန်ပျက်ကာ အကြည့်ပြိုင်တူလွှဲမိ၏။



www.burmeseclassic.com

www.burmeseclassic.com

# ၇

သစ္စာပန်းအနီရောင်များကို ရေနွှင့်စင်စင်ဆေး ကာ ပန်းအိုးထဲမှာ ညီညီလှလှထိုးပြီးမှ ဘုရားစင်ရှိရာ မယူ လာလျက် တင်ဖို့ပြင်သည်။

"ပေး. . . ကိုယ်တင်ပေးမယ်"

ပိုင်ညက လှမ်းယူပြီးတင်ပေး၏။

"ဒါက. ."

ဖန်ခွက်ကလေးမှာ ရေအပြည့်ထည့်ကာ ပိတောက်ညွန့်တင်ဥုန့်နှင့် နှင်းဆီတစ်ပွင့် ထိုးထားတာကို မေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားစင်ပေါ်တင်ထားဖို့လေ"

"ဘာအတွက်လဲ"

"ပိုင်ညအတွက်ပေါ့"

"ကိုယ့်အတွက်"

"အင်းလေ . . ကျန်းမာရေးရော၊ အလုပ်အကိုင်ရော အားလုံးပေါ့၊ ကံကောင်းဖို့"

"ဩော်"

သူ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ကြယ်ဖြူ့အတွက်ရော"

"ကြယ်ဖြူ့အတွက်က ဒေါ်လေး အမြဲလုပ်ပေးတယ်။ အခု အိမ်ထောင်ကျသွားပြီဆိုပြီး ဒေါ်လေးက မလုပ်ပေးဘဲ မနေဘူး။ ကံ့ကော်ညွန့်တစ်ညွန့်နဲ့ နှင်းဆီတစ်ပွင့်နဲ့ အမြဲ ဘုရားစင်ပေါ်တင်ထားပြီး ဆုတောင်းပေးနေကျ"

"ဟုတ်လား"



"အဲဒါကြောင့် ပိုင်ညအတွက်ပဲ လုပ်ပေးတာပေါ့"

ပိုင်ည နှုတ်ခမ်းတွေ ကျေနပ်စွာပြုံးသွားသည်။

ကြယ်ဖြူ့ရင်ထဲမှာ သူ့အတွက်တစ်နေရာတော့ ခိုင်ခိုင်မာမာရှိနေသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

“ဖက်ရှင်အခင်းမိတ်” မဂ္ဂဇင်းကို အိပ်ရာပေါ်လှဲပြီး ဖတ်နေမိရင်းက ပိုင်ညဆီ မသိမသာလှမ်းကြည့်မိသည်။

မျက်နှာလေးမလှည့်ဘဲ မျက်လုံးကလေးတင် ရွှေစောင်းကြည့်မိသော်လည်း ကြယ်ဖြူဘက်စောင်းလှည့် အိပ်နေသော ပိုင်ညမျက်လုံးတွေနှင့် တန်းဆုံသည်။

အခန်းထဲမှာ မီးဖွင့်ထားပြီး စာအုပ်ဖတ်နေမိ တာကလည်း မနေ့ကလိုမျိုး အိပ်မက်ဆိုး မက်ဦးမလား လို့ပါ။

ပိုင်ညက တီဗီကြည့်ပြီး အိပ်ရာဝင်လာမှပဲ အခု

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကြယ်ဖြူမအိပ်သေးတာ သိတော့သည်။

"ကြယ်ဖြူ"

သူဆီ ရှေ့ခန်းကြည့်ပြီး ဆတ်ခနဲအကြည့်လွှဲသွားသော ကြယ်ဖြူကို သူခေါ်လိုက်၏။

"ဟင်"

"မအိပ်သေးဘူးလား"

"အိပ်တော့မှာပါ"

သူမေးတာကိုဖြေပြီး မဂ္ဂဇင်းစာအုပ်ကို ပိတ်လိုက်၏။

"ဒေါ်လေးနဲ့ နေတုန်းကရော ယောင်အော်ဖူးသလား"

"အင်း . . တစ်ခါတည်းပါ"

"အဲဒီတော့ ဒေါ်လေးနဲ့ သွားအိပ်တာလား"

"ဟုတ်တယ်၊ ဒေါ်လေးနဲ့ပဲ အမြဲအတူတူအိပ်တော့တယ်"



သူ့ကို ကျောပေးထားရင်း လှမ်းပြောနေမိတာပါ။

အခန်းထဲမှာ ခုတင်နှစ်ခုကို တစ်ဖက်စီခြားပြီး ချထားတာမို့ အလယ်မှာ နေရာလပ်တွေ ကျန်နေသေးသည်။

"ကြယ်ဖြူ"

ပြန်မထူးဘဲ ငြိမ်သက်နားထောင်နေမိ၏။

"ဒီညရော အိပ်မက်မက်မှာ မကြောက်ဘူးလား"

သူမေးလိုက်တာက ရယ်သံတစ်ဝက်နှင့်။

ဟွန်း . . လူကိုများ နောက်စရာမှတ်လို့။

"မကြောက်ပါဘူး"

"ဒါဆို ဘာလို့ မီးပိတ်ပြီး မအိပ်သေးတာလဲ"

ကပ်သီးကပ်သပ်လိုက်မေးနေသည်။

"မအိပ်ချင်သေးလို့"

ပိုင်ညာက ခုတင်ထက်ကဆင်းပြီး မီးခလုတ်ပိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဘာလို့မီးပိတ်ပစ်တာလဲ"

"ဟာ…မီးပိတ်နေကြပဲ၊ မီးမှိန်မှိန်လေးလင်းနေသားပဲ၊ ဘာဖြစ်လဲ"

"ဒီည မီးချောင်းဖွင့်အိပ်မယ်"

"ဟာ…မဖြစ်ဘူး၊ ကိုယ်မှမအိပ်တတ်ဘဲ"

ကြယ်ဖြူက မီးခလုတ်ပြန်ဖွင့်၏။

"အင်းလေ…သဘောပါ၊ ကိုယ်ညှော်ခန်းထဲသွားအိပ်မယ်"

ပြောပြောဆိုဆို စောင်နှင့်ခေါင်းအုံးယူပြီး ခုတင်ပေါ်ကဆင်းလျက် ခြေလှမ်းစသည်။

"မအိပ်ရပါဘူး၊ ဒီမှာပဲအိပ်ပါ။ ကြယ်ဖြူကြောက်တယ်။ အခန်းထဲမှာ တစ်ယောက်တည်း အိပ်ပျော်မှာ မဟုတ်ဘူး"

သူ့ရှေ့မှာ လက်ကလေးဆန့်တန်းလျက် တားထားတော့ မနေနိုင်ဘဲ ပြုံးမိ၏။



"မကြောက်ဘူးဆို"

မျက်စောင်းရွယ်ပြီး ချာခနဲလှည့်သွားတော့ ပိုင်ညအော်ရယ်မိတော့သည်။

"သူများလန့်တာကို ရယ်စရာမှတ်လို့"

နှုတ်ခမ်းစူပြီး ခုတင်ပေါ် ဝုန်းခနဲထိုင်ချ၏။

လက်ထဲကစောင်နှင့် ခေါင်းအုံးကို ခုတင်ပေါ်ပစ်တင်လိုက်ပြီး…

"ကော်ဖီသောက်ချင်တယ်ကွာ" ဟု တောင်းဆိုသောအခါ…

"အတူတူသွားမယ်၊ လိုက်ခဲ့"ဟု မပွင့်တပွင့်ပြောလာ၏။ "နီညိုရှိသားပဲ ခေါ်သွား"ဟု မမေ့မလျော့ဆိုမိတော့…

"အမယ်လေး…အိပ်ပုတ်ကလေးက အိပ်ပြီ၊ ဘယ်သူနဲ့တူမှန်းမသိပါဘူး" ဟု ပြုံးစိစိလေးစောင်းပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ညက ကြယ်ဖြူနှင့်အတူ မီးဖိုချောင်အထိ လိုက်လာပေးသည်။ ကော်ဖီဖျော်တာ ထိုင်စောင့်နေသည်။

သူ ကော်ဖီသောက်နေတုန်း မြန်မြန်ဆန်ဆန် သွားတိုက်ပြီး ခြေလက်ဆေး၏။ ဘာလို့များ အားငယ် ထိတ်လန့်နေပါလိမ့်။

ဟိုရက်တွေတုန်းကဖြင့် လုံးဝမကြောက်။

"ရပါဘယ်၊ အေးအေးဆေးဆေးလုပ်ပါ"

ပိုင်ညက အလိုက်သိလွန်း၏။

အခန်းထဲပြန်ရောက်တော့ ခုတင်ပေါ်တက်ပြီး စောင်ကိုလှမ်းဆွဲခြုံထားလိုက်သည်။

ပိုင်ညက ကြယ်ဖြူကိုလှမ်းကြည့်၏။

"မီးချောင်းမပိတ်ရဘူးလား"

"အင်း"

အိပ်ရာဆီလျှောက်သွားပြီး သူ ဖြည်းဖြည်းထိုင် ချသည်။ ခေါင်းမော့ပြီး သက်ပြင်းရှိုက်သည်။



သူ ဘယ်လိုဖြစ်နေပါလိမ့်။

ကြယ်ဖြူကို ဖက်တွေးပြီး အိပ်ပျော်သွားခဲ့သော မနေ့ညကအဖြစ်သည် သူ့ကို မေ့မရအောင်ဖြစ်စေသည်။

သည်ညမှာ သူ့တစ်ယောက်တည်း လစ်ဟာစွာ မအိပ်ချင်တော့ပါ။ ကြယ်ဖြူဆီ ကြည့်မိတော့ စောင်ခြုံ ပြီး မျက်လုံးတွေစုံမှိတ်ထား၏။

ကြောက်လန့်ပြီး အိပ်မပျော်နိုင်အောင် ဖြစ်ရမှာ က ကြယ်ဖြူပါ။ ဘာလို့ သူက အလိုမကျစွာနှင့် အိပ် မပျော်ဖြစ်ရတာလဲ။

စောင်နှင့်ခေါင်းအုံးကိုဆွဲယူပြီး ကြယ်ဖြူရှိရာ လျှောက်သွားလိုက်ပြီး ခြေစုံရပ်မိသည်။

"ကြယ်ဖြူ"

တိုးဖွဖွခေါ်သံကြောင့် ကြယ်ဖြူက မျက်လုံးဖွင့် ပြီး သူ့ကိုတွေ့တော့ ဝေါက်ခနဲထထိုင်၏။

"ကိုယ် ဒီမှာ အိပ်လို့ရမလား"

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက နူးညံ့ပျော့ပျောင်းမှုကင်းစွာ တောင့်တင်းတင်း မာထန်ထန်ပါ။

ကြယ်ဖြူက ချက်ချင်းပဲ ခေါင်းငုံ့မျက်လွှာချသွား၏။

"ဖြေလေ"

စိတ်မရှည်နိုင်ပါ။ ထိုအချိန်ခဏသည် သူ့ကို အသက်ရှုကြပ်မတတ် လှုပ်ရှားတုန်ခိုက်စေသည်။ တကယ်လို့များ ကြယ်ဖြူက ခေါင်းယမ်းခဲ့သည်ရှိသော် သူ ကြယ်ဖြူ ရှေ့မှာ ဆက်လက်ရပ်တည်နိုင်စွမ်း ရှိမှရှိပါ့မလား မသိ။

သူ အရမ်းရှက်သွားမှာ သေချာသည်။ အရမ်းလည်း ငုပ်လျှိုးသွားမိမှာပါ။ ဂုဏ်သိက္ခာနှင့်ရင်းပြီးမှ တောင်းဆိုရတာမဟုတ်လား။

"ပိုင်ညနဲ့ကြယ်ဖြူ လက်ထပ်ထားတာပဲ၊ ခွင့်တောင်းနေစရာလည်းမလိုပါဘူး"ဟု ကြယ်ဖြူက နှုတ်



ခမ်းလေးလှုပ်ရုံ တိုးတိုးကလေးပြောသည်။

"မဟုတ်ဘူးလေ၊ အစကပြောထားတုန်းက..."

ပိုင်ည ပြောလက်စနှင့်ရပ်သွားသည်။ ဘာကို ဘယ်လိုဆက်ပြောရမှန်းမသိ။ လူက ခွေးပုံပြီး ထူပူနေပြီ။

"ကြယ်ဖြူ ခေါင်းညိတ်မှပဲ..."

ကြယ်ဖြူက သူ့ကို မျက်လွှာလှန်ကြည့်သည်။ အတန်ကြာပြီးမှ ခေါင်းလေးညိတ်၏။

"အဟား..တကယ်လို့ ခေါင်းမညိတ်ရင် နောက်တစ်ခါလန့်အော်လည်း မသိချင်ယောင်ဆောင်နေလိုက်မလို့"

ပိုင်ညက ကြယ်ဖြူကို စလိုက်၏။

သူ့လက်မောင်းကို ကြယ်ဖြူ လှမ်းဆိတ်မိပါသည်။

"မုန်းဖို့ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက ကြယ်ဖြူ့လက်ကလေးကို ဖမ်းဆွဲပြီး ကိုယ်လေးကိုပါ ဖက်ထားလိုက်၏။

ခုမှပဲ ရင်ထဲမှာ အေးမြလန်းဆန်းသွားသည်။

စောစောတုန်းက ဘာတွေလိုအပ်နေမှန်းမသိ အော ဟာနေသည်။

ကြယ်ဖြူ၏ အသက်ရှူသံမျှင်းမျှင်းကလေးက သူ့ကိုရင်ခုန်မြန်စေသည်။

ဘေးခန်းက ကျကျနန လာရောက်ပြင်ဆင်နေတာတွေ့တော့ လူသစ်တွေပြောင်းလာတော့မှာပဲဟု တွေးမိသည်။

ကြယ်ဖြူနှင့်လည်း ထိုအကြောင်းကိုပြောဖြစ်၏။

သို့သော် သူတို့က မနက်သွား ညမှပြန်တာမို့ ပြောင်းလာမည့်မိသားစုကို မမြင်ဖူးပေ။

အလုပ်သမားတွေက ကိုးနာရီခွဲ ဆယ်နာရီမှ ရောက်ပြီး ပိုင်ရှင်ကတော့ ထိုထက်ပိုနောက်ကျမှာ မလွဲမသွေပါ။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ညတို့ ကြယ်ဖြူတို့နှင့် တစ်ခါမှမဆုံဖြစ်ပါ။

နှစ်ပတ်သုံးပတ်လောက် လာရောက်ပြင်ဆင်ပြီး သောအခါ၊ ထိုအခန်းလေးသည် ပိုင်ညတို့အခန်းနှင့် ဘယ်လိုမှယှဉ်မရအောင် သားနားလှပလွန်းလှ၏။

အခန်းနှစ်ခန်း အတူတူပါပဲဆိုတာတောင် ယုံဖို့ ခက်သည်။ ဒါတောင် အပြင်တံခါးနှင့် အရှေ့ဝရန်တာ လောက်ပဲ မြင်ရတာ။ အခန်းထဲမှာလည်း တစ်ခန်းလုံး သားသားနားနားလုပ်ထားမှာ သေချာ၏။ ကြယ်ဖြူကဆို ပိုက်ဆံအရမ်းရှိကြတယ် ထင်ပါရဲ့ဟု ဆိုခဲ့သေးသည်။

ပြင်လိုက်တော့လည်း ချစ်စဖွယ်လေး နေချင်စရာ လေး၊ မဆိုးဘူးကွ၊ ဆေးအရောင်ရော၊ မီးအရောင်ရော၊ စတီးတန်းတွေရော၊ လိုက်ကာတွေလည်း ရှယ်ပဲ၊ သေချာ ပြင်တာပဲ၊ စိတ်လည်းရှည်တယ်ဟု ပိုင်ညက သဘော ကျချီးကျူးနေမိသည်။

သူတို့လည်း အခန်းလေးကို ပြုပြင်ချင်စိတ်ပင်



ပေါက်မိသည်။

ဝရန်တာလေးက သိပ်ခမ်းနားတာပဲ၊ တကယ့် နန်းတော်လေးအတိုင်းပဲဟု ကြယ်ဖြူက လှမ်းလှမ်းကြည့် ကာ ငေးနေတတ်သည်။

ပိုင်ညက ကြယ်ဖြူ့စိတ်တိုင်းကျ အခန်းလေး ကိုပြင်ဆင်ပေးဖို့ တစ်ယောက်တည်း စိတ်ကူးထားလိုက် ၏။

ကြယ်ဖြူလည်း စိတ်ကူးကောင်းသူကလေးပါ။ သူများထက်တောင် အလှအပကြိုက်တတ်သေးတာ။ တစ်ဖက်ခန်းက အိမ်ရှင်မကလေးထက် ဘယ်လိုမှ ညံ့ မကျန်နိုင်။ ပိုင်ည ယုံကြည်ထားမိ၏။

သူလည်း အမှတ်တမဲ့နေမိတာပါ။ ရင်ထဲမှာ ဝေဒနာတစ်ခု ကပ်ငြိနေတာကြောင့်လည်း ပါသည်။

သူတို့အခန်းလေးကို နေလို့ဖြစ်ရုံ အဆင်ပြေရုံပဲ ပြင်ဖြစ်သည်။ အနုစိတ်အသေးစိတ် ပြင်ဆင်နေဖို့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကျူးခဲ့။ ကြယ်ဖြူ လှတပတလေး နေချင်ရှာလိမ့်မည် ဆိုတာ သူများအခန်းလေးကို တငေးတမော ကြည့်နေ တာတွေ့မှပဲ သူ သတိပြုမိလာသည်။

ဘာပဲဖြစ်ဖြစ် ဘေးချင်းကပ်အခန်းကို မိသားစု တွေ ပြောင်းလာတော့ သူတို့အဖော်ရမည်။ အိမ်နီးနားချင်း အသစ်တိုးမည်။

ပိုင်ညနှင့်ကြယ်ဖြူက ဝမ်းသာအားရ ကြိုနေမိ ခဲ့ကြပါသည်။

သို့သော် ....

"ပိုင်ညရေ"

ဒရင်းဘက်ခ်ပေါ် လှဲချပြီး သီချင်းတိုးတိုးညည်း နေသော သူ့ကို ကြယ်ဖြူက ခေါ်လိုက်၏။

"ထမင်းစားမယ်လေ"

"အင်း ... ကျက်ပြီလား"

"ကျက်ပြီ"

ပိုင်ညက မီးဖိုဆောင်ဘက် ထလျှောက်လာ၏။

နီညိုက ကြယ်ဖြူ နယ်ဖတ်ထားသော ထမင်းကို အားရပါးရ စားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကိုယ့်ကို မစောင့်ဘူး"

ကြယ်ဖြူက ထမင်းစားနေပြီမို့ ပိုင်ညု ဆိုမိသည်။

"အရမ်းဆာနေပြီ"

ပိုင်ညုကို အသံတိုးလေးနှင့် ချွဲလိုက်၏။

ပိုင်ညုမျက်နှာ ပြုံးသွားပြီး ထမင်းစားနေသော ကြယ်ဖြူ့နဖူးလေးကို နှာဖျားနှင့် ဖိကပ်မွှေးရှိုက်လိုက်၏။

ထိုအချိန်မှာပဲ နီညိုက ဝရန်တာဘက် ပြေးထွက်သွားကာ တဝုန်းဝုန်း အဆက်မပြတ်ဟောင်တော့သည်။

ကြယ်ဖြူက မတ်တပ်ရပ်ဖို့ပြင်ဝေ .

"ရတယ် . . . နေနေ . . . ကိုယ်သွားကြည့်လိုက်မယ်"ဟု ပိုင်ညုက လက်ကာပြပြီး ဝရန်တာဘက် လျှောက်လာခဲ့၏။

နီညိုက တစ်ဖက်ခန်းကိုကြည့်ပြီး တိုးတိုးဟောင်နေသည်။



"နီညို . . . ဟော့ တိတ်စမ်းကွာ၊ နားကိုညည်းနေတာပဲ"

သူ့ကိုလှည့်မကြည့်ဘဲ အမြီးလှုပ်ပြသော်လည်း ရှေ့ကိုမဲပြီး အဟောင်မပျက်။ ပိုင်ညုလည်း နီညိုကို ကောက်ချီဖို့အနားကပ်ကာ ခါးကိုင်းချရင်း တစ်ဖက်ဝရန်တာကို ကြည့်မိ၏။

"ဟင်"

လူက တောင့်တင်းငြိမ်ကျသွားလျက် ရင်ထဲမှာ အေးစက်သွား၏။ မြင်လိုက်ရတာကို အလွန်အမင်း အံ့သြသည်။

သည်အရိပ် သည်သဏ္ဍာန် သည်ပုံစံလေး၏ နွဲ့နှောင်းနူးညံ့မှုကို ခုလောက်မနီးလျှင်တောင် ခုလောက် မလင်းရင်တောင် သူ ကွဲကွဲပြားပြား မှတ်မိသည်။ သူ့ဘဝတွင် ထိုမိန်းမတစ်ဦးတည်းကိုသာ စွဲလန်းမက်မောခဲ့ဖူး

www.burmeseclassic.com



တာပါ။

ပန်းရွှေကြာ။

ပန်းရွှေကြာပါလား။

မြင်သူလှည့်ကြည့် ငေးချင်လောက်အောင် ဖမ်းစားနိုင်သော ဆံပင်ရှည်ရှည်များက လေမှာလွင့်နေသည်။

ဘေးကအခန်းကို ပြင်ဆင်နေတာသိပေမယ့် ပန်းရွှေကြာတို့မှန်း လုံးဝမသိခဲ့ပါ။ တွေးလည်း မတွေးမိ။ ထင်လည်း မထင်တတ်။

နီညိုကို ကောက်ယူချီလိုက်ပေမယ့် ရင်ထဲမှာ ကတုန်ကယင်နှင့် ဟန်မဆောင်နိုင်အောင် ဖြစ်သွားရသည်။

ပြန်တွေ့လိုက်ရတော့ ရင်ထဲက ခံစားမှုတွေ သစ်လွင်နွေးတက်လာသလိုပါ။ မမြင်ရင်၊ မတွေ့ရင် ဝေးနေကြရင် ပိုမကောင်းဘူးလား။ တဖြည်းဖြည်းနှင့် သွေး



အေး မေ့ပျောက်သွားမည်။

နီညိုကို ပွေ့ချီပြီး ပြန်လျှောက်လာသော ပိုင်ညမျက်နှာကို ကြယ်ဖြူက လှမ်းကြည့်ပြီး နားမလည်နိုင်ပါ။

ပိုင်ညမျက်နှာက ဖြူရော်ငေးမှိုင်လို့ပါလား။

စောစောက သည်လိုမဟုတ်။ ချက်ချင်းကြီး ဘယ်လိုဖြစ်လာတာပါလိမ့်။ သိသိသာသာ မျက်နှာပျက်နေပုံကို စဉ်းစားပြီး မှန်းဆမရနိုင်။

နီညိုကို သူ့ထမင်းပန်းကန်ရှေ့မှာ ချပေးလိုက်၏။ နီညိုက ထမင်းပြန်စားနေသည်။

"ပိုင်ည ... စားတော့လေ"

"ကိုယ်မဆာသေးဘူး"

ပိုင်ညက ချာခနဲလှည့်ထွက်သွား၏။ ကြယ်ဖြူ 'ဟင်'ခနဲဖြစ်ကျန်ရစ်ပြီး ထမင်းပင် စားမကောင်းတော့ပါ။

အသာကလေးထလာပြီး အခန်းတံခါးဟကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်လှဲချပြီး မျက်နှာကြက်ကို ပြူးနေအောင် စိုက်ကြည့်ငြိမ်သက်နေသော ပိုင်ညကို မြင်ရ၏။

တံခါးကို ပြန်ပိတ်ပြီး ကြယ်ဖြူ့ရင်ထဲ လေးပင်နွမ်းကျသွားရပါသည်။ ရုတ်တရက်ကြီး ဟန်မလုပ်နိုင်အောင် မူပျက်သွားတာ ဘာလို့လဲ။

သူ . . . သူ ပန်းရွှေကြာကို သတိရသွားလို့လား။

ညှော်ခန်းမှာ ကြယ်ဖြူ တစ်ယောက်တည်း ထိုင်နေမိသည်။

လူက ချက်ချင်းပဲအားယုတ်ကာ နုံးခွေသွားသလို ထင်မိသည်။

အကျိုးအကြောင်းကို သွားမေးကြည့်ဖို့လည်း ဝန်လေးသည်။ အဖြစ်မှန်ကိုလည်း ရင်မဆိုင်ရဲပါ။

ခါတိုင်းနှင့်မတူဘဲ ကြယ်ဖြူ ဘာကိုကြောက်နေမိမှန်းမသိ။

သူနှင့်ကြယ်ဖြူ လက်ထပ်ခဲ့ပြီးတာ မှန်ပေမယ့်



တစ်ယောက်ရင်ထဲမှာ တစ်ယောက်မရှိ။ ချစ်တာကသပ်သပ် လက်ထပ်ဖြစ်တာကသပ်သပ်။ ချစ်သူကိုယ်စီရှိခဲ့ဖူးတာကို ဘယ်မေ့ထားလို့ရပါ့မလဲ။

မချစ်ပါဘဲ နားလည်မှုတစ်ခုနှင့် ဖြစ်အောင်တည်ဆောက်ခဲ့သော အိမ်ကလေး။ တစ်ခါတလေ ထိုနားလည်မှုလေးက ဟုန်းခနဲ ပျောက်သွားချင်သည်။

ပိုင်ညက ညှော်ခန်းကို ထွက်မလာ။ တီဗွီလည်း လာမကြည့်။ ထမင်းလည်းမစား။ အခန်းအောင်းနေ၏။

နီညိုက ကြယ်ဖြူ့ခြေဖမိုးပေါ် မေးလေးတင်ကာ ဝင်အိပ်နေ၏။ ထူးခြားစွာ တစ်အိမ်လုံး ခြောက်ကပ်နေသည်။

ဟိုရက်တွေတုန်းကတော့ ခုလို အေးစက်ခြင်း၏ အငွေ့အသက်ကို စိတ်ထဲမခံစားမိပါ။ ပိုင်ညနှင့်ကြယ်ဖြူ ရယ်ရယ်မောမော ရွှင်ရွှင်ပျပျပါပဲ။ ပိုင်ည၏ အမူအယာက ခုလေးတင် ပြောင်းလဲသွားတာ။

www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက် မပေးချင်တာကတစ်ကြောင်း အမှန်ကိုဝန်ခံလိုက်လျှင် နှလုံးသားက လက်မခံနိုင်ဖြစ်မှာ က တစ်ကြောင်းကြောင့် ကြယ်ဖြူ တိတ်တဆိတ်ပဲ နေမိတော့သည်။

"နီညို"

တံခါးဖွင့်လိုက်သည်နှင့် နီညိုက တစ်ဖက်အခန်းထဲကို လှစ်ခနဲ ပြေးဝင်သွားတော့သည်။ ဖမ်းထားချိန် မရလိုက်။ နီညိုက အပြေးလျှင်သည်။ သန်သည်။ တစ်ဖက် အခန်းတံခါးကလည်း ဖွင့်ထားတော့ သူ ပြေးဝင်သွားဖို့ အဆင်သင့်။

"နီညိုရေ . . . လာ . . . လာ . . နီညို"

သူများအခန်းမို့ မသိသေးဘဲ ဝင်ရမှာ အားနာလျက် အခန်းဝကနေပဲ ပြန်ခေါ်လိုက်၏။ ဘေးခန်းကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကများ လူသစ်တွေ ပြောင်းလာခဲ့သလဲမသိ။ ညတုန်းက နီညို အဲဒီဘက်ကို ဝရန်တာကနေ အရမ်းဟောင်နေခဲ့သေးသည်။

ညက ကြယ်ဖြူ ဝရန်တာပင် မထွက်ဖြစ်ပါ။ ပိုင်ညနှင့်လည်း အိပ်ရာဝင်ချိန်အထိ စကားမပြောဖြစ်ခဲ့ပါ။

"နီညိုရေ ... နီညို၊ လာခဲ့ဦး ... နီညို"

အခန်းဝမှာ ရပ်ခေါ်နေပေမယ့် နီညိုက လုံးဝထွက်မလာ။

ပိုင်ညကလည်း ရေချိုးခန်းထဲမှာ ရေချိုးနေသည်။

"တော်တော်ဆိုးပါလား နီညို"

ခြေနစ်လှမ်းရှေ့တိုးကာ တစ်ဖက်ခန်းတံခါးပေါက်ဝအထိ သွားရပ်လျက်ခေါ်သည်။

"ဟြော် ခွေးလွတ်သွားလို့လား"

စကားသံနှင့်အတူ အခန်းထဲက ရိုပ်ခနဲထွက်လာ



သူ့ကို မမြင်ရခင်မှာပင် စိတ်ထဲလန့်ဖြန့်သွားရသည်။

နေရှင်။

နေရှင်ပါလား။

သူ့အသံကို ဘယ်အချိန် ဘယ်နေရာမှာကြားကြား မှတ်မိပါသည်။

ရှုးစိုက်မော့ကြည့်နေသော မျက်လုံးတွေက စိုကီတန့်ငြိမ်သက်လျက် နှုတ်ခမ်းတွေ အစိုဓာတ်ပြယ်ကာ ခြောက်သွေ့သွားသလို ခံစားရသည်။

တကယ်ပဲ နေရှင်ပါလား။

မယုံချင်။ အကြည့်မှားတာပဲ ဖြစ်ချင်သည်။

ကြယ်ဖြူတို့အခန်းဘေးကို ပြောင်းလာတာ သူတို့နှစ်ယောက်လား၊ ဖြစ်မှဖြစ်ရလေ။

လုံးဝမထင်မှတ်တာမို့ သတိလက်လွတ် ငြိုးငြောင်ကြည့်နေမိ၏။

နေရှင်က သွေးအေးစွာပဲ ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် ဆုံလိုက်ရတာကို သူက ဘယ်လိုမှမနေ။ မျက်နှာလည်း မပျက်။ ကြယ်ဖြူမှာသာ ရင်ထဲ လှိုက်ခနဲအေးပြီး လစ်ဟာသွားရတာ။

သူကတော့ အောင်နိုင်သူကိုး။

"ခွေးလေး ခေါ်မလို့လား။ ရပါတယ် ဝင်ခေါ်ပါ"

ကြည်လင်သောအသံနှင့် ခွင့်ပေး၏။

"ဟင့်အင်း"

ကြယ်ဖြူ ခေါင်းရမ်းဖြစ်သည်။

သူတို့အခန်းထဲကို မဝင်ချင်ပါ။ သူတို့နှမ်းသိလျှင် အခန်းဝမှာတောင် လာရပ်ဖြစ်မှာမဟုတ်။ မသိလို့သာ။

ကင်းကင်းရှင်းရှင်းပဲ နေချင်လှသည်။

"ရပါတယ် ... ဝင်ခေါ်လိုက်"

"နေပါစေ၊ ထွက်လာမှပဲ ခေါ်တော့မယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ စိတ်ချပါ၊ ဒီဘက်မှာပဲ ရှိမှာပါ။ သူ လျှောက်ဆော့နေမှာပေါ့ ကိစ္စမရှိပါဘူး"



နှိုက်ကို ကြယ်ဖြူ တအားဒေါသဖြစ်မိသည်။

သူက အိမ်လည်စရာလား။ မာနမရှိတဲ့ကောင်။

နှုတ်ခမ်းလေးကိုက်ပြီး ကြယ်ဖြူ ကျောခိုင်းလိုက်၏။

သစ္စာမရှိသော နေရှင်နှင့် စကားအပိုမဆိုချင်ပါ။

ရင်ထဲမှာ နာနေသေးသည်။

ခွင့်မလွှတ်နိုင်ပါ။

နေရှင်က ရပ်ကြည့်နေသည်။ ကြယ်ဖြူ အခန်းထဲဝင်ပြီး တံခါးကို ဂျိန်းခနဲပိတ်လိုက်၏။ ပင့်သက်တစ်ချက် ရှိုက်မိပါသည်။

ဆံပင်တွေ ရေသုတ်နေသော ပိုင်ညက ကြယ်ဖြူဆီ လှမ်းကြည့်နေ၏။ သူ့မျက်လုံးတွေက အတွေးများစွာနှင့်။ ကြယ်ဖြူမျက်နှာပေါ်မှာသာ အဖြေရှာနေမိပါသည်။

တစ်ဖက်ခန်းကို နှိုက်ဝင်သွားလို့ ကြယ်ဖြူ အော်ခေါ်နေတာ ရေချိုးခန်းထဲက ထွက်လာတော့ ကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ့ အခြေအနေကို အသာကလေးပဲ ကြည့်နေလိုက်၏။

တံခါးပိတ်ပြီး ကြယ်ဖြူ သက်ပြင်းရှိုက်လိုက်တာ ခေ ါမြင်သည်။

နေရှင်နှင့် ပန်းရွှေကြာမှန်း ကြယ်ဖြူ သိသွားပြီး

တစ်ဖက်ခန်းက စုံတွဲအသစ်ကို ကြယ်ဖြူ မြင်တွေ့ခဲ့ပြီထင်ပါရဲ့။

မျက်နှာလေးပျက်ပြီး မရယ်မပြုံးနိုင်အောင် ဖြစ်လာတာကိုကြည့်ရုံနှင့် သိလိုက်၏။

ကြယ်ဖြူက တံခါးကို မှီချပြီး မျက်လုံးတွေ စုံမှိတ်လိုက်၏။

ဘယ်တော့မှ သတိမရချင်ပါ။

ဘယ်တော့မှ ပြန်မတွေ့ချင်ပါ။

တစ်သက်လုံး အမှတ်တမဲ့ပင် မကြုံဆုံပါရစေနှင့်



ဟု ဆုတောင်းခဲ့တာ မပြည့်ပါလား။ သူ့ကို စိတ်နာသည်။ မူးနစ်နေအောင် မျက်ရှ၏။ မုန်းတီးစိတ်သည် တကယ်တန်းတော့ အချစ်ကနေ ဆင်းသက်လာခဲ့တာ ဖြစ်မည်။

သိပ်ချစ်တော့ သိပ်နာသည်။ ဒဏ်ရာပြင်းထန်သွား၏။ သူတို့ ဘာလို့ ဘေးခန်းကို ပြောင်းလာရတာလဲ။

နေရှင့်မျက်လုံးတွေ အပြုံးတွေ ကြည့်ရတာ ဘေးမှာ ကြယ်ဖြူတို့ရှိနေတာကို သိထားပြီးပုံပါ။

သိသိချည်းနှင့် ပြောင်းလာတာ အံ့သည်။

နိုင်တာကို လာကြွားနေတာလား။ ဘယ်လောက်ထိ နိုင်စက်ချင်သေးတာလဲမသိ။ ဘာပဲပြောပြော ညက နိုညို့ကို ဝရန်တာမှာ ထွက်ခေါ်ပြီး ပိုင်ညဲ မစားနိုင် မအိပ်နိုင် မပြောနိုင် မဆိုနိုင် ငိုင်တွေထိခိုက်သွားခဲ့သည်။ ပန်းရွှေကြာကို မြင်လိုက်လို့ပဲဆိုတာ အတတ်သိလိုက်ပါပြီ။

အေးစက်စက် အတွေ့ကြောင့် ကြယ်ဖြူ ဖျတ်ခနဲ မျက်လုံးဖွင့် ကြည့်မိသည်။ ပိုင်ညက ကြယ်ဖြူ့လက်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဖမ်းဆုပ်ဖျစ်ညှစ်လိုက်တာပါ၊ ရှေ့တည့်တည့်မှာရပ်ပြီး ကြယ်ဖြူကို စိုက်ကြည့်နေ၏။ ပြီးမှ အားပေးသလို ပြုံးပြသည်။ ခေါင်းခါပြသည်။ မခံစားစေချင်ပါ။

ကြယ်ဖြူ့ကိုယ်လေးကို လက်မောင်းဖွန်းမှ ဆွဲယူကာ ရင်ခွင်ထဲမှာ တင်းတင်းပိုက်ထွေးထားလိုက်၏။

"ကိုယ်တို့ အရှုံးမပေးဘူး ကြယ်ဖြူ"

ပိုင်ညက ဆုံးဖြတ်ထားတာကို တိုင်ပင်၏။

"အင်း"

မျက်ရည်တွေ ဝေ့တက်လာရင်း ခေါင်းညိတ်မိကာ ပိုင်ညကို ကြယ်ဖြူ တင်းတင်းပြန်ဖက်တွယ်ထားမိပါသည်။

တံခါးဘဲလ်သံကြောင့် ကြယ်ဖြူက ပိုင်ညရင်ခွင်မှ ရုန်းထွက်ပြီး ဆံပင်တွေတစ်ချက်သပ်လျက် တံခါးကို ဆွဲဖွင့်ပေးလိုက်၏။

"ဒီကောင် ဆော့လို့ပြီ၊ ပြန်မယ်တဲ့ ဒီတံခါးရှေ့မှာ လာစောင့်နေတယ်၊ တော်ကြာ အောက်ဆင်းပြေးသွားမှာစိုးလို့"

နေရှင်၏ ရှင်းပြမှုတွေ မပြီးခင်မှာပင် နီညိုက အိမ်ထဲလှစ်ခနဲ ခုန်ပေါက်ဝင်ပြေးသွား၏။

"ကျေးဇူးပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်ပြောထိုက်သော စကားကို ဆိုလိုက်ရ၏။

ပိုင်ညက တံခါးနှင့်ကွယ်နေတာမို့ နေရှင် မြင်ပုံမရ။

ကြယ်ဖြူက အပြုံးတစ်ခုနှင့် တံခါးပြန်ပိတ်ဖို့ပြင်လိုက် ...

"ကြယ်ဖြူ ခဏလေး ... စကားနည်းနည်း ပြောချင်လို့ပါ"

ဟု နေရှင်က အလောတကြီး ခွင့် ...း၏။

တံခါးချပ်ကို ဆွဲထားသောကြောင့် ကြယ်ဖြူ၏ လက်ကလေး ရပ်တန့်သွားရသည်။ သူ့ကို လှမ်းကြည့်မိသည်။

"...ကိုကို ... အဲ .. ကျွန်တော်"

နေရှင်က နှုတ်ကျိုးနေခဲ့သလို ဦးခုံးသုံးနှုန်းမိပြီးမှ ပြင်လိုက်၏။



"ကျွန်တော် ကြယ်ဖြူ့အပေါ် မတရားသလို ဖြစ်ခဲ့တယ်။ မှားခဲ့တာ အမှန်ပါ။ ကျွန်တော့်ကို ကြယ်ဖြူ ခွင့်လွှတ်ပါ"

ပိုင်ညက တံခါးအကွယ်မှ ကြားနေရတာမို့ အံ့ကြိတ်မိသည်။ လုပ်ချင်ရာလုပ်ပြီးမှ ခွင့်လွှတ်ပေးစေချင်သေးသည်။

လောဘတွေ ကြီးလှချည်လား။

တစ်ဖက်လူကလည်း သွေးနဲ့သားနဲ့ ခံစားချက်နဲ့ နှလုံးသားနဲ့ပါ။ လွယ်လွယ် ခွင့်လွှတ်ပေးနိုင်ပါ့မလား။

ကိုယ့်မိန်းမကို သူ့နှုတ်ဖျားက တဖွဖွခေါ်နေတာ လုံးဝမကြိုက်ပါ။ သူကိုယ်သူ အရင်အသုံးအနှုန်းအတိုင်း ကိုကိုဟု သုံးလိုက်တာကို နားခါးလှ၏။ ကျိန်ခဲ့ပါပြီ။ အိပ်မက် မမက်ချင်နှင့်။

ပိုင်ညအတွေးတွေ ဘလောင်ဆူသွား၏။

ကြယ်ဖြူ့မျက်နှာလေးကိုတော့ မြင်နေရသည်မို့

www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာလေးချပြီးမိသက်နေတာ ခံစားမှုပါသော ပုံစံလေးကို စိတ်ပျက်ရမလား။ ဒေါသဖြစ်ရမလား။ တနာနားလည်ပေးရမလားပင် မသိတော့ပေ။

ပြတ်ပြတ်သားသားလည်း မရှိ။ ပေါ့ပေါ့ပါးပါးလည်း မရှိ။

အရှုံးကြီးရှုံးခဲ့တာ ခုထက်ထိ နလန်မထူနိုင်သေးတာ ပေါ်လွင်လွန်းတော့ သူ မခံချိမခံသာ ဖြစ်ရသည်။

ကိုယ်တို့က တစ်သင်းတည်း တစ်ဖွဲ့တည်း။ တစ်ဖက်ကို အနိုင်ရဖို့ပဲ သဲသဲမဲမဲ ကြိုးစားရမှာ။

မင်း စိတ်မပျော့စမ်းပါနဲ့ ကြယ်ဖြူရယ်။

ခွင့်လည်းမလွှတ်နဲ့။ အရှုံးလည်း မပေးနဲ့။

"ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ပြန်တွေးလိုက်တိုင်း စိတ်မကောင်းဘူး။ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘူး။ သိပ်လွန်သွားသလို ဖြစ်ခဲ့တယ်"



ကြယ်ဖြူက မျက်လုံးလေးရွှေပြီး ပိုင်ညဆီ ကြည့်သည်။

ပိုင်ညက မကျေမနပ်ရှိနေပါလား။

"အဲဒါတွေ ပြန်မပြောပါနဲ့၊ ကြယ်ဖြူ စိတ်မဝင်စားဘူး"

ချက်ချင်းပဲ စကားဖြတ်ကာ တံခါးပိတ်လိုက်၏။

ပိုင်ည တစ်ခုခုဝင်ပြောမှာ စိုးလို့ပါ။

ရန်တွေဘာတွေ ဖြစ်ကုန်မှာ စိုးသည်။

ခုအချိန်မှာတော့ ကြယ်ဖြူ့အတွက် အရေးအကြီး ဆုံးသူက ပိုင်ညပါ။

နေရှင် မဟုတ်တော့ပေ။

ပိုင်ညအတွက်လဲ ပထမဆုံး စဉ်းစားမိ၏။

နေရှင်မျက်လုံးတွေအောက်မှာ ထပ်ပြီး ရှုံးသွပ်ပျော်ဝင်နစ်မွန်းမနေချင်တော့ပေ။ ရှုန်းထွက်ခွင့်ပေးပါ။

ကြယ်ဖြူက ပိုင်ညအင်္ကျီစကို လှမ်းဆွဲပြီး ပိုင်ည

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်မှာ မျက်နှာဝှက်ကာ ငြိမ်နေမိပါသည်။

သူ့ စိတ်ဆိုးသွားမှာ ကြောက်သည်။

သူ့ စိတ်ပျက်သွားမှာ ကြောက်သည်။

သူ့ စိတ်မချမ်းမြေ့ဖြစ်မှာ ကြောက်သည်။

ဘယ်လိုခံစားမှုဝေဒနာမှ ပိုင်ညကို မပေးချင်။

သံသယလည်း မဝင်စေချင်။ ဇဝေဇဝါလည်း မတွေးမိစေချင်ပါ။

ဟိုတုန်းက နေရှင်ကို အရှုံးအမူးချစ်ခဲ့ပေမယ့် အခုချိန်မှာ ပြီးဆုံးခဲ့ပြီ။ လမ်းခွဲခဲ့တာလည်း ကြာပါပြီ။ ဝေဒနာတွေတောင် ဟောင်းနွမ်းနေခဲ့ပြီးမှ ပြန်မနွေးချင်တော့ပါ။

"ဘာသဘောနဲ့ လာတောင်းပန်နေတာလဲ၊ ခွင့်လွှတ်စေချင်တာ တစ်ခုတည်းပဲလား။ ကိုယ် နားမလည်ဘူး"

ဟော ... သူ့ သံသယဖြစ်လာပြီ။



"ဘာအစိပ္ပာယ်နဲ့ လာရှုပ်နေမှန်းမသိဘူး"

ကြယ်ဖြူ့ကိုယ်လေးကို ပခုံးစွန်းမှကိုင်ပြီး ဖယ်ခွာစေလျက် ခြေလှမ်းကျဲကျဲနှင့် ဆိုဖာဆီလျှောက်သွားထိုင်ချသည်။

မှုန်တင်းနေသည့် ပိုင်ညမျက်နှာကို မမြင်လိုပါ။ ငြိုငြင်သောစကားတွေ ပိုပြီးမကြားချင်။

"ကြယ်ဖြူ"

"ဟင်"

"ကိုယ့်ခွေး ကိုယ်နိုင်အောင်ထိန်း။ နီညိုတို့က တော့ ဖာတ်လမ်းထွင်နေပြီ"

ခွေးလေးကို အသားလွှတ်ကြိမ်းမောင်း ဒေါ်ပွသွားပြီ။

"အင်း ... ကြယ်ဖြူ သတိထားပါ့မယ်"

"နီညိုဝင်သွားလည်း လိုက်မဝင်နေနဲ့"

"ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူ့ကို သူ မယုံကြည်ဖူးလား။

သူ့စကားက စိတ်မချရုံတင်မကဘဲ မယုံကြည်တာ ပေါ်လွင်၏။

ကွယ်ရာမှာ ကြယ်ဖြူတို့နှစ်ယောက် တွေ့ကြလျှင် သစ္စာမရှိနိုင်မှာ စည်းမရှိနိုင်မှာ သူ စိုးရိမ်နေတာလေ။

ဒါမှမဟုတ် . . . ကြယ်ဖြူ့ကို လျှော့တွက်အထင်သေးတာလား။

မခွဲချင် မခွဲရက်ဖြစ်အောင် ချစ်ခဲ့ရသော ရည်းစားဟောင်းတော့ ဟုတ်ပါသည်။ သို့သော် ကြယ်ဖြူမှာ သစ္စာတို့ စောင့်စည်းမှုတို့ ကတိတို့ ရှိပါသေးသည်။

ပိုင်ညရှေ့မှာရော နောက်ကွယ်မှာပါ ကြယ်ဖြူ သစ္စာမမဲ့ပါဘူး။ ပြီးတော့ ကြယ်ဖြူကို ရက်ရက်စက်စက် ထားရစ်ခဲ့သော ယောကျ်ားတစ်ယောက်ကို သည်ဘဝ သည်တစ်သက်တော့ ရင်ခုန်လာဖို့ မဖြစ်နိုင်တော့ပါ။

ရွံ့ရှာမုန်းတီးစိတ်ပဲ ရင်ထဲ ပြည့်နေသည်။



ကြယ်ဖြူ့ကို ယုံပါ။ ယုံထားပေးပါ။

ပိုင်ညကို ကြယ်ဖြူလည်း ယုံထားချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

တံခါးဘဲလ်မြည်လာချိန်မှာ ကြယ်ဖြူက ဟင်းချက်နေသည်မို့ ပိုင်ညပဲ အခန်းထဲက ထွက်လာပြီး ဖွင့်လိုက်သည်။

တစ်ခါမှ မမြင်ဖူးသော အမျိုးသမီး တစ်ယောက် အခန်းဝမှာ ရပ်နေတာမြင်ရသည်မို့ လူမှုရေးအရ ပြုံးပြရင်း ဘာပြောမလဲ စောင့်နေလိုက်၏။

''ဒီဘက်အခန်းက ဘယ်သူမှ မရှိဘူးလား''

အမှန်ဆို မေးစရာမလို၊ တံခါးသုံးထပ်စလုံး ပိတ်ပြီး သော့ခတ်ထားတာ မြင်နေရသားပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မရှိဘူးထင်တယ်"

သူလည်း သည့်ထက် မသေချာ။ သော့ခတ်ထား တာကိုကြည့်ပြီး ပြောတာပါ။

"ခက်ပါပြီ၊ တစ်ခါ တစ်ခါ လာဖြစ်တာ မဟုတ်ဘူး။ မအားဘူး။ တစ်ခုလောက် ကူညီပါလားဟင်"

ပိုင်ညှ မဟုတ်သာဘဲ ခေါင်းညိတ်လိုက်ရသည်။

"ဘာပြောပေးရမလဲ"

ထိုအမျိုးသမီးက အိတ်ထဲမှ ခါတ်ပုံအယ်ဘမ်တစ်ခုထုတ်ယူပြီး ပိုင်ညှကို ပေးပါသည်။ သူ အံ့အားသင့်သွားသည်။

"အဲဒီ အယ်ဘမ်လေးကို ပေးပေးပါ။ နောက်မှ ကျွန်မ ဖုန်းဆက်လိုက်ပါ့မယ်"

"ဗျာ"

ပိုင်ညှ ဘာများ ဟတ်နိုင်ဦးမှာလဲ။

အိမ်နီးနားချင်းမို့ အပန်းမကြီးသော ကိစ္စကို ငြင်



ထုတ်ဖို့လည်း မသင့်ပါ။ ဒါလေး ယူထားရတာ ပြဿနာ မရှိလောက်ပါဟု ထင်ရသော်လည်း သူတို့က အတိတ်ဓာတ်လမ်းကိုယ်စီနှင့်ပါ။

"ပေးပေးပါနော် ဖြစ်မလား"

တွေတွေဝေဝေနှင့် လှမ်းယူလိုက်ရသည်။

"ကျေးဇူးပဲနော်"

တစ်ဘက်ကတော့ အဆင်ပြေသွားပြီမို့ ကျေးဇူးတင်စကားပင် ပြောသွားခဲ့သေးသည်။ သူ့မှာသာ အယ်ဘမ်တစ်ခုနှင့် ကြယ်ဖြူကို ဘယ်လိုရှင်းပြရမလဲ ဟု စိတ်ပူမိပါသည်။

ကြယ်ဖြူက တစ်မျိုးတစ်မည်များ ထင်သွားမလား။

ဓါတ်ပုံအယ်ဘမ်မို့ ဖွင့်ကြည့်ရကောင်းနိုး မဖွင့်ကြည့်ဘဲ ထားရင်းနှင့် ချိတုံချတုံ ဖြစ်လျက် စားပွဲပေါ်သွားတင်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟာင်"

တံခါးဘဲလ်သံ ကြားလိုက်တာမို့ ကြယ်ဖြူက ထွက်လာမေးသည်။

"ဟိုဘက်ခန်းက ညော့်သည်ပါ"

"ဪ"

"တံခါးဂိတ်ထားလို့ ဓါတ်ပုံအယ်ဘမ်ပေးထားခဲ့တယ်"

"ဟုတ်လား"

ကြယ်ဖြူက အယ်ဘမ်ကို ကောက်ယူလှမ်းကြည့်ပြီး မျက်နှာလေး ပျက်သွားရှာသည်။ သူ ဘာမှထပ်ပြော မနေပဲ ရေချိုးဖို့ ရေချိုးခန်းဘက် လျှောက်လာခဲ့သည်။

တမင်ယူထားတာ မဟုတ်ပါဘူး ကြယ်ဖြူရယ်ဟု စိတ်ထဲကတော့ ရှင်းပြနေမိသည်။

အပြင်မှာတော့ ရှင်းပြကာမှ အိုးမလုံ အုံ့မွင့်ဖြစ်နေပြီလားဟု ကြယ်ဖြူသံသယဝင်မှာ စိုး၏။



ဓါတ်ပုံအယ်ဘမ်ကို ကဖျတ်ဖျတ်လှန်လှောကြည့် နိုက်မှာ ပန်းရွှေကြာ၏ ရောင်စုံအလှအပများကို လှမ်းမြင်ရပါသည်။

သူ့ကို ကြယ်ဖြူဘယ်လို ထင်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

သူက လက်ခံယူထားခဲ့တာမို့ ကြယ်ဖြူက စားပွဲပေါ်မှာပဲ နေရာမရွှေ့တင်ထားသော ထိုဓါတ်ပုံအယ်ဘမ်ကို ကြယ်ဖြူသွားပေးမည် မဟုတ်ပါ။

လောကကြီးမှာ ကြယ်ဖြူ အမုန်းကြီး မုန်းမိတာ ပန်းရွှေကြာဆိုသော မိန်းကလေးပါ။

ပန်းရွှေကြာနှင့် ပတ်သက်လာလျှင် ကြယ်ဖြူ အထိနာထားခဲ့သည်။ ကြယ်ဖြူ့ရည်းစားကို လုယူသွားသော မိန်းမအဖြစ်ပ်လည်း နာသည်။ မုန်းသည်၊ မျက်သည်။ ခုတစ်ခါ ကြယ်ဖြူ့ခင်ပွန်း၏ ရည်းစားဟောင်း

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်လည်း ခါးသီးမုန်းတီးသည်။ အမုန်းနှင့် အမျက်က နှစ်ထပ်ကွမ်းသွား၏။

လေှကားအဆင်းအတက်မှာ ဆုံတော့ ပိုင်ညကို စိုက်စိုက်မတ်မတ် မလွှဲတမ်းကြည့်သွားခဲ့တာ ဘေးကနေ မြင်ရသည်။

မိန်းမချင်းမို့ ထိုအကြည့်ကို ကြယ်ဖြူမကြိုက်၊ ရတက်မအေးနိုင်ပါ။ ရင်ထဲမှာ ဗလောင်ဆူသွားရသည်။

သူပဲ ပိုင်ညကို ထားခဲ့ပြီး နေရှင့်ကို ရွေးသွားခဲ့တာ ခုမှ လွမ်းသလိုလို မှားသလိုလို နောင်တ ရသလိုလို သံယောဇဉ် မကုန်သလိုလို လာလုပ်နေသည်။

နှုတ်ဆိတ်ငြိမ်သက်ပြီး တီဗွီကြည့်နေခိုက်မှာ ပိုင်ညက ခါတ်ပုံအယ်ဘမ်လေးကောက်ယူပြီး တံခါးဖွင့်လိုက်သည်။

တံခါးကို ပြန်စေ့ပြီး တစ်ဘက်ခန်းကို တစ် ဒေါက် ဒေါက်ခေါက်လိုက်သံ ကြားရ၏။ ဘဲလ်မတီးဘဲ



တံခါး ခေါက်တတ်တာ ပိုင်ညအကျင့်။

ကြယ်ဖြူစိတ်နှစ်ခွနှင့် ဆုံးဖြတ်မရအောင် ရှိသည်။

ထပြီးပိုင်ညကို တံခါးအသွားကြည့်နေရမလား။ တီဗွီပဲ ဆက်ကြည့်နေရမလား။ သေချာတာက တီဗွီထဲ စိတ်မရောက်နိုင်တော့။

ရင်ထဲမှာ တဒုတ်ဒုတ်နှင့် စိတ်လည်း တိုမိသည်။

နှုတ်ခမ်း မသိမသာ စူမိပြီး ဆိုဖာကို ဘုန်းခနဲ ပစ်မှီချလိုက်၏။ ဂရုမစိုက်ချင်ပါ။ သူတို့ဟာ သူတို့အကြည့် ချင်းဆုံဆုံအပြုံးချင်း ဖလှယ် ဖလှယ်။ အရေးမလုပ်ချင်။

ခေါင်းပေါ် လက်နှစ်ဘက် ယှက်တင်ကာ တီဗွီ ကိုပဲ သဲသဲမဲမဲ စူးစိုက်ကြည့်လိုက်၏။ ပိုင်ညက တံခါး ခေါက်ပြီး သက်ပြင်းရှိုက်လိုက်သည်။

တံခါးချပ်ကလေး ဖျတ်ခနဲ အပွင့်မှာဆည်းလည်း သံချိုချိုကလေးကို ကြားရပြီး လှုပ်ခါသွားသော ရွှေရောင်

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင် အချောင်းလေးများကို မြင်ရ၏။

"ဟင်"

ပန်းရွှေကြာက တစ်ဆက်တည်း ဂါဝန်ရှည်၊ အနီရဲ ကလေးနှင့် လယ်သာကုတ် ချိုင်းကျယ်လက်ပြတ် ကလေးကို ဝတ်ထားတာမို့ တော်တော်လှနေသည်။

တစ်နေရာရာ သွားမည့်ပုံ ကလေးပါ။

"မနက်က အယ်ဘမ်လာပေးသွားလို့"

ပိုင်ညှ အကြည့်လွှဲပြီး အယ်ဘမ်ကို လှမ်းပေး လိုက်သည်။

"အင်း . . . ဟုတ်တယ် ဟုတ်တယ်။ ဖုန်းဆက် ပြောတယ်"

ပန်းရွှေကြာက ခါတ်ပုံအယ်ဘမ်ကို လှမ်းယူပြီး သူ့ကို မော့ကြည့်လိုက်သည်။

ပျော်ကျြားဆိုတာ သဘောထားကြီးရမယ် မဟုတ်လား။ မခေါ်မပြော ဖြစ်နေရအောင် သူ ကလေး



မဆန်ချင်ပါ။

"မောင်"

မမျှော်လင့်သော ခေါ်သံကို ဘာတရက် ကြား လိုက်ရသည်။

"ဟင်း . . . ကိုပိုင်ညှ"

ချက်ချင်းပဲ အခေါ်အဝေါ်ပြင်သည်။

သူ ဆတ်ခနဲ လှည့်ကြည့်မိ၏။

"ရွှေကြာ စကားခဏလေး ပြောချင်လို့"

"ဟုတ်ကဲ့"

သူ့တုန့်ပြန်မှုက အေးစက်သက်လွှန်းနေမှာ အမှန် ပါ။

"အဆင်ပြေရဲ့လား ဟင်"

"ဘာကို မေးတာလဲ"

"ကိုပိုင်ညှ လက်ထပ်လိုက်တာ သိပ်မြန်တာပဲ နော်"

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ရင်ကွဲနာကျပြီး တစိမ့်စိမ့် ခံစားနေရဦး မှာလား။ အဲဒီလို ဖြစ်စေချင်တာလား။

"ကိုပိုင်ညု ကောင်မလေးက နေရှင့်ရည်းစား ဟောင်းကလေးဆို"

ဒါဟာ သိပြီးသား ကိစ္စပါ။ ပြန်ပြောနေစရာ မလို။

ကိုယ်တို့နှစ်ယောက် လက်ထပ်တာ ဘယ်သူနှင့်မှ ဘာမှမဆိုင်။ အရှုံးတစ်ခုကို ပြန်ဆယ်ယူဖို့ပါ။

စော်ကားခံစားရတာတွေကို ငုံမခံနိုင်လို့ပါ။

"ကို ပိုင်ညု ပျော်ရဲ့လား"

ပိုင်ညု ပန်းရွှေကြာကို စူးခနဲ ကြည့်မိသည်။

ကိုယ့်ဘဝကို မပျော်ဘူးလို့ မင်းက ထင်သလား။

မင်းကလွဲရင် ကိုယ့်နှလုံးသားက တခြားမိန်းမတစ်ယောက်ကို လွယ်လွယ် ချစ်နိုင်မှာ မဟုတ်ဘူးလို့ မင်းယုံကြည်နေခဲ့သလား။ အထင်ကြီးလှချည်လား



ရွှေကြာ။

မင်းကိုပဲ မက်မောစွဲလန်း နေလိမ့်မယ်လို့ ကိုယ့်ကိုမင်းလျှော့တွက်ထားသလား။

အရင်တုန်းက မင်းအပေါ် ရူးသွပ်မတတ် ကြွေဆင်းခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် ခုအချိန်မှာ မာနနဲ့ တည်ဆောက်ထားတဲ့ ကိုယ့်ဘဝကို ကိုယ် အမြတ်နိုးဆုံးပါပဲ။

"မေးကြည့်တာပါ"

ရွှေကြာက မျက်လွှာလေးချပြီး တိုးတိုးကလေး ဆိုသည်။

"ပျော်ပါတယ်၊ သိပ်ပျော်စရာ ကောင်းနေတာပဲ လေ"

ပိုပိုသာသာသာ ဖြေမိသည်။

"ရွှေကြာကတော့ မပျော်ပါဘူး၊ ဒီလိုပါပဲ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြာ့စကားကြောင့် ပိုင်ည ဘာဆက်ပြောရ မှန်းပင် မသိ။

ဒါ .. နောင်တစကားလား။

ကိုယ်ကျေနပ်အောင် နှစ်သိမ့်တာလား။

အပြစ်မယူချင်ရင်အောင် တမင်ပြောတာလား။

“လူကြီး မိဘစကားဆိုတာ နားထောင်နိုင် သလောက် ကောင်းပါတယ်။ တကယ်တန်းကျတော့ ရွှေကြာ မပျော်တော့တာအမှန်ပဲ”

ပန်းရွှေကြာက ဖျတ်ခနဲမော့ကြည့်လာတာမို့ ထို မျက်လုံးများကို သူရှောင်နေမိပါသည်။

“ကိုပိုင်ညကို ပြောင်းလာတဲ့နေ့ကတည်းက တွေ့တယ်”

“အင်း”

“ရွှေကြာ့ကို စိတ်နာနေမှာပဲနော်”

ပိုင်ညီ ခေါင်းရမ်းလိုက်၏။



စိတ်ထဲမှာကို မရှိတော့လို့ စိတ်မနာတော့ပါဘူး ရွှေကြာ။

“ဟို ... ခွေးလေး အိမ်ထဲကို ပြေးပြေးဝင်လာ တယ်”

“ဟုတ်ပါတယ်၊ ကြယ်ဖြူ့ခွေးလေးပါ”

“ဟွန့် ... ရွှေကြာက ခွေးကြောက်တယ်၊ ရွံလည်းရွံတယ်”

ပိုင်ည မျက်နှာပျက်၏။

“အပြင်မထွက်အောင် ကြယ်ဖြူထိန်းတတ် တယ်”

“ခွေးများ ရွံစရာကြီး၊ ဘာလို့မွေးတာလဲ”

ပန်းရွှေကြာက မဆိုင်တာတွေ ဝင်စွက်လာ သည်။

သူ့ကိစ္စမဟုတ်တာတွေ မေးမြန်းလာ၏။

ပိုင်ည မဖြေပါ။ ဖြေစရာလည်း မလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုပိုင်ညနဲ့ အေးအေးဆေးဆေး စကားပြောချင်သေးတယ်"

သူပြုံးရုံ ပြုံးနေဖြစ်သည်။

"ရွှေကြာ့အပေါ် အထင်လွဲပြီး အမြင်မကြည်ဖြစ်နေတာတွေ နားလည်ပေးနိုင်အောင်လို့ပါ"

သိပ်ကို နားလည်ပါတယ် ရွှေကြာ။

ဘယ်လိုသစ္စာမဲ့ခဲ့တာ၊ ကိုယ့်အချစ်ကို ဘယ်လိုစော်ကားခဲ့တာ အားလုံးကို ကိုယ်သိပါတယ်။

သဘောပေါက်ပြီးသားပါ။ ခုမှ ဘာတွေလာဖြေရှင်းနေတာလဲ။ အဓိပ္ပာယ်လည်း မရှိပါဘူး။

"ကျွန်တော် ထမင်းစားတော့မလို့ ခွင့်ပြုပါဦး"

သူ စကားဖြတ် နှုတ်ဆက်လိုက်သည်။

အခန်းထဲပြန်ဝင် တံခါးပိတ်ပြီး ကြယ်ဖြူ့ဆီ လှမ်းကြည့်သောအခါ ဆိုဖာမှာ မှိုကပ်နေတာ တွေ့ရ၏။

သူ့ဘက်ကို တစ်ချက်ကလေးမှ စောင်းငဲ့မကြည့်



သူ ကြယ်ဖြူ့ဘေးမှာ သွားဝင်ထိုင်သည်။

အနှောင့်အယှက်မပေးဘဲ တီဗွီဇာတ်လမ်းဆီကြည့်နေလိုက်၏။

ခဏအကြာမှာ ကြယ်ဖြူက ဟင်းခနဲ သက်ပြင်းရှိုက်ကာ သူ့နောက်ကျောမှာ မျက်နှာလေးကပ်ပြီး သူ့ကိုသိုင်းဖက်လာ၏။ ကြယ်ဖြူ လက်ကလေးကို သူ ဆုပ်ထွေးထားမိပါသည်။

သူတို့နှစ်ယောက် စကားမဆိုမိပါ။

ထိတ်လန့်မှုသည် ကိုယ်စီနှလုံးသားမှာ ကိန်းဝပ်နေခဲ့ပြီ။

ပိုင်ညက ကြယ်ဖြူ့လက်ကလေးကို ဖြေဖြုတ်ကာ အသာအယာ ဖက်ထွေးထားလိုက်၏။

သူ့ရင်ခွင်ထဲကနေ ကြယ်ဖြူ ပျောက်သွားမှာစိုးထိတ်လာ၏။ နေ့ရှင်က ကြယ်ဖြူကို စိတ်မကုန်သေးသလို စကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကြယ်ဖြူကို ချစ်မိပြီလေ။

ပန်းရွှေကြာ၏ ခတ်ပုံအယ်လ်ဘမ်ကို ယူထားရတာ ပြန်ပေးရတာ စိတ်ကျဉ်းကြပ် မှုန်းအိုက်လှသည်မှာ ကြယ်ဖြူ သံသယဝင်မှာစိုးလို့ တစ်ခုတည်းကြောင့်ပါ။ သူ့ကိုယ်သူ စိတ်ချသည်။

ကြယ်ဖြူ့အတွက်သာ ရင်ထဲပူနေမိတာ။

သူ့ကိုယ်သူပင် အံ့သြလာမိတော့သည်။

ကြယ်ဖြူဟာ တကယ်ပဲ သူ့အတွက် အဲဒီလောက် အရေးကြီးခဲ့ပြီလား။

အိမ်တက်လာဖိတ်တော့ သွားဖို့မသွားဖို့ တွေဝေနေမိကြသေးသည်။ နောက်မှ ကြယ်ဖြူက . . .

''ပိုင်ညပဲ သွားလိုက်ပါ''ဟုဆို၏။

''ဟာ . . . မဟုတ်တာ၊ ကြယ်ဖြူ လိုက်ခဲ့ရမယ်''

''ဟင် . . . ဘာလို့လဲ''

''တစ်ယောက်တည်း သွားစရာလား၊ ဘယ်ပွဲပဲ တက်တက် ကြယ်ဖြူပါမှ ဖြစ်မယ်''

ပိုင်ညစကားကြောင့် ကြယ်ဖြူ့မျက်နှာလေး ဝင်းခနဲ လက်သွား၏။ ရင်ထဲ၌ ကြည်နူးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်ကြာ လူပျိုမှတ်ပြီး ကောင်မလေးတွေ ပစ်များကုန်ရင်ခက်မယ်ကွ"

သူ့ နောက်လိုက်တာကိုပင် နှုတ်ခမ်းက စူချင်သည်။ ရယ်မနေနိုင်ပါ။ ဘယ်အချိန်ကများ အဲဒီလောက် တွန့်တိုသွားမိတာလဲ။

"ပြီးတော့ သူတို့အိမ်ဆိုတော့ ကြယ်ဖြူပါ လိုက်ခဲ့ရင် ပိုကောင်းမလားလို့ပါ၊ မသွားတော့လည်း ဘေးချင်းကပ် အနီးဆုံးက မလာဘူးဖြစ်ဦးမယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ လိုက်ပါ့မယ်"

ကြယ်ဖြူ ခေါင်းညိတ်ရတော့သည်။

ခုတလော တစ်နေ့တစ်နေ့ သူတို့ကြောင့်ပဲ ကြယ်ဖြူတို့မှာ စဉ်းစားရ တိုင်ပင်ရ စိတ်ရှုပ်ရနှင့် တစ်ခါတလေဆို တစ်ယောက်နှင့်တစ်ယောက် စကားပင်မပြောနိုင်လောက်အောင်ပါ။

စိတ်အနှောင့်အယှက်ဖြစ်အောင် တော်တော်လုပ်



နိုင်လွန်းပါသည်။

ငွေရောင်ဝတ်စုံလေးဝတ်ပြီး ပိုင်ညလက်မောင်းကို ဖမ်းဆုပ်လျက် နေရှင်နှင့် ပန်းရွှေကြာတို့၏ အိမ်တက်ပွဲကို သွားရတာ ဘာကြောင့်ရယ်မသိ ဂုဏ်ယူကျေနပ်မဆုံး အောင်ရှိလှ၏။

ပိုင်ညကလည်း တိုက်ပုံ အဖြူကလေးနှင့် ဘကယ့်ကို သန့်ပြန့်ခန့်ငြားလွန်းလှပါသည်။

"ဩော် ... လာ ... လာ"

နေရှင်က ဦးဆုံးမြင်သွားပြီး ကြိုဆို၏။

ကြယ်ဖြူ့ကိုသာ တည့်တည့်ကြည့်လျက် လက်တွေ ဆန့်တန်းလာပြီး ဆွဲခေါ်မတတ်ပါပဲ။

ပိုင်ညမျက်နှာက တင်းသွား၏။

ကြယ်ဖြူ့ကို အဲဒီလောက်ကြည့်တာ လုံးဝ မကြိုက်။ ရင်ထဲမှာ မုန်တိုင်းတစ်ခု နှလုံးသားကို ဖောက်ပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ည၏ အေးစက်သောမျက်လုံးများကြောင့် ကြယ်ဖြူက စိုးရိမ်ပြီး ပိုင်ညဘေးကို ပိုကပ်သည်။

သည်အနေအထားမှာ နေရှင်က ကြယ်ဖြူကို ဆွဲခေါ်ယူသွားလို့ လုံးဝမရပါ။

သို့သော် ကြယ်ဖြူနှင့် ပိုင်ညကို သံသယနှင့် ဝေးသွားအောင် နေရှင် လုပ်နိုင်ပါသည်။

ဒါကို ကြယ်ဖြူ အသေအလဲကြောက်မိသည်။

“ဟော ... ကိုပိုင်ည”

လာပြန်ပြီ တစ်ယောက်။

ပိုင်ည တစ်ယောက်တည်းကို နှုတ်ဆက်လျက် ပန်းကန်ထဲ ဟိုဟာထည့်ပေး သည်ဟာထည့်ပေးနှင့် လာလုပ်နေသည်။

ကြယ်ဖြူ့ကိုတော့ တစ်ချက်ကလေးမှ ပြုံးမပြ

ပန်းရွှေကြာက ပိုင်ညကိုပဲ စူးစိုက်ကြည့်ကာ စကားဆိုတော့ ထိုနေရာကနေ ကြယ်ဖြူ ထွက်ပြေးချင်



သည်။

ဘယ်လိုလဲ။

ကြယ်ဖြူတစ်ယောက်လုံး ဘေးမှာပါနေတာ တောင် နည်းနည်းကလေးမှ အရှိန်မသတ်ပါလား။

လွန်အားကြီးသည်။

ပိုင်ညကရော ...

ကိုယ့်လူကိုယ်လည်း ငုံ့စောင်းကြည့်ရသေးသည်။

ဘဝင်ကျကျေနပ်ပြီး ပြုံးပြီးနေသလားဆိုတာ။

ပိုင်ညက ခေါင်းငုံ့ပြီး ပုံမှန်ပါပဲ။

ပန်းရွှေကြာကို ကြည့်ပင်မကြည့်။

ဟင်း။

ကြယ်ဖြူ ပင့်သက်ရှိုက်သည်။

သည်လိုသာဆို ရင်ထဲမောပြီး နှလုံးရောဂါ တောင် ကပ်လာနိုင်လိမ့်မည်။

ဘာဆက်လုပ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် ကင်းကင်းရှင်းရှင်းဖြစ်အောင် နေမှပါ ပဲ။

ခက်နေတာက အိမ်ချင်းကပ်နေတာ။

မဆုံချင်လည်းဆုံ၊ မတွေ့ချင်လည်းတွေ့။ မပတ်သက်လို့လည်းမရ။

ပိုင်ညက ကြယ်ဖြူ့မျက်နှာ မကြည့်သာတာမို့ တခဏနှင့် ပြန်ချလာခဲ့၏။

"တောက်"

"အဓိပ္ပာယ်ကိုမရှိဘူး"

နှစ်ယောက်စလုံးမှာ ဒေါသတွေ ပါလာ၏။

"ကြယ်ဖြူ့ကိုကြည့်တာ မျက်လုံးကျွတ်ကျတော့မယ်"

ပိုင်ည အူတိုပါသည်။ သဘောထားမကြီးနိုင်။

"ကြယ်ဖြူ"

"ဟင်"



"ဘာလဲ ... ရင်ခုန်သွားလား"

"ဘယ်လို"

ရန်စကားစလာ၍ သည်လိုမေးစရာလား။

"ရည်းစားဟောင်းဆိုတော့ စိုက်ကြည့်တော့"

ပြောပုံကိုက မထိတထိ။

"ရှင်သာ မထိန်းနိုင်မသိမ်းနိုင် ရင်ခုန်လာတာ မဟုတ်လား။ ဟိုတစ်ယောက်က ရှင့်ကို မလှုပ်နိုင်အောင် ဖမ်းစားထားတာ"

"သွားစမ်းပါ"

ပိုင်ည အော်ပစ်လိုက်သည်။

"ဟုတ်လို့နာတာ"

"သေလိုက်တော့ ... ခေါင်းထဲမှာ ဘာမှမရှိတော့ဘူး၊ ရင်ထဲမှာလည်း ဘာမှမရှိတော့ဘူး ကြားပြီ"

ပိုင်ညစကားက ကြယ်ဖြူ့ကို စိတ်သက်သာရာ ရစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူ့နှုတ်ခမ်းလေးတွေမှာ ယုံကြည်သော အပြုံးတစ်ခု ထင်ဟပ်လာ၏။

ဘာလို့များ စိတ်မချဖြစ်နေမိသလဲ ပိုင်ညရယ်။ ကြယ်ဖြူ့ ရှင့်ကို ချစ်များချစ်နေပြီလား။

နီညိုလေးကို ကောက်ချိုပြီး ဝရန်တာထွက်လာတော့ စီးကရက်သောက်နေသော ပိုင်ညက မမြင်သေးပါ။

ပိုင်ညနောက်ကနေ တစ်ဖက်ဝရန်တာကို မသိမသာကြည့်မိ၏။

ဆံပင်ရှည်တွေနှင့် သိပ်လှနေသော ရွှေကြာကို မြင်ရသည်မို့ ခေါင်းထဲမှာ မူးမိုက်ပတတ် ပြာဝေထိတ်လန့်သွားသည်။

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြသလား။ ပိုင်ည ကြယ်ဖြူ့ကို သတိမရရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



အတူတူတစ်အိမ်တည်းမှာ ရှိနေကြပေမယ့် သိပ်ဝေးသွားသလို ခံစားရပါသည်။

ရင်ထဲမှာ စူးခနဲ နာကျင်လာ၏။

သူ ပန်းရွှေကြာကို မေ့မရသေးဘူးလား။

မြင်နေခွင့်ရတော့လည်း သွေးအေးသွားမှာ မဟုတ်။

ကြယ်ဖြူ ဘာလုပ်ရမလဲ။

အသာကလေး အခန်းထဲပြန်ဝင်လာပြီး အတွေးများနှင့် ပွလောင်နေ၏။ ပိုင်ညကို ဆုံးရှုံးရမှာလား။

ခုအချိန်မှာ နေရှင်ကို သူမ မလိုချင်တော့ပါ။

ချစ်လို့လည်း မရတော့ပါ။

ပိုင်ညနှင့် တစ်သက်လုံးအတူတူ နေသွားဖို့ပဲ ဆုံးဖြတ်ထား၏။ ထိုဆုံးဖြတ်ချက်သည် ဘယ်တုန်းက နိုင်မာသွားခဲ့မှန်းမသိ။

"ကြယ်ဖြူ"



သူ့အသံတိုးတိုးကို ကြားရသည်။ ကျောပေးထားမိရာမှ အသာစောင်းငဲ့ကြည့်မိ၏။

"အစောကြီးရှိသေးတယ်၊ အိပ်တော့မလို့လား"

ပိုင်ညက ကြယ်ဖြူ ဘာများဖြစ်လို့ပါလိမ့်ဟု စူးစူးစမ်းစမ်းကြည့်ကာ သဘောပေါက်သွား၏။

သူ ဝရန်တာထွက်မိချိန်မှာ ပန်းရွှေကြာလည်း ဝရန်တာမှာရှိနေ၏။ သူ ချက်ချင်းလှည့်ဝင်ရမှာလား။

သူ့စိတ်သူလုံသည်။

ဒါကို ကြယ်ဖြူလည်း သိစေချင်သည်။

ဘာလို့များ သံသယရှိနေရတာလဲ။

အခုအချိန်မှာ ကိုယ့်အချစ်ဆုံးက မင်းပါ ကြယ်ဖြူရယ်။

နေရှင် မင်းကို စိုက်ကြည့်လိုက်တိုင်း ကိုယ့်နှလုံးသားမှာ မချိမဆန့် မခံမရပ်နိုင်အောင် ဖြစ်ရတာမို့ ကိုယ် သေချာသိခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရွှေကြာနဲ့လည်း မလဲနိုင်ပါဘူး။

တခြားဘယ်သူနဲ့မှလည်း မလဲနိုင်ပါဘူး။

မင်းနဲ့ပဲ တစ်သက်လုံး အတူနေသွားဖို့ပဲ ဆုံးဖြတ်လိုက်ပါပြီ။

ကိုယ့်ကို ယုံကြည်ပါ ကြယ်ဖြူ။

ကိုယ်တို့နှစ်ယောက်ကို ဘယ်သူမှခွဲလို့မရအောင်နားလည်မှုရှိမှ ဖြစ်လိမ့်မယ်။

"ကြယ်ဖြူ"

ပိုင်ညက သူ့ကိုစိုက်ကြည့်ငြိမ်သက်နေသောကြယ်ဖြူ့ဘေးနားကို တိုးကပ်သွားလိုက်၏။

ကြယ်ဖြူက ဖျတ်ခနဲ အကြည့်လွှဲပြီး ထထွက်သွားသည်မို့ လက်ဖျားကလေးကို မိမိရရ ဖမ်းဆွဲထားရသည်။

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"



မာဆတ်ဆတ်အသံလေးက ငိုတော့မလိုလို။

ပိုင်ည ပျာယာခတ်သွား၏။

"ဟာ ... ကိုယ် ဝရုန်းတာမှာ ရိုးရိုးရပ်မိတာပါ။ နောက်တစ်ခါ ဘယ်တော့မှ မထွက်ရပ်တော့ဘူး"

လက်ကာပြရင်း ဖြေရှင်းသည်။

"ဘာမှ ဖြေရှင်းစရာလည်း မလိုပါဘူး"

မျက်နှာလေးပင့်လျက် မပွင့်တပွင့် ပြောလာသည်။

"မဟုတ်ဖူးလေ ... ကြယ်ဖြူက ကိုယ့်မိန်းမပဲ"

"သိတယ်၊ သိပါတယ်၊ လာမပြောနဲ့"

"ဘာဖြစ်တာလဲကွာ"

ပိုင်ညက ကြယ်ဖြူ့ခါးလေးကို လှမ်းဖက်ထား၏။

ရှင် ခုထက်ထိ ကြယ်ဖြူ့ကို 'ချစ်တယ်'လို့ မပြောနိုင်သေးဖူးမဟုတ်လား။ ပန်းရွှေကြာကိုပဲ ချစ်နေတုန်း မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူက ပန်းရွှေကြာလောက် မလှဘူး။

လက်ထပ်ထားရတာတောင် ရှင်စိတ်ပျက်ချင်နေပြီမဟုတ်လား။ အစတုန်းကတော့ အရှုံးကို အတူအံ့တုကြတာပါ။

ခုတော့ အခြေအနေက မတူတော့ပြီ။

ပန်းရွှေကြာက ရှင့်ကို မေ့လို့မရသေးတာ၊ နေရှင့်ကို ရှင့်လောက်မချစ်နိုင်တာ။ နောင်တရ လွမ်းဆွတ်နေတာ ရှင်သိသွားခဲ့ပြီ။ ရှင် ကြယ်ဖြူကို မလိုအပ်တော့ဘူးမဟုတ်လား။ ပစ်ချင်ပြီမဟုတ်လား။

မျက်ရည်တွေက ပါးပြင်ပေါ် လိမ့်ဆင်းကျလာ၏။

အခုမှပဲ ကြယ်ဖြူ အရှုံးကြီးရှုံးပါပြီ။

နေရှင်ကိုလည်း ချစ်လို့မရတော့ဘူး။

ရှင့်ကိုလည်း လက်လွှတ်ရတော့မယ်။

"ကြယ်ဖြူ"



သူဖက်ထားပေမယ့် ကြယ်ဖြူ မလုံခြုံတော့သလိုပါ။ ရင်ထဲမှာ လစ်ဟာနာကျင်လွန်း၏။

မခွဲနိုင်။ မခွဲချင်။

"ကိုယ့်ကို ယုံပါ၊ ကိုယ် ပန်းရွှေကြာကို လုံးဝမေ့ထားလိုက်ပါပြီ။ ကိုယ့်ကို မသင်္ကာမဖြစ်ပါနဲ့ကွာ"

နှုတ်က တဖွဖွပြောရှင်းနေပေမယ့် ရှင် ငေးရီရီတမ်းတတ ကြည့်နေခဲ့တာကို မျက်စိနဲ့ မြင်ခဲ့မှတော့ ရင်ထဲမှာ ဘယ်လိုလုပ်နေလို့ ကောင်းမှာလဲ။

မညာပါနဲ့ ပိုင်ညရယ်။

တကယ်လို့ ရှင့်ဟန်ဆောင်မှု ကွာကျသွားတဲ့တစ်နေ့ ကြယ်ဖြူ ရင်ဆိုင်နိုင်မှာမဟုတ်ဘူး။

ရှင် ကြယ်ဖြူကို မချစ်နိုင်တာသိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ရတယ် ... နီညိုကို ကိုယ်ချိုလာမယ်"

ကားမှန်တွေတင်ရင်း ပိုင်ညှကပြောတော့ ကြယ်ဖြူ လှေကားကို ရှေ့ကတက်လာခဲ့၏။

ကြယ်ဖြူကလည်း ကြယ်ဖြူပါ။

ပိုင်ညှကိုစောင့်ပြီးမှ အဟူတူတက်ခဲ့လျှင်ပြီးရော။

နောက်မှပဲ နောင်တက ရတတ်သည်။

ထင်လည်း မထင်လို့ပါ။

နေရှင် အဲဒီလိုလုပ်လိမ့်မည်ဟု လုံးဝမထင်ခဲ့။

သူ့ တမင်ဖော်တိုက်နဲ့ကာများ ဖြစ်မလား။

www.burmeseclassic.com

www.burmeseclassic.com



''အမေ့''

လေ့ကားမှာ နေရှင်နှင့် မျက်နှာချင်းဆိုင် ဝင်တိုက်မိတာမို့ ကြယ်ဖြူ ထိမ့်ကျမတတ်ဖြစ်ကာ သူ့အင်္ကျီကို ဖမ်းဆွဲထားလိုက်ရ၏။

သူက ကြယ်ဖြူကို စိုးရိမ်တကြီးဖက်ပြီး ထိန်းပေးသည်။

''ကျေးဇူးပဲ''

ရှောင်မရအောင် ဝုန်းခနဲ လာတိုက်တာက သူပါ။ သို့ပေမယ့် မတော်တဆလည်း ဖြစ်နိုင်သည်။ သူ ဖမ်းထားလို့လည်း ကြယ်ဖြူမကျတာမို့ သူ့လက်တွေကို ဖယ်ချလျက် ကျေးဇူးတင်စကားဆိုဖြစ်၏။

သို့သော် သူက ဖြေလွှတ်မပေးဘဲ။

''ဘာမှ မဖြစ်တော့ပါဘူး၊ အရမ်းစိတ်ပူသွားတယ်ကွာ''

ဘာညာနှင့် လုပ်နေသေးသည်။



လေ့ကားပေါ် တက်လာသော ပိုင်ညှ ကျကျနန အထင်လွဲပါပြီ။

''ဖယ်ပါ၊ ဘာလို့ဆွဲထားတာလဲ''

ကြယ်ဖြူလွှတ်ရုန်းလိုက်တာ ကိုယ်လေး ကျုံ့နောက်ဆုတ်မိသည်။

''ကျမှာစိုးလို့ပါ''

''မကျဘူး''

ပိုင်ညှက ကြယ်ဖြူနှင့် နေရှင့်ကို စူးခနဲ ကြည့်လျက် စကားတစ်ခွန်းမှ မဆိုဘဲ အိမ်ထဲ ဝင်သွား၏။

ညှိခန်းထဲရောက်တော့ နီညိုကို ပစ်ချပြီး ကြယ်ဖြူဘက်လှည့်လာ၏။

''ကျက်သရေကို မရှိဘူး''

''ဘယ်သူ့ကို ပြောတာလဲ''

''မြင်ရတာ အဓိပ္ပါယ် မရှိလိုက်တာ''

''ဝင်တိုက်မိတာပဲ''

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ညှ အံကြိတ်ပြီး ခုံမှာ ဝုန်းခနဲ ထိုင်ချ၏။

ဒေါသစိတ်တွေ ငယ်ထိပ်အထိ ဆောင့်တက်မွန် ထွက်လာသည်။

လက်သီးနှင့် ဆွဲမထိုးမိတာပဲ ကံကောင်း၏။

"ဝင်တိုက်မိရော ရှားလို့ တစ်တိုက်လုံးမှာ ရှိတွေ အများကြီး သူနဲ့မှ ဝင်တိုက်ရတယ်လို့ကွာ"

ဘုကျကျစကားက ခွတီးခွကျ နိုင်ချင်နိုင်လိမ့်မည်။

ရင်ထဲမှာ ပြောင်းဆန်သွား၏။

ကြည့်တာတော့ မကြိုက်ပါဘူးဆိုမှ –

"ကြယ်ဖြူကို ပိုင်ညှ ယုံရဲလား"

"မသိဘူး"

"ဟင်"

ပိုင်ညှက စကားမဆက်တော့ဘဲ အခန်းထဲ ဝင်သွား၏။ သူ စိတ်ဆိုးသွားတာ သိလိုက်၏။



ကြယ်ဖြူ ရှင်းပြတာပင် နားမထောင်။

တစ်စတစ်စနှင့် ပြဿနာက ကြီးထွားလာခဲ့ပြီ။

ပိုင်ညှက ကြယ်ဖြူကို စကားမပြောဘဲ ရှောင်ဖယ်ဖယ်လုပ်ကာ နေတော့သည်။

ကြယ်ဖြူက ဖောက်ပြန်နေပြီလို့ ပိုင်ညှ ထင်သလားကွယ်။

ပိုင်ညှနှင့် ကြယ်ဖြူကြားမှာ ဖုထစ်သွားခဲ့တာတော့ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သွားမှာလဲ"

ညမိုးချုပ်မှ ကားသော့ကောက်ယူပြီး တံခါးဖွင့်တော့ မေးဖြစ်သည်။ မခေါ်တာက မခေါ်တာ။ ကြယ်ဖြူက တစ်ယောက်တည်းဆို နေရဲတာမဟုတ်။ နေရှင်ငြိုဟ်မှုတာကြောင့် ပိုင်ည ခုလို စိတ်ဆိုးရတာ။ နေရှင့်ကို မုန်းသည်။ ကြည့်ကို မကြည့်ချင်တော့ပါ။

"ခွေသွား ငါးမလို့"

ပိုင်ညက မေးတစ်ခွန်း ဖြေတစ်ခွန်းပါပဲ။

"ကြာမှာလား"

"မကြာပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆို လိုက်ခဲ့ပါလား ဟု ခေါ်နေကျ။ မုတော့ တစ်ခွန်းမှ မခေါ်။ ကြယ်ဖြူ ဝမ်းနည်းလာမိသည်။

ပိုင်ညှ ဆင်းသွားတော့ ဝရန်တာမှာရပ်ပြီး မျှော်နေမိ၏။ နီညိုအဖော်ရှိပေမယ့် မနေတတ်တာတော့ မနေတတ်တာပါပဲ။

"နီညို .. ဒီမှာ လာနေ"

နီညိုကို ချီထားပြီး ပိုင်ညှ ကားဝင်လာမည့်အချိန်ကို ဝရန်တာက စောင့်ကြည့်ကာနေမိသည်။

ပိုင်ညှ စိတ်ပြေအောင် ဘယ်လိုများ ပြောရမလဲနော်။

ပိုင်ညှက ကားမောင်းလာရင်းမှ ကြယ်ဖြူကို အရမ်းသနားနေမိသည်။ မျက်နှာလေးငယ်ပြီး သူ့ကို တကြည့်ကြည့်နှင့် သူဘာလို့ ကြယ်ဖြူစိတ်မချမ်းသာအောင် လုပ်မိသလဲ။

အိမ်ပြန်ရောက်လျှင် ကြယ်ဖြူ့ကို မခေါ် မပြောမလုပ်တော့ပါ။ ခါတိုင်းလိုပဲ ကြင်ကြင်နာနာ ဆက်ဆံတော့မည်။

တစ်အိမ်လုံးလည်း တိတ်ဆိတ်ခြောက်ကပ်ပြီး ညည်းငွေ့စရာ ကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူကြောင့်သာ သူ့ဘဝခုလို ပြည့်စုံလုပ နေတာပါ။

ကြယ်ဖြူရယ် . . .

ကိုယ်သိပ်မှားသွားတယ်။

တကယ်မှားတာပါ။

ကိုယ့်အပေါ် နားလည်တဲ့မင်းကို ကိုယ်ရက်စက်ခဲ့မိပါတယ်။ ဘယ်လောက်အထိ လွန်သလဲဆို ချစ်တယ်လို့ တစ်ခါမှ မပြောဘဲ နေခဲ့မိတဲ့ အထိပါ။

ရှေ့လျှောက် မင်းပျော်စေရမယ် ကြယ်ဖြူ။

ဘယ်တော့မှ စိတ်မညစ်စေရဘူး။

ကိုယ် မင်းကိုချစ်ပါတယ်။

ပန်းရွှေကြာလောက် မလှပေမယ့် မင်းကို ကိုယ် နှစ်နှစ်ကာကာ မြတ်နိုးမိပါတယ်။

ကိုယ့်ဘေးမှာ အမြဲရှိနေခဲ့တဲ့ မင်းရဲ့တန်ဖိုးကို လည်း နားလည်ပါပြီ။



လက်ထပ်ပြီးမှ ရည်းစားစကား ပြောရမှာ သူ နည်းနည်းတော့ မျက်နှာပူမိပါသည်။

မတတ်နိုင်ပါဘူး။

ရှေ့မျက်နှာ နောက်ထားပြီး ပြောရမှာပဲ။

မပြောရင် ကိုယ့်အချစ်တွေ မင်းမသိနိုင်ဘူး။

ကိုယ့်ကို ယုံကြည်စိတ်ချဖို့ ဖွင့်ပြောထားမှ ဖြစ် လိမ့်မယ်။

ပိုင်ညှ ကားရပ်ပြီး အပျော်နှင့်လှေကားပေါ် တက် လာခဲ့၏။

သူ ဘယ်လောက် သတိလက်လွှတ်ဖြစ်မိသလဲ ဆို ငှါးလာသည့် ဗွီစီဒီခွေတောင် ကားထဲ မေ့ကျန်ရစ် သည်။

လှေကားတစ်ဝက် သူတို့အခန်းတံခါးကို လှမ်း မြင်ရချိန်မှာ ဆင်းလာသော ပန်းရွှေကြာနှင့် ဆုံသည်။

သူ့ရှေ့ရောက်တော့ ပန်းရွှေကြာက မူးလိုက်

www.burmeseclassic.com



တာ'' ဟု ညည်းပြီး သူ့ပခုံးကို မှီလာသည်။

ပိုင်ညှ တကယ်ပဲ ထင်ကာ အသာယာ ထိန်းပေးထားရ၏။

''အရမ်းမူးတာပဲ''

ပန်းရွှေကြာက အသံပျော့လေးနှင့် ဆို၏။

''ရရဲ့လား''

''ဟင့်အင်း ... မူးလိုက်တာ၊ ရွှေကြာ့ကို တွဲပေးထားပါဦး''

ယိုင်ကျသွားမှာစိုးစိတ်နှင့် ပိုင်ညှ ဖမ်းထိန်းပေးရသည်။

ပိုင်ညှ ပြန်လာပြီမို့ ဝမ်းသာအားရ တံခါးဖွင့်ပေးပြီး မှုံကြည့်ခိုက်မှာ ပူးကပ်နေသော သဏ္ဍာန်နှစ်ခုကြောင့် ရင်ထဲ ဝုန်းခနဲ ဆောင့်တက်လာရသည်။

တံတွေးပင် မျိုချမရအောင် ဆို့နင်နေ၏။ မြင်ရတာကို မယုံချင်။ တံခါးကို ဒိန်းခနဲ ပြန်ပိတ်မိသည်။



မျက်ရည်က ပါးပေါ် လိမ့်ဆင်းလာသည်။

ဩော် .. ဒါကြောင့်ကိုး။

ကြွယ်ဖြူ့ကို မရွှေမြင့် ဆက်ဆံနေတာကို သဘောပေါက်သွား၏။

သိပြီးသားပေမယ့်လည်း တကယ်တမ်းမှာ ခံနိုင်ရည်မရှိ။

''ဟာ''

ပိုင်ညှ လန့်သွားသည်။

တံခါးပိတ်သံကြောင့် ကြွယ်ဖြူ အထင်လွဲပြီဆိုတာ သိလိုက်၏။

''ရပြီ ... ရပြီ''

ရွှေကြာက သူ့ကို လက်ကလေး ကာပြပြီး အပေါ်သို့ ပြန်တက်သွားသည်။

တဒုတ်ဒုတ် အခုန်မြန်သောရင်နှင့် တံခါးကို ဖွဖွ ခေါက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးချပ်ကလေး ပွင့်သွားသောအခါ မျက်ရည်တွေနှင့် ကြယ်ဖြူ့မျက်နှာလေးကို မြင်လိုက်ရသည်။

ပိုင်ညှ အလွန်အမင်း စိတ်ထိခိုက်သွားမိသည်။

"ကြယ်ဖြူ ထင်သလို မဟုတ်ဘူးနော်၊ ရှေ့ကြာမှုးလို့ ကိုယ့်ကို ခဏာမှီလိုက်တာ"

ပျာပျာသလဲ ရှင်းပြမိသည်။

"တော်ပါတော့ ... တော်ပါတော့"

ကြယ်ဖြူက အော်ဟစ်တားဆီးပြီး အခန်းထဲပြေး ဝင်သွားတာမို့ ပိုင်ညှလည်း ထက်ကြပ်မကွာလိုက်လာမိသည်။

အဝတ်ဘီရိုကို ဆွဲဖွင့်၏။

အဝတ်အစားများကို သားရေသေတ္တာထဲထိုးသိပ် ထည့်၏။

"ကြယ်ဖြူ ဘာလုပ်တာလဲ"

ထိတ်လန့်စွာ မေးမိသည်။



"မနေဘူး၊ ဒီမှာ မနေတော့ဘူး။ စိတ်ဆင်းရဲပြီးသေလိမ့်မယ်"

ငိုရှိုက်သံနှင့် ဗလုံးဗထွေး ပြော၏။

"ဟင်"

ပိုင်ညှ ဘာလုပ်ရမှန်း မသိ ငိုင်ကျသွားမိ၏။

ခုတင်စွန်းမှာ ခပ်တောင့်တောင့် ဝင်ထိုင်မိ၏။

စကားမဆိုဘဲ ငြိမ်နေမိသည်။

ပြီးမှ –

"ကောင်းတယ် .. ကိုယ့်အဝတ်အစားတွေပါထည့်"

ကြယ်ဖြူ သူ့ကို ဆတ်ခနဲလှည့်ကြည့်မိသည်။

ပိုင်ညှက ဆက်ပြောလာသည်။

"ကိုယ်တို့ ဒီမှာ မနေတော့ဘူး။ သူတို့ကြောင့်ကိုယ်တို့တကယ် ကွဲသွားလိမ့်မယ်၊ လောလောဆယ်ကြယ်ဖြူ့ဒေါ်လေးဆီ သွားမယ်၊ ပြီးမှ အိမ်ပြန်ရှာတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့"

သူ့စကားတွေကို မယုံမရဲနှင့် နားစွင့်နေမိသည်။

"ကြာလေ ကြာလေ သံသယက ဗိုနိုင်မာလေ' ပြောပြီးပြီပဲ ရွှေကြာ့ကို မချစ်တော့ဘူးဆိုတာ"

ပိုင်ညက သက်ပြင်းတချချနှင့် . . .

"အထင်မလွဲပါနဲ့ ကြယ်ဖြူရယ်"

ကြယ်ဖြူ ကိုယ်လေး ဆတ်ခနဲ တုန်သွား၏။

အကြားချင်ဆုံးသော စကား . . ။

အလိုချင်ဆုံးသော အရာ . . .။

မမျှော်လင့်ဘဲ ကြားခွင့်ရတော့ စိတ်မထိန်းနိုင်ဘဲ အင့်ခနဲ ရှိုက်ငိုမိသည်။

ပြီးမှ ပိုင်ညဆီပြေးသွားကာ သူ့ရင်ခွင်ထဲ တိုးဝင်မိသည်။

ပိုင်ညရယ် . . .။

တစ်ဦးကို တစ်ဦး တင်းကြပ်စွာ ဖက်တွယ်ထား



မိတော့သည်။

ဘယ်သူကြောင့်မှ အဝေးမခံနိုင်ပါ။

နှစ်ယောက်ကမ္ဘာလေးကိုလည်း ဘာကြောင့်မှ ဖြိုကွဲမခံနိုင်တော့ပါ။

စစ်မှန်သော ရင်ခုန်သံတို့ဖြင့် နှလုံးသား ကိုယ်စီမှာ ခုန်ပေါက်မြူးတူးနေခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"အောင်မြင်ပြီကွ"

လက်နှစ်ဘက်ကို မြှောက်ပြီး လက်ဝါးချင်း ဖြန်းခနဲ ရိုက်မိကြတာက နေရှင်နှင့် ပန်းရွှေကြာပါ။

"မခံချင်စိတ်နဲ့ မာနကြောင့် လက်ထပ်ဖြစ်မှပေမယ့် သူတို့တကယ်ချစ်သွားကြပြီ။ ကိုယ်တို့ကြောင့် ကွဲမှာစိုးလို့ ပြောင်းတောင်ပြေးပြီ"

"ဟုတ်ပါရဲ့"

နေရှင့်စကားကို ပန်းရွှေကြာက ခေါင်းညိတ်ပြီး တခစ်ခစ်ရယ်ရင်းမှ နေရှင့်လည်ပင်းကို သိုင်းဖက်လိုက်သည်။

နေရှင်က ပန်းရွှေကြာကို ခါးကလေးမှ သိုင်းပွေ့ကာ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကာ တစ်ပတ်နှစ်ပတ် လည်အောင် မွှေ့ယမ်းပစ်လိုက်သည်။

သူတို့ရင်မှာ ပေါ့ပါး လန်းဆန်းသွား၏။

အပျော်နှင့် ရယ်နေမိကြသည်။

ခုမှပဲ အပြစ်ကင်းစင်သွားသလို ထင်မိတော့သည်။

မှားခဲ့တာတွေအတွက် —

လွန်ခဲ့တာတွေအတွက် ပိုင်ညနှင့် ကြယ်ဖြူ ခွင့်လွှတ်ပေးနိုင်တော့မှာပါ။

သူတို့ ရင်မှာ ဒဏ်ရာ မရှိတော့ပြီ။

ဆုလေးနွယ်(ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com